ဥပဒေမဲ့ သတ်ဖြတ်မှု

# ကိုပါကြီး သေဆုံးမှုသည် မြန်မာနိုင်ငံတွင် တရားမျှတမှု ရရှိရေးအတွက် ဟန့်တားနေသည့် အတားအဆီးများအား မီးမောင်းထိုးပြလျက်ရှိ

ဧပြီလ ၂၀၂၀



International Commission of Jurists

၁၉၅၂တွင် တည်ထောင်ခဲ့ပြီး ကမ္ဘာ့တိုက်ကြီး ငါးတိုက်တွင် တက်ကြွစွာ ဆောင်ရွက်လုပ်ကိုင်လျက်ရှိသည့် အပြည်ပြည်ဆိုင်ရာ ဥပဒေပညာရှင်များကော်မရှင် (ICJ) အနေဖြင့် နိုင်ငံတကာ လူ့အခွင့်အရေးဥပဒေနှင့် နိုင်ငံတကာ လူသားချင်းစာနာမှုဥပဒေကို စဉ်ဆက်မပြတ် တိုးတက်ကောင်းမွန်စေပြီး ထိထိရောက်ရောက် အကောင်အထည်ဖော်ရန် ရည်ရွယ်ချက်အပါအဝင် နိုင်ငံသား၊ နိုင်ငံရေး၊ ယဉ်ကျေးမှု၊ စီးပွားရေးနှင့် လူမှုရေး ဆိုင်ရာ အခွင့်အရေးများကို သေချာစွာ အကောင်အထည်ဖော်ရန်၊ အာဏာခွဲဝေပိုင်းခြား ကျင့်သုံးမှုကို အကာ အကွယ်ပေးရန်နှင့် တရားစီရင်ရေးနှင့် ဥပဒေရေးရာ အသက်မွေးဝမ်းကျောင်းမှုတို့၏ လွတ်လပ်မှုကို အာမခံချက် ပေးနိုင်ရန် ရည်ရွယ်ပါသည်။ ICJ သည် ၂၀၁၄ ခုနှစ် အစောပိုင်းမှ စ၍ မြန်မာနိုင်ငံတွင် စဉ်ဆက်မပြတ် တည်ရှိနေခဲ့ပြီး လွန်ခဲ့သော အနှစ် ၅၀ ကျော်မှစတင်ကာ တရားစီရင်ရေးစနစ်၏ အခြေအနေများကို ပထမဦးဆုံး စောင့်ကြည့်လေ့လာခဲ့သည်။ အိုင်စီဂျေ၏ မြန်မာနိုင်ငံဆိုင်ရာလုပ်ငန်းမှတ်တမ်းများနှင့် သက်ဆိုင်ရာ အစီရင်ခံစာ ကို အောက်ပါ https://www.icj.org/country/asia-pacific/southeast-asia/myanmar/ တွင် ဝင်ရောက် ရယူနိုင်သည်။

အိုင်စီဂျေ၏ ဥပဒေအကြံပေး Sean Bain နှင့် ပညာရှင် Andy Ianuzzi တို့မှ ဤ အစီရင်ခံစာကို အိုင်စီဂျေ၏ ဥပဒေ သုတေသီ ဂျာဆိုင်းအိန် နှင့် ဥပဒေ အကြံပေး နင်းဝင်းအောင်တို့၏ သုတေသနပိုင်းဆိုင်ရာ ပံ့ပိုးမှုတို့ဖြင့် ရေးသားခဲ့သည်။ အိုင်စီဂျေ၏ အာရှပစိဖိတ် ဒါရိုက်တာ Frederick Rawski နှင့် အိုင်စီဂျေ၏ ကမ္ဘာလုံးဆိုင်ရာ တာဝန်ခံမှုရရှိရေးအတွက် ကြိုးပမ်းအားထုတ်မှုဆိုင်ရာ ညှိနှိုင်းရေးမှူး Kingsley Abbott သည် ဥပဒေပိုင်းဆိုင်ရာ အတွက် ပြန်လည်သုံးသပ်တည်းဖြတ်ပေးသည်။ စာရေးသူများမှ ဤအစီရင်ခံစာ ဖြစ်မြောက်ရေး နှင့် ပုံနှိပ် ထုတ်ဝေ နိုင်ဖို့ရန်အတွက် လူအများအပြားထံမှ ရရှိသည့် အကြံဉာဏ်များ၊ အထောက်အပံ့ နှင့် သတင်း အချက်အလက်များ အတွက် အထူးကျေးဇူးတင်ရှိပါသည်။

® ဥပဒေမဲ့သတ်ဖြတ်မှု - ကိုပါကြီး သေဆုံးမှုသည် မြန်မာနိုင်ငံတွင် တရားမျှတမှုရရှိရေးအတွက် ဟန့်တားနေသည့် အတားအဆီးများအား မီးမောင်းထိုးပြလျက်ရှိ
© မူပိုင်ခွင့် အပြည်ပြည်ဆိုင်ရာ ဥပဒေပညာရှင်များ ကော်မရှင်

၂၀၂၀ ဧပြီလတွင် ဖင်လန်နိုင်ငံခြားရေး ဝန်ကြီးဌာန၏ ပံ့ပိုးကူညီမှုဖြင့် ပုံနှိပ်ထုတ်ဝေသည်။

Ulkoministeriö
Utrikesministeriet
Ministry for Foreign
Affairs of Finland

ဤအစီရင်ခံစာကို အိုင်စီဂျေ၏ ကမ္ဘာလုံးဆိုင်ရာ တာဝန်ခံမှုရှိရေးအတွက် ကြိုးပမ်းအားထုတ်မှု၏ (https://www.icj.org/themes/accountability/) အစိတ်အပိုင်းတစ်ခုအနေဖြင့် ထုတ်ဝေခြင်းဖြစ်သည်။ ICJ ၏ ရေးသားထုတ်ဝေမှုများမှ ထုတ်နုတ်ဖော်ပြချက်များကို ဖြန့်ဝေမည်ဆိုပါက ထိုသို့ ပြုလုပ်မှုအတွက် အသိအမှတ်ပြုပေးရမည် ဖြစ်ပြီး ၎င်းကောက်နုတ်ချက်ပါသည့် ထုတ်ဝေမှု မိတ္တူတစ်စုံကို ကျွန်ုပ်တို့၏ ရုံးချုပ် သို့ အောက်ပါ လိပ်စာအတိုင်း ပေးပို့ရပါမည်။

International Commission of Jurists
P.O. Box 91 Rue des Bains 33
Geneva
Switzerland

# ဥပဒေမဲ့ သတ်ဖြတ်မှု

ကိုပါကြီး သေဆုံးမှုသည် မြန်မာနိုင်ငံတွင် တရားမျှတမှု ရရှိရေးအတွက် ဟန့်တားနေသည့် အတားအဆီးများအား မီးမောင်းထိုးပြလျက်ရှိ

ဧပြီလ ၂၀၂၀

" *အပြစ်ပေးအရေးယူခြင်းမခံရသောကြောင့် စစ်တပ်မှ ရာဇဝတ်မှုများ ဆက်လက် ကျူးလွန်နေသည်ကို ကျွန်တော်တို့ မြင်သာအောင်ပြသရပါမယ်။ အချိန်ကာလအားဖြင့် ကြာမြင့်နေပြီဆိုပေမဲ့လည်း ကျွန်တော်တို့ ကိုပါကြီးကို မမေ့နိုင်သေးပါဘူး။ သူရဲ့ သေဆုံးမှုအတွက် တရားမျှတမှုရရှိရေးသည် အရေးတကြီးကျန်ရှိနေပါသေးသည်။"*
*ကိုစိုးရ၊ လွတ်လပ်သော ဂျာနယ်လစ်၊ ရန်ကုန်၊ အောက်တိုဘာ ၂၀၁၉*



ရန်ကုန်တွင် ကိုပါကြီး၏ အသုဘအခမ်းအနားတွင် အသုဘလိုက်ပို့သူများအား တွေ့ရစဉ်
( သတင်းအရင်းအမြစ် - ဟိန်းထက်၊ မဇ္ဈိမ)

မာတိကာများ

၁။ နိဒါန်း ........................................၇
၁.၁။ ကိုပါကြီး ........................................၇
၁.၂။ အနှစ်ချုပ် နှင့် အဓိကအကြံပြုချက်များ ........................................၁၀
၁.၃။ ပြုစုပုံနည်းလမ်း ........................................၁၁
၁.၄။ အတိုကောက်များ ........................................၁၃

၂။ နောက်ခံအကြောင်းအရာ- မြန်မာနိုင်ငံ၌ ဥပဒေမဲ့ သတ်ဖြတ်ခြင်းများကို စုံစမ်းစစ်ဆေးခြင်း ........................................၁၄
၂.၁။ နိုင်ငံတကာ ဥပဒေ နှင့် စံနှုန်းများ ........................................၁၄
၂.၂။ ပြည်တွင်း ဥပဒေများ ........................................၁၆
၂.၃။ စုံစမ်းစစ်ဆေး ဆောင်ရွက်ခြင်းများ ........................................၁၉
၂.၄။ ဖမ်းဆီးထိန်းသိမ်းထားခြင်းနှင့် ရှေ့နေငှားရမ်းပိုင်ခွင့် ........................................၂၁

၃။ ကိုပါကြီးအား ဖမ်းဆီးခြင်း၊ ပျောက်ဆုံးခြင်း နှင့် သေဆုံးခြင်း ........................................၂၃
၃.၁။ ဖမ်းဆီးခြင်းနှင့် ပျောက်ဆုံးခြင်း ........................................၂၃
၃.၂။ သတ်ဖြတ်မှုအား ထုတ်ဖော်ခြင်း ........................................၂၆
၃.၃။ စစ်ဆေးရန် အလောင်းအား ပြန်ဖော်ခြင်း၊ ခွဲစိတ်စစ်ဆေးခြင်းနှင့် ပြန်လည်သဂြိုဟ်ခြင်း ........................................၂၇

၄။ ကိုပါကြီး အသတ်ခံရမှုအား စုံစမ်းစစ်ဆေးခြင်းများ ........................................၃၁
၄.၁။ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်၏ စုံစမ်းစစ်ဆေးမှု ........................................၃၁
၄.၂။ စစ်ဘက်တရားရုံး၌ အမှုစစ်ဆေးစီရင်ခြင်းများ ........................................၃၅
၄.၃။ ကျိုက်မရော မြို့နယ်တရားရုံး၌ သေမှုသေခင်း စစ်မေးခြင်း ........................................၃၇
၄.၄။ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှ စုံစမ်းစစ်ဆေးခြင်းများ ........................................၃၉
၄.၅။ ဗဟိုတရားရုံး သနားခံလွှာ ........................................၄၁

၅။ တွေ့ရှိချက်များနှင့် အကြံပြုချက်များ ........................................၄၃
၅.၁။ ပြည်တွင်းဥပဒေများသည် ဆိုးရွားသော လူ့အခွင့်အရေး ချိုးဖောက်မှုများအတွက် ပြစ်ဒဏ်ပေးခံရခြင်းမှ ကင်းလွတ်စေသည်။ ........................................၄၃
၅.၂။ စုံစမ်းစစ်ဆေးမှုများသည် နိုင်ငံတကာ ဥပဒေနှင့်စံနှုန်းများကို ပြည့်မီရန် ပျက်ကွက်ခြင်း ........................................၄၆
၅.၃။ နစ်နာသူများနှင့် ၎င်းတို့၏မိသားစုဝင်များ၏ အခွင့်အရေးများကို ထည့်သွင်းစဉ်းစားပေးမှု မရှိသလောက် ရှားသည် ........................................၄၇
၅.၄။ အကြံပြုချက် အနှစ်ချုပ် ........................................၄၉

၆။ နောက်ဆက်တွဲများ ........................................၅၁
၆.၁။ အခရာကျသော ဖြစ်ရပ်များအား ကာလအလိုက်စဉ်ခြင်း ........................................၅၁
၆.၂။ မြန်မာနိုင်ငံမှ ချုပ်ဆိုခဲ့သော နိုင်ငံတကာ လူ့အခွင့်အရေး စာချုပ်များ နှင့် အလုပ်သမားရေးရာ သဘောတူညီချက်များ (အောက်တိုဘာလ ၂၀၁၉) ........................................၅၃



ခင်ပွန်း၏ ဓာတ်ပုံများအကြားက ဒေါ်သန္တာ ( သတင်းအရင်းအမြစ် -ဧရာဝတီ)

## ၁။ နိဒါန်း

### ၁.၁။ ကိုပါကြီး

၁၉၆၅ခုနှစ်တွင် မွေးဖွားခဲ့ပြီး ကိုပါကြီးဟုလူသိများသော အောင်ကျော်နိုင်မှာ အလွတ်တန်း သတင်းထောက် နှင့် ဓာတ်ပုံဆရာတစ်ဦးဖြစ်ကာ ၎င်း၏ အမည်ကို The voice နှင့် Eleven Media အပါအဝင် သတင်းဂျာနယ်တွင် ဖော်ပြခြင်းခံရသူဖြစ်သည်။ ကိုပါကြီးသည် အထူးသဖြင့် အရှေ့တောင်ခြမ်းရှိ မြန်မာစစ်တပ် ( တပ်မတော်) နှင့် အစိုးရမဟုတ်သည့် လက်နက်ကိုင်အုပ်စုများ အကြားရှိ ပဋိပက္ခသတင်းများကို ပင်တိုင်ဖော်ပြခဲ့သောသူဖြစ်သည်။

ကိုပါကြီးသည် သတင်းထောက်တစ်ဦးမဖြစ်လာမီကပင် တက်ကြွလှုပ်ရှားသူတစ်ဦးဖြစ်ခဲ့ပါသည်။ " ၈၈ မျိုးဆက်"မှ အဖွဲ့ဝင်တစ်ဦးဖြစ်ကာ သုံးရောင်စုံကျောင်းသား အုပ်စုတွင်လည်း တစ်စိတ်တစ်ဒေသ ပါဝင်ခဲ့သူ တစ်ဦး ဖြစ်ပါသည်။ သူသည် ၁၉၈၈ခုနှစ် လူထုအုံကြွမှုတွင်လည်း ပါဝင်ခဲ့သည်။ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါတီဝင်တစ်ဦး အနေဖြင့် ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်၏ သက်တော်စောင့်အဖြစ်လည်း ကာလအတန်ကြာ တာဝန် ထမ်းဆောင်ခဲ့ဖူးသူ တစ်ဦးဖြစ်သည်။

ထိုင်းနိုင်ငံရှိ မြန်မာနိုင်ငံမှ ကရင်ဒုက္ခသည်များ၏ အခြေအနေကို ဖော်ပြကာ သူ၏ မီဒီယာလောက လမ်းကြောင်းကို ၂၀၁၀ ခုနှစ်ခန့်တွင် စတင်ခဲ့သည်။ သူကိုယ်တိုင်လည်း ၁၉၈၈ ခုနှစ် ဒီမိုကရေစီအရေးတော်ပုံကြီး အပြီးတွင် ထိုင်းနိုင်ငံ၌ နိုင်ငံရေး ခိုလှုံခဲ့ပါသည်။ ကိုပါကြီးသည် ၁၉၈၉ ခုနှစ်တွင် ဒီမိုကရေစီအရေး တက်ကြွလှုပ်ရှားသူ ဖြစ်သော ဒေါ်သန္တာကို လက်ထပ်ခဲ့သည်။ သူမသည် နောက်ပိုင်းတွင် နိုင်ငံရေး အကျဉ်းသားအဖြစ် ထောင်ထဲ၌ လေးနှစ်ကျော်နေခဲ့ပြီး ၂၀၁၅ ခုနှစ် နိုဝင်ဘာလတွင် NLD လွှတ်တော် အမတ်အဖြစ် ရွေးကောက် တင်မြှောက် ခြင်းခံခဲ့ရသည်။ သူတို့ နှစ်ဦးမှ စုပြည့်နိုင် ဟုခေါ်သော သမီးတစ်ယောက် ထွန်းကားခဲ့သည်။ ၂၀၁၄ခုနှစ် အောက်တိုဘာလ ၄ ရက် သူမ၏ ဖခင်အသတ်ခံရသည့် အချိန်တွင် တက္ကသိုလ်ကျောင်းသူတစ်ဦး ဖြစ်ပါသည်။

ကိုပါကြီးသည် သမီးဖြစ်သူ၏ ဘွဲ့နှင်းသဘင်အခမ်းအနားသို့ တက်ရောက်ရန် ထိုင်းနိုင်ငံချင်းမိုင်မြို့သို့အသွားတွင် မြန်မာနိုင်ငံ၏ အရှေ့တောင်ပိုင်း မွန်ပြည်နယ် ရဲတပ်ဖွဲ့မှ ကိုပါကြီးအား ဖမ်းဆီးခဲ့သည်။ မြန်မာစစ်တပ် (တပ်မတော်) နှင့် အစိုးရမဟုတ်သောလက်နက်ကိုင်အဖွဲ့ဖြစ်သည့် ဒီမိုကရေစီအကျိုးပြု ကရင်အမျိုးသား တပ်မတော် (DKBA) အကြား စစ်မက်ဖြစ်ပွားမှုများကို တောက်လျှောက် သတင်းရေးသား ဖော်ပြပေးနေခဲ့ပါသည်။ ကိုပါကြီးသည် စစ်တပ်၏ထိန်းချုပ်မှုအောက်သို့ လွှဲပြောင်းပြီးချိန်တွင် ထိန်းသိမ်း စစ်ဆေးမေးမြန်းခြင်းခံရပြီး နှိပ်စက်ညှင်းပန်းခံခဲ့ရနိုင်ခြေရှိပါသည်။ချုပ်နှောင်ခံရသည့် ငါးရက်မြောက်သည့်နေ့တွင် သေဆုံးခဲ့ပြီး စစ်သားများ ကသူ၏အလောင်းအား ခပ်တိမ်တိမ်သာတူးထားသော သင်္ချိုင်းမြေပုံတွင် အသုဘအခမ်းအနား ပြုလုပ်ခြင်း မရှိ မရှိပဲမြှုပ်နှံခဲ့ကြသည်။ ၎င်းအားသတ်ဖြတ်မှု နှင့် ပတ်သက်၍ ရက်ပေါင်း ၂၀ တိုင်အောင် မိသားစုဝင်များ နှင့် ပြည်သူလူထုများအား အသိမပေးပဲ ဖုံးကွယ်ထားခဲ့သည်။ နောက်ဆုံးတွင် ၎င်း၏ အလောင်း အားပြန်လည် တူးဖော် ရရှိကာ ရန်ကုန်မြို့တွင် ကောင်းမွန်စွာ ပြန်လည် သဂြိုလ်ခဲ့သည်။

ကိုပါကြီး၏ ကြမ္မာဖြစ်ရပ်ကို မဖော်ထုတ်မီတွင် ကိုပါကြီး မည်သည့်နေရာသို့ ရောက်နေကြောင်း ဖော်ထုတ် ပေးရန် အစိုးရအပေါ် ဖိအားများ တိုးပွားလာခဲ့သည်။ဒေါ်သန္တာသည် ပျောက်ဆုံးမှုနှင့် စပ်လျဉ်းသည့် သတင်းစာရှင်းလင်းပွဲ တစ်ခုကို ပြုလုပ်ခဲ့ပါသည်။ မြန်မာနိုင်ငံ၏မြို့တော် နေပြည်တော်တွင် ပထမဆုံးအကြိမ် အဖြစ် ကျင်းပခဲ့သည့် အရှေ့တောင်အာရှနိုင်ငံ (အာဆီယံ)များဆိုင်ရာ ထိပ်သီးတွေ့ဆုံပွဲမတိုင်မီတွင်လည်း ဒေသတွင်း နှင့် ကမ္ဘာ့ ခေါင်းဆောင်များမှ ကြားဝင်ဆောင်ရွက် ပေးခဲ့ကြသည်။ ရက်သတ္တပတ်များစွာအကြာတွင် တပ်မတော်သည် ကိုပါကြီးသည် ဘေးကင်းလွတ်မြောက်ရန် ကြိုးပမ်းရာတွင် အသတ်ခံရကြောင်း နှင့် ၎င်းသေဆုံးမှု အတွက် ကိုပါကြီးတွင်သာ အပြစ်ရှိကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။ ၎င်းကြေညာချက်တွင် ကိုပါကြီးသည် DKBA ၏ အဖွဲ့ဝင်တစ်ဦးဖြစ်ပြီး ဂျာနယ်လစ်တစ်ဦးအနေဖြင့် တိုက်ပွဲအကြောင်းများကို တင်ပြခြင်း မဟုတ်ဘဲ စစ်မက် ဖြစ်ပွားရာတွင်လည်း ပါဝင်သူအသွင်ဖြင့် ဖော်ပြခဲ့ပါသည်။

ဖြစ်ရပ်များကို ဤသို့တင်ပြထားပုံသည် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေး ကော်မရှင် (MNHRC)အတွက် မယုံသင်္ကာ ဖြစ်စေခဲ့သည်။ ကော်မရှင်၏ စုံစမ်းစစ်ဆေးတွေ့ရှိချက် အစီရင်ခံစာတွင် ကိုပါကြီးသည် သတင်းထောက် တစ်ဦးအဖြစ် လုပ်ကိုင်နေသည်ကို ဖော်ပြခဲ့သည်။ သို့သော် ထင်သာမြင်သာသော ညှဉ်းပန်း နှိပ်စက်ချက်များနှင့် လူသားမဆန် ပြုမူဆက်ဆံခဲ့သည့် လက္ခဏာများ အပါအဝင် ကိုပါကြီးသေဆုံးရခြင်း၏ ဖြစ်ကြောင်း ဖြစ်စဉ်အား

စိတ်ကျေနပ်လောက်သော ဖြေရှင်းချက်ပေးရန် ပျက်ကွက်ခဲ့သည်။ အရပ်ဘက် တရားရုံးတွင် တရားစွဲဆိုမှု တစ်ခုပြုလုပ်နိုင်ရန် ရဲတပ်ဖွဲ့မှ အပြည့်အဝစုံစမ်းစစ်ဆေးပေးရေး ဟူသည့် ၎င်းတို့၏ အကြံပြုချက်သည် လည်း မည်သောအခါမှ အကောင်အထည်မပေါ်လာခဲ့ပါ။

အခြား များစွာသော စုံစမ်းစစ်ဆေးမှုများသည် ဖြစ်ပျက်ခဲ့သည့်အမှန်တရားနှင့် ကနဦး ဖုံးကွယ်ထားမှုတို့ကို မဖော်ထုတ်နိုင်သည့်အပြင် တာဝန်ခံမှု (သို့မဟုတ်) နစ်နာကြေး ရရှိအောင် မလုပ်ဆောင်နိုင်ခဲ့ပါ။ ရဲတပ်ဖွဲ့မှ စုံစမ်းစစ်ဆေးမှုများကို အချိန်အတိုင်းအတာတစ်ခုထိ ဆက်လက်လုပ်ဆောင်ကာ ကနဦးဖမ်းဆီးခြင်းနှင့် အနီးကပ် ဆုံးနေရာတွင်ရှိသော မြို့နယ်တရားရုံးတွင် သေဆုံးမှုနှင့် ပတ်သက်၍ စုံစမ်းစစ်ဆေးခြင်းအား ပြုလုပ်ခဲ့သည်။ ဤသေမှုသေခင်း စုံစမ်းစစ်ဆေးမှုပြုလုပ်နေစဉ် အခြားတစ်ဖက်မှာလည်း စစ်ဘက်တရားရုံး၏ ကြားနာမှုတွင် သတ်ဖြတ်မှု၌ ပါဝင်ခဲ့သော စစ်သားနှစ်ဦးအား ၎င်းတို့၏ အမှားကျူးလွန်မှုအတွက် ၆လ စော၍ လျှို့ဝှက်စွာ တရားသေလွတ်ပေးခဲ့ကြောင်းကို တပ်မတော်မှ ထုတ်ဖော်ပြောဆိုခဲ့သည်။ စုံစမ်းစစ်ဆေးမှု အရှိန် တဖြည်းဖြည်း မေးမှိန်လာကာ ၂၀၁၆ ခုနှစ် မတ်လတွင် ရဲတပ်ဖွဲ့မှ စုံစမ်းမေးမြန်းခြင်းကို တရားဝင်ရပ်ဆိုင်းခဲ့သည်။ အမှုအားပြန်လည် ဖွင့်ရန်အတွက် ဒေါ်သန္တာ နှင့် သူမ၏ ရှေ့နေ၏ ကြိုးပမ်းမှု မအောင်မြင်ခဲ့ပါ။

ကိုပါကြီး သေဆုံးပြီး ငါးနှစ်ကျော်အကြာတွင် ၎င်းအားဥပဒေမဲ့သတ်ဖြတ်မှုအတွက် မည်သူတစ်ဦး တစ်ယောက် ကိုမျှ တာဝန်ခံစေခြင်းမရှိခဲ့ပါ။ သူ၏သေဆုံးမှုတွင် ပါဝင်သည်ဟု သံသယရှိသော စစ်တပ်သည် မြန်မာနိုင်ငံ တစ်ဝှမ်းရှိ လူ့အခွင့်အရေးချိုးဖောက်မှုများတွင် ဆက်လက်ပါဝင်နေပြီး အစိုးရအနေဖြင့် စစ်သားများမှ ဆိုးရွားသော လူ့အခွင့်အရေး ချိုးဖောက်မှုများအားကျူးလွန်ခြင်းကို အရေးယူခြင်းမှ ကင်းလွတ်ခွင့် ပေးနိုင်သော ဥပဒေများကို ကိုင်တွယ်ဖြေရှင်းနိုင်ခြင်း မရှိသေးပါ။



ကိုပါကြီး၏ အလောင်းအား မွန်ပြည်နယ်ရှိ ခပ်တိမ်တိမ် သင်္ချိုင်းမြေပုံတစ်ခုမှ ပြန်လည်တူးဖော်ရရှိ။
(သတင်းအရင်းအမြစ် - မသိ)

## ၁.၂။ အနှစ်ချုပ် နှင့် အဓိက အကြံပြုချက်များ

မြန်မာနိုင်ငံတွင် အထူးသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များမှ ပါဝင်ပတ်သက်သည့် ဥပဒေမဲ့ သတ်ဖြတ်မှုများ (သို့မဟုတ်) အခြားသော ဆိုးရွားသော လူ့အခွင့်အရေးချိုးဖောက်မှုများအတွက် ပြစ်ဒဏ်ပေးခြင်းကင်းလွတ်နေသည်မှာ အဆန်းတကြယ်မဟုတ်သည့် သာမန်ဖြစ်ရိုးဖြစ်စဉ်တစ်ခုကဲ့သို့ဖြစ်နေသည်။ဤသို့ တာဝန်ခံမှုကင်းမဲ့ခြင်းသည် နိုင်ငံတစ်ဝှမ်းလုံး တရားဥပဒေစိုးမိုးမှုရှိစေရန် နှင့် လူ့အခွင့်အရေးကို ကာကွယ်ရန် ကြိုးစားအားထုတ်နေမှုကို အကြီးအကျယ်ထိခိုက်စေပါသည်။ နိုင်ငံတကာ ဥပဒေအရ နိုင်ငံတိုင်းသည် ဥပဒေမဲ့ သေဆုံးမှု ဖြစ်နိုင်ချေရှိသော အမှုကိစ္စရပ်များအား စုံစမ်းစစ်ဆေးခြင်းနှင့် အရေးယူခြင်းအပါအဝင် နစ်နာသူများကို ကုစားမှုနှင့် နစ်နာကြေးများ ထောက်ပံ့ပေးရန်နှင့် အသက်ရှင်သန်ပိုင်ခွင့်ကို လေးစားလိုက်နာ၊ ထိန်းသိမ်းစောင့်ရှောက်ရန် တာဝန်ရှိသည်။ သို့သော်လည်း မြန်မာနိုင်ငံရှိ များစွာသော စနစ်ပိုင်းဆိုင်ရာ ပြဿနာများကြောင့် ဆယ်စုနှစ်များစွာတိုင်အောင် အာဏာပိုင်များမှ ယခုဖော်ပြပါတာဝန်ဝတ္တရားများနှင့်အညီ လုပ်ငန်းများဆောင်ရွက်ခြင်းကို အဟန့်အတားဖြစ်စေ သည်။

ကိုပါကြီးသတ်ဖြတ်ခံရမှုအပေါ် နိုင်ငံတော်၏တုန့်ပြန်မှုကို အပြည်ပြည်ဆိုင်ရာ ဥပဒေပညာရှင်များကော်မရှင် (အိုင်စီဂျေ)မှ ဤအစီရင်ခံစာတွင် ဆန်းစစ်သုံးသပ်ထားသည်။ ဤအမှုသာမက တစ်ခြားအမှုများတွင်လည်း အလားတူပုံတင်ခတ်မှု ရှိနေသည့် ကိစ္စရပ်များကို ဖော်ထုတ်ထားပြီး ယင်းအလားတူပုံတင်ခတ်မှုများက မြန်မာနိုင်ငံ တွင် တာဝန်ခံမှုနှင့် ကုစားမှုများဖြည့်ဆည်းပေးရာတွင် စိန်ခေါ်မှုအများအပြားရှိနေကြောင်းပြသသည့် သင်္ကေတ ဖြစ်သည်။ ဤအစီရင်ခံစာ၏ ရည်ရွယ်ချက်တွင် နှစ်ပိုင်းရှိသည်။ (က) ကိုပါကြီးနှင့် သူ၏မိသားစုဝင်များအတွက် ယုံကြည်စိတ်ချရသော တရားမျှတမှုဖော်ဆောင်နိုင်ရေးအလို့ငှာ အာဏာပိုင်များအတွက် ရွေးချယ်စရာ နည်းလမ်း များဖော်ထုတ်ရန် (ခ) ဥပဒေမဲ့ သတ်ဖြတ်မှုများအတွက် တာဝန်ခံစေခြင်း နှင့်ကုစားမှုရရှိစေခြင်း အားဖြင့် ချိုးဖောက်မှုများ အတွက် တရားမျှတမှုရရှိစေရန် မြန်မာနိုင်ငံအစိုးရမှ လိုက်နာရမည့် နိုင်ငံတကာဥပဒေ တာဝန် ဝတ္တရားများကို ပြည့်မီဆောင်ရွက်စေဖို့ လိုအပ်သောပြုပြင်ပြောင်းလဲမှုများကို မီးမောင်းထိုးပြရန်ဖြစ် သည်။

ကိုပါကြီးသတ်ဖြတ်ခံရမှုကို ဥပမာပေးပုံဖော်ကာ လေ့လာသုံးသပ်ရာတွင် မြန်မာနိုင်ငံ၌ တရားမျှတမှုရရှိရန် အဓိကအတားအဆီးဖြစ်စေသော အချက်သုံးချက်ကို အိုင်စီဂျေမှ သတ်မှတ်ဖော်ထုတ်ခဲ့သည်။

၁. ပြည်တွင်းဥပဒေများ၏ ပြဋ္ဌာန်းချက်အတော်များများသည် စစ်သားများမှ အရပ်သားများအပေါ် ဆိုးရွားသော လူ့အခွင့်အရေး ချိုးဖောက်မှုများအတွက် အများပြည်သူရှေ့ ပြစ်မှုကြောင်းအရ တရားစွဲဆိုခံရမှုအား ကာကွယ်ပေးခြင်းဖြင့်သော်လည်းကောင်း၊ ချိုးဖောက်ခံရသူများနှင့် ၎င်းတို့၏ မိသားစုများကို ချိုးဖောက်မှုနှင့်ပတ်သက်သော အမှန်တရား မသိရှိအောင် ငြင်းပယ်ခြင်းဖြင့်သော် လည်းကောင်း အပြစ်ပေးခံရမှုမှ ကင်းလွတ်အောင် ပံ့ပိုးဖန်တီးပေးနေသည်။ ၁၉၅၉ တပ်မတော် အက်ဥပဒေပါ ပြဋ္ဌာန်းချက်အချို့ကြောင့်သာမဟုတ်လျှင် တပ်မတော်သည် ကိုပါကြီး လုပ်ကြံ သတ်ဖြတ်ခံရမှုမျိုးတွင် ၎င်းတို့၏ စီရင်ခွင့်ကို ကျင့်သုံးရန်အတွက် ဥပဒေအရခွင့်အာဏာကို မနည်း ပြောဆိုယူရပါလိမ့်မည်။
၂. ဥပဒေမဲ့သတ်ဖြတ်မှုများအား စုံစမ်းစစ်ဆေးရာတွင် အမှန်တရားဖော်ထုတ်ရန်သော်လည်းကောင်း၊ တာဝန်ခံမှုနှင့် ကုစားမှုရရှိစေရန်သော်လည်းကောင်း လိုအပ်သောအမှီအခိုကင်းလွတ်လပ်မှု၊ သမာသမတ်ကျမှုနှင့် ထိရောက်မှုများ လစ်ဟင်းနေလေ့ရှိသည်။ အမှုတစ်မှုတည်းကိုပင် တစ်ပြိုင်နက် တည်း သီးခြားစီ၊ ညှိနှိုင်းမှုမရှိဘဲ စုံစမ်းစစ်ဆေးမှုပြုလုပ်ခြင်းသည် သမာရိုးကျဖြစ်နေ သည်။ ထိုသို့ ဆောင်ရွက်ခြင်းသည် ဆိုးရွားသောလူ့အခွင့်အရေး ချိုးဖောက်မှုများကို နည်းစနစ်မကျ၊ ထိရောက် ကျေနပ်နစ်သိမ့်နိုင်မှုမရှိသော ချဉ်းကပ်နည်းကို ဖြစ်ပေါ် စေလေသည်။
၃. ချိုးဖောက်မှုများ၊ တာဝန်ခံမှုဖြစ်စဉ်များနှင့် ပတ်သက်သည့် သတင်းအချက်အလက်များကို ရယူ ပိုင်ခွင့် နှင့် ကုစားမှုများ၊ လျော်ကြေးများရယူပိုင်ခွင့်အပါအဝင် ကျူးလွန်ခံရသူများနှင့် ၎င်းတို့၏ မိသားစုဝင်များ၏ အခွင့်အရေးများကို လေးစားမှု မရှိသလောက်ရှားသည်။

ငြိမ်းချမ်းရေးနှင့် တရားမျှတမှုရရှိစေရန်သော်လည်းကောင်း၊ လူ့အခွင့်အရေးများအား ကာကွယ်လေးစားရန် အတွက် နိုင်ငံတော်မှ နိုင်ငံတကာဥပဒေတာဝန်ဝတ္တရားများကို လိုက်နာပြည့်မီစေရန်သော်လည်းကောင်း လူ့အခွင့်အရေး ချိုးဖောက်မှုများ ထပ်ခါတလဲလဲဖြစ်ပွားခြင်းကို ဟန့်တားရန်အတွက် သင်္ကေတဖြစ်နေသော စိန်ခေါ်မှုများကို ဖြေရှင်းခြင်းသည် လွန်စွာမှအရေးကြီးသည်။ ဤအစီရင်ခံစာတွင် တင်ပြထားသော အကြံပြုချက် များသည် အာဏာပိုင်များ အနေဖြင့် ၎င်းတို့၏ နိုင်ငံတကာ ဥပဒေတာဝန်ဝတ္တရားများကို ဖြည့်ဆည်းနိုင်ရေး အတွက်

အခြေအမြစ်တစ်ခုဖြစ်ပြီး ဥပဒေနှင့် လုံးဝမညီဘဲ ကိုပါကြီးအား သတ်ဖြတ်မှုအတွက် တရားမျှတမှု ရှိစေရန်နှင့် တာဝန်ခံမှု၊ ကုစားမှုတို့ကို ပေးရာတွင် ကြုံတွေ့ရသည့် ကြီးမားကျယ်ပြောသော စိန်ခေါ်မှုများကို ဖြေရှင်းရန် အတွက်လည်း အကြောင်းရင်းဖြစ်စေပါသည်။

အိုင်စီဂျေ၏ အဓိကအကြံပြုချက်များမှာ

- မြန်မာနိုင်ငံရဲတပ်ဖွဲ့ထံသို့ - ကိုပါကြီးသေဆုံးမှုနှင့်စပ်လျဉ်း၍ ပြစ်မှုကျူးလွန်သူများကို ဖော်ထုတ်၊ တရားစွဲဆိုနိုင်ရန်အလို့ငှာ ညှဉ်းပမ်းနှိပ်စက်ခံရသည့် လက္ခဏာ (သို့မဟုတ်) လူသားမဆန် ပြုမူခံထားရသည့်လက္ခဏာများကို စုံစမ်းစစ်ဆေးခြင်းအပါအဝင် ယခုချိန်ထိ မှန်မှန်ကန်ကန်လုပ်ဆောင်ခြင်း မရှိသေးသည့် စုံစမ်းမေးမြန်းမှုများကို အစိုးရရှေ့နေများနှင့် ညှိနှိုင်းပူးပေါင်း၍ နိုင်ငံတကာဆိုင်ရာဥပဒေ၊ စံနှုန်းများနှင့်အညီ ဆက်လက်လုပ်ဆောင်နိုင်ရန်အတွက် အမှုပြန်လည် ဖွင့်ပေးရန်။
- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် လွှမ်းမိုးမှုရှိသည့် ဥပဒေပြုလွှတ်တော်ထံသို့ - စစ်သားများ ကျူးလွန်သည့် ဆိုးရွားသော လူ့အခွင့်အရေးချိုးဖောက်မှုများကို အရပ်ဘက်တရားရုံးများ၌သာ အမှန်တကယ် တရားစွဲဆိုနိုင်စေရန်နှင့် နိုင်ငံတကာဥပဒေ၊ စံနှုန်းများနှင့် အညီဖြစ်စေရန် ၁၉၅၉ တပ်မတော်အက် ဥပဒေကို ဖျက်သိမ်းပေးရန် (သို့မဟုတ်) ပြင်ဆင်ပေးရန်။ အမှုစစ်ဆေးကြားနာမှုများသည် အမှီအခိုကင်း၊ လွတ်လပ်မှုရှိပြီး သမာသမတ်ကျကာ မျှတသော တရားစီရင်ခွင့်များ ဆိုင်ရာ နိုင်ငံတကာ စံနှုန်းများနှင့် အညီကျင့်သုံးသည့် စီရင်ခွင့်ရှိ တရားရုံးများက အမှုစစ်ဆေးကြားနာကြောင်း ယင်းဥပဒေက အာမခံသင့်သည်။
- စုံစမ်းစစ်ဆေးမှုပြုလုပ်သော အာဏာပိုင်များအားလုံးထံသို့ - နစ်နာသူများနှင့် ၎င်းတို့၏မိသားစုဝင်များ၏ အခွင့်အရေးဖြစ်သော စုံစမ်းစစ်ဆေးမှု၌ ပါဝင်ပတ်သက်ခွင့်နှင့် ယင်းတိုးတက် ဖြစ်ပေါ်မှုအခြေအနေများ သိရှိပိုင်ခွင့်တို့ကို လေးစားလိုက်နာရန် လုပ်ထုံးလုပ်နည်းများနှင့် ကျင့်သုံးမှုများကို ပြုပြင်ပြောင်းလဲပါ။ ၎င်းတို့၏ အခွင့်အရေးများကို လေးစားလိုက်နာရာ၌ ထိပါးနှောင့်ယှက်မှု သို့မဟုတ် လူသားမဆန် ပြုမူမှု တစ်စုံတစ်ရာ မခံရလေအောင် ၎င်းတို့အား အကာအကွယ်ပေးခြင်းလည်း ပါဝင်ပါသည်။

## ၁.၃။ ပြုစုပုံနည်းလမ်း

၂၀၁၈ နှင့် ၂၀၁၉ ခုနှစ်အတွင်း လပေါင်းများစွာကြာ မြန်မာနိုင်ငံအခြေစိုက် အိုင်စီဂျေ၏ ဥပဒေပိုင်းဆိုင်ရာ အဖွဲ့မှ အကြံပေးတစ်ဦး နှင့် အတူပူးပေါင်းကာ ကိုပါကြီး သေဆုံး မှု နှင့် ပတ်သက်၍ ရရှိနိုင်သည့် အများပြည်သူဆိုင်ရာ မှတ်တမ်းများကို ပြန်လည်သုံးသပ်ခဲ့သည်။ အမှုနှင့် ပတ်သက်စပ်နွယ်သောသူ အယောက်ချင်းစီတိုင်းအား တွေ့ဆုံမေးမြန်းခဲ့ကာ ယခင်က မရရှိနိုင်သော သတင်းအချက်အလက်နှင့် စာရွက်စာတမ်းများကို ရရှိရန် ကြိုးပမ်းခဲ့သည်။ ဤအစီရင်ခံစာ၏ ကန့်သတ်ချက်တစ်ခုမှာ အာဏာပိုင်များထံမှ အချက်အလက်များရယူရန် နှင့် ရှင်းလင်းချက်များတောင်းခံယူရန် အိုင်စီဂျေဘက်မှ အာဏာပိုင်များထံ ဆက်သွယ်ပြောဆိုမှုများသည် နောက်ထပ်သတင်းအချက်အလက် အနည်းငယ်ကို ရရှိစေခဲ့သည်။ သို့သော်လည်း အိုင်စီဂျေအနေဖြင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အရာရှိများထံ အမှုကိစ္စနှင့် ပတ်သက်၍ ထုတ်ဖော်တင်ပြခွင့်ရရှိစေသောကြာင့် ကျေးဇူးတင်သည်။ မိသားစုဝင်များ နှင့် ကိုပါကြီး၏ အပေါင်းအပါ (သို့မဟုတ်) သူငယ်ချင်းများ၏ ဝေမျှမှုအတွက် လည်း အထူးကျေးဇူးတင်ရှိပါသည်။

ဤအစီရင်ခံစာသည် ရရှိသောသတင်းအချက်အလက်များအပေါ် အခြေခံကာ ဖြစ်ပျက်မှုအကြောင်းအရာ ဖော်ပြချက်များနှင့် နိုင်ငံတော်၏တုန့်ပြန်မှုအပေါ် လုပ်ထုံးလုပ်နည်းဆိုင်ရာ အကဲဖြတ်၊ဆန်းစစ်ချက်များကိုသာ ကွက်၍ဖော်ပြထားသည်။ အစီရင်ခံစာပါ ဖြစ်ရပ်ဆိုင်ရာ အခိုင်အမာပြောဆိုချက်များ နှင့် စွပ်စွဲချက်များအားလုံး သည် အိုင်စီဂျေအနေဖြင့် ယုံကြည်စိတ်ချရပြီး ခိုင်လုံမှုရှိသော သတင်းအရင်းအမြစ်များအပေါ်တွင် အခြေခံ ထားသည်။

ရှင်းလင်းပြတ်သား၍ ကျစ်လစ်မှုရှိစေရန်အတွက် ဤအမှု၏ ရှုပ်ထွေးလှသည့် အသေးစိတ်အချက်အလက်များကို ဤအစီရင်ခံစာ၌ မဖော်ပြထားပါ။ ဥပဒေနှင့် အချက်အလက်များကို ၂၀၂၀ခုနှစ် မတ်လ တစ်ရက်နေ့တွင် ဖော်ပြထားသည့်အတိုင်း သုံးသပ်ထားပါသည်။

အသက်ရှင်ပိုင်သန့်ပိုင်ခွင့်ကို ကာကွယ်ရန်အတွက် နိုင်ငံတော်များမှ နိုင်ငံတကာဆိုင်ရာ ဥပဒေ၏ တာဝန်ဝတ္တရား များကို လိုက်နာဆောင်ရွက်ရန် အခက်အခဲဖြစ်စေသော အတားအဆီးများ နှင့် အခွင့်အလမ်းများကို သတ်မှတ် ဖော်ထုတ်ရန်အတွက် ကမ္ဘာလုံးဆိုင်ရာ အစီရင်ခံစာများ၏ အစိတ်အပိုင်းတစ်ခုအနေဖြင့် ၂၀၁၈ခုနှစ်တွင်

ထုတ်ဝေခဲ့သော "မြန်မာနိုင်ငံတွင် ဆိုးရွားသော လူ့အခွင့်အရေးချိုးဖောက်မှုများအတွက် တရားမျှတမှု ရယူခြင်း "အမည်ရှိ အစီရင်ခံစာအပါအဝင် ဤအစီရင်ခံစာကိုလည်း အိုင်စီဂျေ၏ သုတေသနအချက်အလက် နှင့် ခွဲခြမ်းစိတ်ဖြာမှု အပေါ်တွင်အခြေခံထားသည်။ [1] ဤအစီရင်ခံစာကို အိုင်စီဂျေ၏ ကမ္ဘာလုံးဆိုင်ရာတာဝန်ခံမှု ရရှိရေးအတွက် ကြိုးပမ်းအားထုတ်မှု၏ တစ်စိတ်တစ်ပိုင်းအဖြစ် ထုတ်ဝေခဲ့သည်။ အလားတူ ဖြစ်ရပ်လေ့လာ မှုများကို လာအို၊ ပီဒီအာ (PDR)၊ နီပေါ နှင့် ထိုင်းနိုင်ငံအပါအဝင် ကမ္ဘာ့အခြားဒေသများတွင် ပုံနှိပ်ထုတ်ဝေခဲ့သည်။

အိုင်စီဂျေသည် လွန်ခဲ့သော အနှစ် ၅၀ ကျော်ကတည်းကနေ နိုင်ငံအတွင်းရှိ တရားစီရင်ရေးစနစ်၏ အခြေအနေကို ပထမဦးဆုံး စတင်စောင့်ကြည့်ခဲ့လေ့လာခဲ့သည်။ [2] ၂၀၁၄ ခုနှစ် အစောပိုင်းမှ စ၍ မြန်မာနိုင်ငံတွင် စဉ်ဆက်မပြတ် အမြဲတမ်းတည်ရှိနေသည်။ဤလုပ်ငန်း၏ အစိတ်အပိုင်းတစ်ခုအနေဖြင့် အိုင်စီဂျေသည် စုံစမ်းစစ်ဆေးမှုပြုလုပ်ခြင်း ၏ နိုင်ငံတကာစံနှုန်းများကို ဤကဲ့သို့သော အစီရင်ခံစာများထုတ်ဝေခြင်းဖြင့် ကွာဟချက်များကို မီးမောင်း ထိုးပြခြင်း နှင့် နိုင်ငံ၏ တာဝန်ဝတ္တရားဖြစ်သည့် အသက်ရှင်သန်ပိုင်ခွင့်ကို ကာကွယ်ရန်အတွက် မူဝါဒများ နှင့် လက်တွေ့ကျင့်သုံးနေသောအလေ့အကျင့်များကို ကိုက်ညီမှုရှိစေရန် အထောက်အပံ့ပေးရာတွင် အာဏာပိုင်များ နှင့် ချိတ်ဆက်ဆောင်ရွက်ခြင်းဖြင့် မြှင့်တင်ပေးသည်။

## ၁.၄။ အတိုကောက်များ

DKBA – ဒီမိုကရေစီ အကျိုးပြု ကရင့်အမျိုးသားတပ်မတော်
FIR – ပထမ သတင်းပေး တိုင်ကြားချက်
ICJ – အပြည်ပြည်ဆိုင်ရာ ဥပဒေပညာရှင်များ ကော်မရှင်
KKO -- ကလိုထူးဘော ကရင်အဖွဲ့အစည်း (DKBA ၏ နိုင်ငံရေးအဖွဲ့)
MNHRC – မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင်
MPF – မြန်မာနိုင်ငံရဲတပ်ဖွဲ့
NLD – အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်
LIB – ခြေမြန်တပ်ရင်း ( ခြေမြန်တပ်မ၏ လက်အောက်ခံ)
LID – ခြေမြန်တပ်မ ဌာနချုပ်

[1] ICJ "မြန်မာနိုင်ငံတွင် ဆိုးရွားသော လူ့အခွင့်အရေးချိုးဖောက်မှုအတွက် တရားမျှတမှုရယူခြင်း," ဇန်နဝါရီလ ၂၀၁၈ https://www.icj.org/myanmar-reverse-laws-and-practices-that-perpetuate-military-impunity-new-icj-report/ (Burmese: "မြန်မာနိုင်ငံတွင် ဆိုးရွားသော လူ့အခွင့်အရေးချိုးဖောက်မှုအတွက် တရားမျှတမှုရယူခြင်း," https://www.icj.org/wp-content/uploads/2018/01/Myanmar-GRA-Baseline-Study-Publications-Reports-Thematic-reports-2018-BUR.pdf) ICJ "သတင်းသမားကိုပါကြီးအသတ်ခံရမှု ၅ နှစ်ကြာသည့်အထိ တရားမျှတမှုမရရှိသေး ခြင်းသည် တပ်မတော်အား ပြစ်ဒဏ်ကင်းလွတ်ခွင့်ပေးထားသည့် ၁၉၅၉ ဥပဒေကိုပြင်ဆင်ဖို့ရန် လိုအပ်ကြောင်း မီးမောင်းထိုးပြလျက်ရှိ," ၂၀၁၉ အောက်တိုဘာ ၁၄ရက် https://www.icj.org/wp-content/uploads/2019/10/Myanmar-Ko-Par-Gyi-killing-Press-Releases-2019-ENG.pdf တွင်လည်း ကြည့်ရှုနိုင်သည်။ (Burmese: "သတင်းသမားကိုပါကြီးအသတ်ခံရမှု ၅ နှစ်ကြာသည့်အထိ တရားမျှတမှုမရရှိသေး ခြင်းသည် တပ်မတော်အား ပြစ်ဒဏ်ကင်းလွတ်ခွင့်ပေးထားသည့် ၁၉၅၉ ဥပဒေကိုပြင်ဆင်ဖို့ရန် လိုအပ်ကြောင်း မီးမောင်းထိုးပြလျက်ရှိ," https://www.icj.org/wp-content/uploads/2019/10/Myanmar-Ko-Par-Gyi-killing-Press-Releases-2019-BUR.pdf

[2] " မြန်မာနိုင်ငံတွင် စစ်ဘက်ဆိုင်ရာအုပ်ချုပ်မှု "၊ အပြည်ပြည်ဆိုင်ရာ ဥပဒေပညာရှင်များ ကော်မရှင်၏ သတင်းလွှာ၊ အမှတ် (၁၉၆၃) ၊စာမျက်နှာ ၄-၁၀ တွင်ကြည့်ပါ။ https://www.icj.org/wp-content/uploads/2013/07/ICJ-Bulletin-15-1963-eng.pdf.တွင် ရယူနိုင်သည်။

## ၂။ နောက်ခံအကြောင်းအရာ -မြန်မာနိုင်ငံ၌ ဥပဒေမဲ့ သတ်ဖြတ်ခြင်းများကို စုံစမ်းစစ်ဆေးခြင်း

### ၂.၁။ နိုင်ငံတကာ ဥပဒေနှင့် စံနှုန်းများ

နိုင်ငံတကာဥပဒေအရ
နိုင်ငံသားအားလုံးသည် အသက်ရှင်သန်ခွင့်ကို လေးစားလိုက်နာ၍ ထိန်းသိမ်း စောင့်ရှောက်ရန် တာဝန်ရှိသည်။ တာဝန်ရှိသည်။
ယင်းတာဝန်ရပ်များသည် ကုလသမဂ္ဂပဋိညာဉ် စာတမ်း၊ နိုင်ငံအချင်းချင်း သဘောတူစာချုပ်များနှင့် နိုင်ငံတကာဓလေ့ထံ တကာဓလေ့ထုံးတမ်းဥပဒေစသည်တို့မှ ဆင်းသက်လာသည်။ တစ်ဖ
တစ်ဖက်သတ် ပိတ်ပင်၍မရသော အသက်ရှင်သန်ခွင့်နှင့် ညှင် ညှင်းပန်းနှိပ်စက်ခံရမှုမှသော်လည်းကောင်း၊ အခြားသော လူသားမဆန် ပြုမူဆက်ဆံခံရခြင်း မှသော်လည်းကောင် မှသော်လည်းကောင်း လွတ်လပ်ခွင့်များသည် နိုင်ငံတ ကာဓလေ့ထုံးတမ်းဥပဒေကို မြောက်စေသည်။ ၄ မြောက်စေသည်။ ၎င်းအခွင့်အရေးများကို လက်နက်ကိုင်ပဋိပက္ခ ဖြစ်ပွားချိန်၌ဖြစ်စေ အများပြည်သူဆိုင်ရာ အရေးပေါ်ကြေ အရေးပေါ်ကြေညာထားချိန်၌ဖြစ်စေ မည်သည့် အချိန်အခါ၌မျှ ရုပ်သိမ်း၍ မရပါ။ ဥပဒေမဲ့ ဖြစ်နိုင်ချေရှိ သတ်ဖြတ်ခြ သတ်ဖြတ်ခြင်းများအား စုံစမ်းစစ်ဆေးခြင်းများနှင့် တရားစွဲဆိုခြင်းများတို့ကို နိုင်ငံတကာ ဥပဒေ စံနှုန်းများန ဥပဒေစံနှုန်းများနှင့်အညီ တာဝ န်ယူလုပ်ဆောင်သင့်ပါသည်။ နိုင်ငံတ ကာ ဥပဒေနှင့် စံနှုန်းများဟုဆိုရာ၌ 'ပြန်လည်မွမ်းမံမှုပြုထားသည့် ပြစ်ဒဏ်ပေးခံရခြင်းမှကင်းလွတ်နေခြင်းအား တိုက်ဖျက်ရန် လက်တွေ့အရေး လက်တွေ့အရေးယူ ဆောင်ရွက်ခြင်းဆိုင်ရာ လူ့အ ခွင့်အရေးကာကွယ်စောင့်ရှောက်တိုးမြှင့်ရေး အခြေခံမူများ' [3] ၊ 'ဥပဒေပြင်ပ တရားလက်လွတ် အကျဉ်းနည်း အားဖြင့် သတ်ဖြတ်ခြင်းအပေါ် ထိရောက်သော ကာကွယ်တားဆီးခြင်း နှင့် စုံစမ်းစစ်ဆေးခြင်းဆိုင်ရာ ကုလသမဂ္ဂ အခြေခံမူများ' [4] နှင့် 'ဥပဒေမဲ့သေဆုံးကြောင်း ဖြစ်နိုင်ခြေရှိခြင်းအပေါ် စုံစမ်းစစ်ဆေးမှုဆိုင်ရာ ပြန်လည်ပြင်ဆင်သည့် ပြန်လည်ပြင်ဆင်သည့် မင်နီဆိုတာပရိုတိုကော' တို့အပါအဝင်ဖြစ်သည်(၂၀၁၆) [5] ။ မြန်မာနိုင်ငံသည် နိုင်ငံတကာ-သဘောတူစာချုပ်များနှင့် ဥပဒေများကိုလိုက်နာကျင့်သုံးရန် သဘောတူလက်မှတ်ရေးထိုးထားသော်လည်း (နောက်ဆက်တွဲ ၆.၂ကိုကြည့်ရန်) အဓိကကျသော စာချုပ်များဖြစ်သည့် နိုင်ငံတကာနိုင်ငံသားအခွင့်အရေးနှင့် နိုင်ငံရေးအခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်နှင် သဘောတူစာချုပ်နှင့် ညှင်းပမ်းနှိပ်စက်မှုတိုက်ဖျက်ရေး သဘောတူစာချုပ်ကဲ့သို့သော စာချုပ်များအား လိုက်နာကျ လိုက်နာကျင့်သုံးမည့်အကြောင်း လက်မှတ်ရေးထိုးရန် ကျန်ရှိနေသေးသည်။

ဤအခွင့်အရေးများအား ချိုးဖောက်မှုမြောက်သည့် လုပ်ဆောင်ချက်များကို စုံးစမ်းစစ်ဆေး တရားစွဲဆို ပြစ်ဒဏ် ပေးရန်ဟူသော နိုင်ငံတော်၏ တာဝန်ဝတ္တရားများအရ စုံးစမ်းစစ်ဆေးရေး အာဏာပိုင်များသည် ကျူးလွန်ရာ၌ ပါဝင်ပတ်သက်သည်ဟု သံသယရှိသော လူပုဂ္ဂိုလ်များမှဖြစ်စေ အဖွဲ့အစည်းများမှဖြစ်စေ အမှီအခိုကင်း

---

[3] ပြန်လည်မွမ်းမံမှုပြုထားသည့်ပြစ်ဒဏ်ပေးခံရခြင်းမှ ကင်းလွတ်နေခြင်းအား တိုက်ဖျက်ရန် လက်တွေ့အရေးယူ ဆောင်ရွက်ခြင်းဆိုင်ရာ လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်ခြင်း နှင့် တိုးမြှင့်ရေးအခြေခံမူများ E/CN.4/2005/102/Add.1, (၂၀၀၅).

[4] လူမှုရေး ကောင်စီ ဆုံးဖြတ်ချက်အမှတ် ၁၉၈၉ / ၆၅၊ မေလ ၂၄ ရက် ၊ ၁၉၈၉ မှ အကြံပြုထားသည့် 'ဥပဒေပြင်ပ တရားလက်လွတ် အကျဉ်းနည်းအားဖြင့် သတ်ဖြတ်ခြင်းအပေါ် ထိရောက်သော ကာကွယ်တာဆီးခြင်းနှင့် စုံစမ်းစစ်ဆေးခြင်းဆိုင်ရာ အခြေခံမူများ' အပိုဒ်(၁)- ယင်းအပိုဒ်တွင် စီးပွားရေးနှင့် လူမှုရေး ကောင်စီအကြံပြု ထားသည်မှာ ဤအခြေခံမူများကို ထည့်သွင်းစဉ်းစားသင့်ပြီး အစိုးရများက ၎င်းတို့၏ ဥပဒေပြုရေး မူဘောင်များနှင့် ကျင့်သုံးမှုများတွင် လေးစားလိုက်နာသင့်သည်။

[5] "မင်နီဆိုတာပရိုတိုကော" ဥပဒေမဲ့သေဆုံးကြောင်း ဖြစ်နိုင်ခြေရှိခြင်းအပေါ် စုံစမ်းစစ်ဆေးမှုဆိုင်ရာ ပြန်လည်ပြင်ဆင်သည့် မင်နီဆိုတာပရိုတိုကော။ ယင်းပရိုတိုကောကို အင်္ဂလိပ်၊ မြန်မာ(အလွတ်ဘာသာပြန်ဆိုချက်) နှစ်ဘာသာဖြင့် ဤနေရာ၌ရရှိနိုင်သည်။ "ICJ သည် ဥပဒေမဲ့သေဆုံးခြင်း ဖြစ်နိုင်ခြေရှိခြင်းအပေါ် စုံစမ်းစစ်ဆေးခြင်း ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲအား ပူးတွဲ၍ ကမကထပြု လက်ခံကျင်းပသည်။ (၂၀၁၉ခုနှစ် အောက်တိုဘာလ ၃၀ ရက်) " https://www.icj.org/myanmar-icj-co-hosts-workshop-on-the-investigation-of-potentially-unlawful-deaths/ (Burmese: "ဥပဒေမဲ့သေဆုံးခြင်း စုံစမ်းစစ်ဆေးမှုဆိုင်ရာမင်နီဆိုတာပရိုတိုကော," https://www.icj.org/wp-content/uploads/2019/10/Universal-Minnesota-Protocol-Advocacy-2017-BUR.pdf

လွတ်လပ်နေရန်လိုသည်။ စုံစမ်းစစ်ဆေးသူများသည် သမာသမတ်ကျရမည်ဖြစ်ပြီး တင်ကူးမုန်းဆခြင်း၊ ဘက်လိုက်ခြင်း (သို့မဟုတ်) ခွဲခြားဆက်ဆံခြင်းကင်း၍ စုံစမ်းစစ်ဆေးမှုအား ဆောင်ရွက်ရမည်။ ပြစ်ဒဏ်ပေး ခံရခြင်းမှ ကင်းလွတ်ခြင်းနှင့် တရားမျှတမှုဖော်ဆောင်ခြင်းဆိုင်ရာ နိုင်ငံတကာစံနှုန်းများအရ ဆိုးရွားသော လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် နိုင်ငံတကာ ဥပဒေအရ ကျူးလွန်သော ပြစ်မှုများအတွက် စစ်သားများကို စစ်ဆေးကြားနာရန် စစ်တရားရုံးများကို အသုံးမပြုသင့်ပါ။ [6]

မည်သည့်စုံစမ်းစစ်ဆးမှုမဆို မဆိုင်းမတွ ထိရောက်ပြီး မခြွင်းမချန် ပွင့်လင်းမြင်သာမှုရှိရမည် ။ ထိရောက်မှုရှိစေရန် ကျိုးကြောင်းသင့်ပြီး လက်တွေ့ကျသော ခြေလှမ်းများကို ရယူလုပ်ဆောင်ရမည်။ အနည်းဆုံး နစ်နာသူ(များ)အား ဖော်ထုတ်ရမည်၊အခင်းဖြစ်အကြောင်းအရင်း၊ဖြစ်ပျက်ပုံ ဖြစ်ပျက်သည့်နေရာနှင့် သေဆုံးသောအချိန်အပြင် ပတ်သက်ဆက်စပ်သော အခြေအနေရပ်များ အားလုံးတို့ကို သုံးသပ်ဆုံးဖြတ်ရမည်။ ထို့ပြင် သေဆုံးမှု၌ မည်သူမည်ဝါ ပါဝင်ပတ်သက်ခဲ့ကြောင်း ယင်းပါဝင်ပတ်သက်သူ များနှင့်တွဲဖက်ဆက်စပ်နေသူများနှင့် စုပေါင်းတာဝန်ရှိမှု စသည်တို့ကို သုံးသပ် ဆုံးဖြတ်ရမည်။ [7] စုံစမ်းစစ်ဆေးသူများသည် ၎င်းတို့တတ်စွမ်း သလောက် သက်ဆိုင်ရာ လူသက်သေ၊ စာရွက်စာတမ်း၊ ဒီဂျစ်တယ်နှင့် ရုပ်ဝတ္ထုသက်သေခံပစ္စည်းများ အားလုံးကို စုဆောင်း အတည်ပြုရမည်။ [8] အမြဲလိုလိုပင် ဖော်ပြပါ ဤရည်ရွယ်ချက်များ ပြည့်မီစေရန် လူသေအလောင်းကို ခွဲစိတ်စစ်ဆေးမှု ပြုလုပ်ကာ အခြေခံအားဖြင့် အထောက်အကူပေးရမည်။ [9]

ဥပဒေမဲ့ဖြစ်နိုင်ခြေရှိ သတ်ဖြတ်ခြင်း အမှုများတွင် စုံစမ်းစစ်ဆေးခြင်းပြုလုပ်ရခြင်း၏ အဓိကရည်မှန်းချက်မှာ အသက်ရှင်သန်ခွင့်ကို တစ်ဖက်သတ် ပိတ်ပင်သူအား တရားစွဲဆိုနိုင်ရန်အလို့ငှာ ယင်းသို့တစ်ဖက်သတ် ပိတ်ပင်မှု ရှိ/ မရှိ သုံးသပ်ဆုံးဖြတ်ရန်ဖြစ်ရမည်။ ထို့ကြောင့် စုံစမ်းစစ်ဆေးမှုများသည် တိုက်ရိုက်ကျူးလွန်သူများအား ကြိုးစားရှာဖွေဖော်ထုတ်ရမည့်အပြင် သေဆုံးမှုနှင့်ပတ်သက်သော တာဝန်ရှိသူများကိုလည်း ကြိုးစားရှာဖွေ ဖော်ထုတ်ရမည်။ [10] ထိရောက်သော စုံစမ်းစစ်ဆေး၊ တရားစွဲဆိုမှုများသည် ချိုးဖောက်မှု ကျူးလွန်သူအား မျှတသောတရားစီရင်ရေး၌ ပြစ်မှုကြောင်းအရ တာဝန်ခံစေပြီး ပြစ်မှုနှင့် ကိုက်ညီသော ပြစ်ဒဏ်ကိုပါ ကျခံစေသည့် ရလဒ်ကို ဖော်ဆောင်ပေးသင့်သည်။ ယင်းတို့ တာဝန်ခံ၊ ပြစ်ဒဏ်ကျခံ စေယုံမျှမဟုတ်ဘဲ နစ်နာသူနှင့် ၎င်းတို့၏ မိသားစုဝင်များအတွက် ထိရောက်သော ကုစားမှုနှင့် အစားလျော်ကြေး ရရှိအောင် သေချာဆောင်ရွက် ပေးရန်လည်း လိုအပ်ပါသည်။ ဥပမာ ထိခိုက်ပျက်စီးမှုအတွက်လျော်ကြေး ၊ နစ်နာကြေး ၊ ပြန်လည်ထူထောင် ပေးခြင်း ကျေနပ်နစ်ထောင်းမှုပေးခြင်း နှင့်(သို့မဟုတ်) အပ်ကြောင်းမထပ်စေဘဲ အာမခံမှုပေးခြင်း စသည့် ပုံစံများဖြစ်သည်။ [11]

---

[6] ပြန်လည်မွမ်းမံမှုပြုထားသည့် ပြစ်ဒဏ်ပေးခံရခြင်းမှ ကင်းလွတ်နေခြင်းအား တိုက်ဖျက်ရန် လက်တွေ့အရေးယူ ဆောင်ရွက်ခြင်းဆိုင်ရာ လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက် တိုးမြှင့်ရေးအခြေခံမှု (၂၉) ကိုကြည့်ရန်၊ "စစ်ခုံရုံးများ၏စီရင်ပိုင်ခွင့်အာဏာကိုစစ်မှုထမ်းများမှ ကျူးလွန်သောစစ်တပ်နှင့်ဆိုင်သောပြစ်မှုများအတွက်သာ ကန့်သတ်ပေးရမည်ဖြစ်ပြီး လူ့အခွင့်အရေး ချိုးဖောက်မှုများအတွက်မူ သာမန်အရပ်ဘက် တရားရုံးများ၏ စီ စီရင်ပိုင်ခွင့် အောက်သို့ကျရောက်စေရမည်။ သို့တည်းမဟုတ် သင့်လျော်ပါက နိုင်ငံတကာ ဥပဒေအရ ကြီးလေးသော ပြစ်မှုများ အတွက် နိုင်ငံတကာဆိုင်ရာရာဇဝတ်ခုံရုံး၏ စီရင်ပိုင်ခွင့်အောက် ကျရောက်စေရ မည်။" စစ်ခုံရုံးများမှတဆင့် တရားမျှတမှုကိုဖော်ဆောင်ခြင်းအား ကြီး[illegible] ကပ်သော အခြေခံမူကြမ်း (၉) ကိုကြည့်နိုင်သည်။U.N.Doc. E/CN.4/2006/58 at 4 (၂၀၀၆), ('Decaux အခြေခံမူများ')

[7] မင်နီဆိုတာ ပရိုတိုကော စာပိုဒ် (၂၅)။ စုံစမ်းစစ်ဆေးမှုသည် သေဆုံးပုံကို သုံးသပ် ဆုံးဖြတ်ရာတွင် သဘာဝ အလျောက် သေဆုံးတာလား၊ မတော်တဆကြောင့် သေဆုံးတာလား၊ ကိုယ်ကိုကိုယ် သတ်သေတာလား၊ လူသတ်မှုလား အစရှိသဖြင့် ခွဲခြား သုံးသပ်ဆုံးဖြတ်သင့်သည်။

[8] . အထက်ပါအတိုင်း စာမျက်နှာ ၂၄။

[9] အထက်ပါအတိုင်း စာမျက်နှာ ၂၅။

[10] အထက်ပါအတိုင်း စာမျက်နှာ ၂၆။

[11] ကုစားမှုနှင့် အစားလျော်ကြေးရပိုင်ခွင့်ဆိုင်ရာ ကုလသမဂ္ဂအခြေခံမူများနှင့် လမ်းညွှန်ချက်တွင် လုံလောက် ထိရောက်ပြီး မဆိုင်းမတွ အစားလျော်ကြေးပေးခြင်းကို တရားမျှတမှုတိုးမြှင့်စေရေးအတွက် ရည်ရွယ်သည်။ ထိုသို့ တရားမျှတမှုအတွက် အစားလျော်ကြေးပေးစေရာတွင် ဆိုးရွားသော လူ့အခွင့်အရေးချိုးဖောက်မှုအား ကုစားခြင်းဖြင့် သော်လည်းကောင်း၊ ခံစားရသောထိခိုက်နစ်နာမှုနှင့် ချိုးဖောက်မှု(များ)၏ ကြီးလေးမှုနှင့် ကိုက်ညီစေ၍ သော်လည်းကောင်း တရားမျှတမှုကိုတိုးမြှင့်ဖော်ဆောင်သည်။ ဤအခြေခံမူများနှင့် ယူဆချက်များ အသေးစိတ်ကို သိရှိလိုပါက၊ ICJ, " တရားမျှတမှုကိုရယူခြင်း," အထက်ကိုးကားချက်အတိုင်း စာမျက်နှာ ၂၄ ကို ကြည့်ပါ။

ထိုကဲ့သို့ စုံစမ်းစစ်ဆေးမှုပြုလုပ်ရာ၌ နစ်နာသူများနှင့် ၎င်းတို့၏ မိသားစုဝင်များ၏ တက်ကြွသော ပူးပေါင်းပါဝင်ပိုင်ခွင့်နှင့် ကြီးလေးသော လူ့အခွင့်အရေးချိုးဖောက်မှုနှင့်စပ်လျဉ်းသော အချက်အလက်အားလုံးနှင့် ပတ်သက်၍ ၎င်းတို့၏ သိရှိပိုင်ခွင့်များသည် ကုစားမှုရရှိပိုင်ခွင့်၏ အရေးကြီးလှသော အစိတ်အပိုင်းအားလုံးပင် ဖြစ်သည်။ [12] စုံစမ်းစစ်ဆေးခြင်းလုပ်ငန်းစဉ်နှင့် တရားစွဲဆိုခြင်း လုပ်ငန်းစဉ်နှစ်ရပ်စလုံ တာဝန်ရှိသူများကို တရားမျှတမှုအတွက် တရားစွဲဆိုနိုင်ရေး သေချာစေရန်၊ တာဝန်ယူ/တာဝန်ခံမှုရှိရေး တိုးမြှင့်ဆောင်ရွက်ရန်နှင့် ပြစ်ဒဏ်ပေးခံရခြင်းမှ ကင်းလွတ်နေခြင်းကို ကာကွယ်တားဆီးရန်၊ တရားမျှတမှုကို ငြင်းဆန်ခြင်းအား ရှောင်ရှားရန်နှင့် (၄) အလားတူချိုးဖောက်မှုမျိုး ထပ်ခါထပ်ခါ မဖြစ်အောင် ရှောင်ရှားနိုင်ရန်အလို့ငှာ ကျင့်သုံးမှုများနှင့် မူဝါဒများအား ပြင်ဆင်ရေးအတွက် လိုအပ်သော သင်ခန်းစာများ သင်ယူရန် ရည်ရွယ်ရမည်။[13]

စုံစမ်းစစ်ဆေးမှုများသည် ပွင့်လင်းမြင်သာမှု ရှိရမည်။ နစ်နာသူများ၏ မိသားစုဝင်များနှင့် အများပြည်သူများမှ စေ့စေ့စပ်စပ်စစ်ဆေးခြင်းကို လက်ခံမှုရှိသည့်အထိ ပွင့်လင်းမြင်သာမှုရှိရမည်။ အနည်းဆုံးအားဖြင့် စုံစမ်းစစ်ဆေးမှု စတင်ပြီ ဖြစ်ကြောင်း၊ လုပ်ထုံးလုပ်နည်းများကို လိုက်နာရမည်ဖြစ်ကြောင်းနှင့် ၎င်းတို့၏ ဥပဒေအခြေအမြစ်နှင့် အမှုအချက်အလက်အခြေအမြစ်တို့အပါအဝင် တွေ့ရှိချက်တစ်စုံတစ်ရာတို့ကို နိုင်ငံတော်အနေဖြင့် သိမှတ် လက်ခံပေးသင့်သည်။ တရားဝင်ကိစ္စရပ်တစ်စုံတစ်ရာအတွက်သာ ပွင့်လင်းမြင်သာမှုအပေါ် ကန့်သတ်ချက် တင်းတင်းကျပ်ကျပ် ထားရန် လိုသင့်သည်။ ယင်းကိစ္စရပ်မှအပ မည်သည့် အခြေအနေတွင်မဆို အတင်းအဓမ္မ အစဖျောက်ခံရသည့် (သို့မဟုတ်) ဥပဒေမဲ့သတ်ဖြတ်ခံရသည့် နစ်နာသူ၏ ကံကြမ္မာအားဖြစ်စေ တည်ရှိနေသော နေရာအားဖြစ်စေ ဖုံးကွယ်ထားရန် ကန့်သတ်မှုတစ်စုံတစ်ရာ မထားသင့်ပါ။ သို့တည်းမဟုတ် ကျူးလွန်သည့် တာဝန်ရှိသူများအား ပြစ်ဒဏ်ပေးခံရခြင်းမှ လွတ်ကင်းအောင် ပွင့်လင်းမြင်သာမှုအပေါ် တစ်စုံတစ်ရာ ကန့်သတ်မှု မထားသင့်ပါ။[14]

## ၂.၂။ ပြည်တွင်း ဥပဒေများ

မြန်မာနိုင်ငံ၏ ဥပဒေပြဋ္ဌာန်းချက် အတော်များများသည် လူ့အခွင့်အရေး ချိုးဖောက်မှုကြောင့် ပြစ်ဒဏ်ပေးခံရခြင်းမှ ကင်းလွတ်စေပါသည်။ ဥပမာ- လုံခြုံရေးတပ်ဖွဲ့များကို နည်းလမ်းတကျ စုံစမ်းစစ်ဆေးရာတွင်သော်လည်းကောင်း၊ နိုင်ငံတကာဆိုင်ရာ ဥပဒေစံနှုန်းများအရ အများပြည်သူဆိုင်ရာ ရာဇဝတ်မှုတရားစွဲဆိုရာတွင်သော်လည်းကောင်း ကာကွယ်ပေးလျက်ရှိသည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေသည် တပ်မတော်ကို ၎င်း၏ အရေးအရာများအား ကိုယ်ပိုင်အုပ်ချုပ်စီရင်ပိုင်ခွင့် ကြီးကြီးမားမား ပေးအပ်ထားသည်။ [15] ၂၀၁၁ခုနှစ်၌ စစ်အစိုးရ တိုက်ရိုက်အုပ်ချုပ်မှုမှ အရပ်သားတစ်ပိုင်း အစိုးရထံသို့ အုပ်ချုပ်ရေးအာဏာကို တရားဝင် လွှဲပြောင်းခဲ့စေကာမူ တပ်မတော်သည် နိုင်ငံတွင်း၌ အာဏာအရှိဆုံး အဖွဲ့အစည်းအဖြစ် ကျန်ရစ်လျက်ရှိသည်။ အဓိကအားဖြင့် အရပ်သားအစိုးရ ထိန်းချုပ်မှုပြင်ပသို့ ရောက်ရှိနေလေသည်။ [16] ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၉၆(ခ)၊ ၃၁၉နှင့်

---

[12] ICJ လက်တွေ့ကျင့်သုံးသူများ၏ လမ်းညွှန် အမှတ် ၂၊ 'ဆိုးရွားသောလူ့အခွင့်အရေးချိုးဖောက်မှုများအတွက် ကုစားမှုနှင့် အစားလျော်ကြေးရပိုင်ခွင့်'၊ ၂၀၁၈ ပြုပြင်မွမ်းမံ- စာမျက်နှာ-၅၇၊ ဤဝပ်ဆိုက်၌ ရယူပါ- https://www.icj.org/the-right-to-a-remedy-and-reparation-for-serious-human-rights-violations-2018-update-to-practitioners-guide-no-2/

[13] အထွေထွေ သုံးသပ်ချက် အမှတ် (၃၆) အသက်ရှင်သန်ခွင့်နှင့်ဆိုင်သော- စာပိုဒ် ၂၇

[14] မီနီဆိုတာ ပရိုတိုကော၊ စာပိုဒ် ၃၂ မှ ၃၄။

[15] ICJ "တရားမျှတမှုကိုရယူခြင်း " အထက်ပါကိုးကားချက်အတိုင်း စာမျက်နှာ ၁၀။

[16] ဆယ်စုနှစ် (၅)စုကြာ စစ်တပ်အုပ်ချုပ်ပြီးနောက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီသည် ၂၀၁၁ မတ်လမှစ၍ အစိုးရကိုဦးဆောင်ခဲ့သည်။ ၂၀၁၅ အထွေထွေရွေးကောက်ပွဲအပြီး ၂၀၁၆ ဧပရယ်လတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် ယင်းအဖွဲ့ချုပ်ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်၏ ဦးဆောင်မှုဖြင့် အစိုးရသစ်ကို ဖွဲ့စည်းခဲ့သည်။ ဤစာရေးသားချိန်၌ လာမည့် ၂၀၂၀ တစ်နိုင်ငံလုံး ရွေးကောက်ပွဲအတွက် အချိန်ဇယား ဆွဲထားခဲ့သည်။ စစ်တပ်၏ ဥပဒေဆိုင်ရာ လုပ်ပိုင်ခွင့်များကို ထပ်မံခွဲခြမ်းစိတ်ဖြာ လေ့လာနိုင်အောင် ICJ, "အမေး၊ အဖြေများဆိုင်ရာ ရှင်းလင်းမှတ်ချက် မြန်မာနိုင်ငံရခိုင်ပြည်နယ်အတွင်း လူ့အခွင့်အရေးဆိုင်ရာဥပဒေ," နိုဝင်ဘာလ၊ ၂၀၁၇၊ စာမျက်နှာ ၃-၄

၃၄၃(ခ)များသည် အမြဲတမ်းစစ်ဘက်ဆိုင်ရာ တရားရုံးများကို ဖွဲ့စည်းစေသည်။ ယင်းစစ်ဘက်ဆိုင်ရာ တရားရုံးများပေါ် ကာကွယ်ရေးစစ်ဦးစီးချုပ်က ဗဟိုတရားရုံးထံ၌ဖြစ်စေ၊ အခြားအဖွဲ့များ ထံ၌ဖြစ်စေ အတိအလင်း အယူခံခွင့်မရှိသော အယူခံအမှု သုံးသပ်ဆုံးဖြတ်ပိုင်ခွင့်နှင့် အပြီးသတ်အာဏာကို ကျင့်သုံးသည်။ ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့် ပြဋ္ဌာန်းဥပဒေများ၌ပါရှိသော ပြစ်ဒဏ်ပေးခံရမှု ကင်းလွတ်ခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များသည် လည်း နိုင်ငံတော်အစိုးရလူပုဂ္ဂိုလ်ကြီးများအား ကြီးလေးသောပြစ်မှုများအတွက် တာဝန်ခံမှု ရှောင်လွှဲနိုင်ရန် ဥပဒေဆိုင်ရာ အခြေအမြစ်များကို ပြဋ္ဌာန်းပေးထားသည်။ ဥပမာ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ (၄၄၅)တွင် အစိုးရနှင့် တပ်မတော်အရာရှိများကို "၎င်းတို့၏ သက်ဆိုင်ရာ တာဝန်အရဆောင်ရွက်ချက်များအပေါ် အကြောင်းပြု၍ ယင်းတို့အား တရားစွဲဆိုခြင်း၊ အရေးယူခြင်းမရှိစေရ" ဟုပြဋ္ဌာန်းထားသည်။ မြန်မာနိုင်ငံဆိုင်ရာ လူ့အခွင့်အရေး အထူးကိုယ်စားလှယ်သည် ယင်းပြဋ္ဌာန်းချက်များကို ပြင်ဆင်ရန် ထပ်ခါထပ်ခါ အကြံပြု ထားသည်။[17]

ယခုကဲ့သို့ ပြဋ္ဌာန်းစီမံထားရှိမှုများသည် အာဏာပိုင်းခြားမှုအခြေခံမူနှင့်သော်လည်းကောင်း၊ တရားဥပဒေစိုးမိုးရေး အခြေခံမူနှင့်သော်လည်းကောင်း လုံးဝကိုက်ညီမှုမရှိပါ။ ဖော်ပြပါအခြေခံမူများတွင် လုံခြုံရေးတပ်ဖွဲ့များသည် အရပ်သားအာဏာပိုင်များထံ တာဝန်ခံရမည် ဟု ပါရှိသည်။ [18] ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလတွင် အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် ဦးဆောင်သော အစိုးရသည် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးကော်မတီကို ဖွဲ့စည်းခဲ့ပြီး ယင်းကော်မတီသည် ဇူလိုင်လတွင် ပြည်ထောင်စုလွှတ်တော်ထံသို့ အစီရင်ခံစာတင်ခဲ့သည်။အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ်သည် အခြားနိုင်ငံရေးပါတီများ အကြံပြုသလို စစ်ဘက်ဆိုင်ရာ တရားရေးနှင့်စပ်လျဉ်း၍ ပြဋ္ဌာန်းချက် အများအပြားပြင်ဆင်ရန် အကြံပြုထားဟန် မရှိ။ [19] မည်သို့ဆိုစေ တပ်မတော်သည် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ခြင်းအပေါ် ထိရောက်သော ဗီတိုအာဏာကို ကိုင်ဆွဲထားသည်။ ယင်းသို့ကိုင်ဆွဲထားနိုင်မှုက စစ်ဘက် ဆိုင်ရာ အာဏာပိုင်များကို အုပ်ချုပ်ရေးနှင့်တရားရေး ကဏ္ဍများ၌ ပိုမိုခိုင်မြဲစေလေသည်။

၁၉၅၉ တပ်မတော်အက်ဥပဒေ (၁၉၆၂ တပ်မတော် နည်းဥပဒေနှင့် တွဲဖတ်ရန်)နှင့် ၁၉၉၅ မြန်မာနိုင်ငံရဲစည်းကမ်း ထိန်းသိမ်းရေးဥပဒေ အစရှိသော ပြည်တွင်းဥပဒေများတွင် စစ်သားများနှင့် ရဲတပ်သားများက အရပ်သားများ အပေါ် ကျူးလွန်သော ပြစ်မှုများအပါအဝင် အများပြည်သူနှင့်ဆိုင်သော ပြစ်မှုစစ်ဆေးစီရင်မှုများကို အထူးစစ်ခုံရုံး သို့ဖြစ်စေ ရဲတရားရုံးသို့ဖြစ်စေ စီရင်ပိုင်ခွင့်အာဏာ လွှဲပြောင်းနိုင်ရန် စည်းကမ်းချက်များ ချမှတ်ထားသည်။ ယင်းအထူး ခုံရုံးများကို လွန်ကဲသော ဝင်ရောက်စွက်ဖက်မှုရှိကြောင်း၊ ပွင့်လင်းမြင်သာမှုမရှိကြောင်း၊ နစ်နာသူများ နှင့် ၎င်းတို့၏ မိသားစုဝင်များ၏ အခွင့်အရေးများ (ဥပမာ- ကုစားမှုရရှိပိုင်ခွင့်)ကို ထည့်သွင်းစဉ်းစားမှုမရှိကြောင်း (ထည့်သွင်း စဉ်းစားခဲ့လျှင်ပင် အနည်းငယ်သာထည့်သွင်းစဉ်းစားကြောင်း) တုန့်ပြန်လက်စားချေခံရခြင်းနှင့် သားကောင်ဖြစ်ခံ ရခြင်းတို့မှ ၎င်းတို့အနေဖြင့် ကာကွယ်ရန်လိုအပ်ကြောင်းကိုသာ အလေးထားကြောင်း စသဖြင့် ခုံရုံးများ၏ ထူးခြားသွင်ပြင်လက္ခဏာကို ဖော်ပြလေ့ရှိကြသည်။ [20]

၁၉၅၉ တပ်မတော်အက်ဥပဒေတွင် စစ်သားများပါဝင်ပတ်သက်သော အမှုများကို စစ်ဘက်တရားရုံးများ၌ ကြားနာစစ်ဆေးနိုင်ခွင့် ပေးထားသည်။ ရာဇသတ်ကြီး ပုဒ်မ (၃၀၄)ပါ လူသတ်မှုမမြောက်သည့် ရာဇဝတ် ပြစ်ဒဏ်ထိုက်သော လူသေမှုကဲ့သို့သော ဆိုးရွားသော လူ့အခွင့်အရေးချိုးဖောက်မှုများအတွက်ပင်လျှင် စစ်ဘက် တရားရုံး၌ ကြားနာစစ်ဆေးနိုင်သည်။ တပ်မတော်အက်ဥပဒေ ပုဒ်မ (၇၁)တွင် တပ်မတော်ဥဒေအရမဖြစ်သော ပြစ်မှုကို ကျူးလွန်သည့် စစ်သားများသည် ယင်းတပ်မတော်ဥပဒေအရဖြစ်သော ပြစ်မှုကျူးလွန်သကဲ့သို့ ဖော်ပြပါ ပြစ်ဒဏ်များကို

---

ကိုကြည့်ပါ။ ဤနေရာတွင် လေ့လာရရှိနိုင်သည်။ https://www.icj.org/myanmar-rule-of-law-must-drive-responses-to-rohingya-crisis/ (Burmese: "အမေး၊ အဖြေများဆိုင်ရာရှင်းလင်းမှတ်ချက် မြန်မာနိုင်ငံရခိုင်ပြည်နယ်အတွင်း လူ့အခွင့်အရေးဆိုင်ရာဥပဒေ," https://www.icj.org/wp-content/uploads/2017/11/Myanmar-QA-Rakhine-Advocacy-Briefing-Paper-2017-BUR.pdf).

[17] ဥပမာအနေဖြင့် ကြည့်ပါ။ မြန်မာနိုင်ငံဆိုင်ရာ လူ့အခွင့်အရေး အထူးကိုယ်စားလှယ်၏ အစီရင်ခံစာ၊ UN Doc A/HRC/22/58 (၂၀၁၃) ခုနှစ်၊ စာပိုဒ် ၇၆။

[18] မြန်မာနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၁၁၌ အထူးပြုထားသော်လည်း ဤအခြေခံမူကို အသိအမှတ်ပြုသည်။

[19] ဥပမာ ရှမ်းအမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်သည် "စစ်တရားရုံးများသည် စစ်တပ်နှင့်စပ်ဆိုင်သော အမှုကိစ္စများ အတွက်သာလျှင် စီရင်ပိုင်ခွင့်အာဏာရှိသည်" ဟူသော အပိုဒ်ကို ထည့်သွင်းခြင်းဖြင့် ပုဒ်မ ၃၁၉ကို ပြင်ဆင်ရန် အဆိုတင်သွင်းခဲ့သည်။ တရားမမှုများ ကျူးလွန်သော စစ်မှုထမ်းများကို တရားမဥပဒေအရ စီရင်ဆုံးဖြတ်ရမည်။ ပြည်ထေင်စုလွှတ်တော် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေး ကော်မတီ "ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော် အခြေခံဥပဒေ (၂၀၀၈)အား ပြင်ဆင်ရေး ပူးတွဲကော်မတီ၏ အစီရင်ခံစာ- တွေ့ရှိချက်များ၊ ၂၀၁၉ ခုနှစ် ဇူလိုင်လ ။

[20] ICJ " တရားမျှတမှုရယူခြင်း "အထက်ပါကိုးကားချက်အတိုင်း စာမျက်နှာ ၁၁ မှ ၁၂။

ကျခံစေရသည်။ သို့သော် ပုဒ်မ (၅၂)အရ သာဖြစ်သည်။ ပုဒ်မ(၇၂)၌ ပြဋ္ဌာန်းထားသည်မှာ ဆိုးရွားသောလူ့အခွင့်အရေးများ ချိုးဖောက်သည့် တန်းပြည့်စစ်မှုထမ်း စစ်သားကို စစ်ဘက်တရားရုံးက ကြားနာစစ်ဆေးနိုင်ပြီး သာမန် (နယ်ဘက်)တရားရုံးမှ ကြားနာစစ်ဆေးခွင့်မရှိ။ ပုဒ်မ ၃(က)၌ စစ်မှုထမ်းများ တန်းပြည့်စစ်မှုထမ်းနေသည်ဟု မှတ်ယူလေ့ရှိကာ 'တန်းပြည့်စစ်မှုထမ်းချိန်' ဆိုသည့် စကားရပ်၏ အဓိပ္ပါယ်ကို အကျယ်တစ်ဝန်း ဖွင့်ဆိုထားသည်။ ယင်းသို့တန်းပြည့်စစ်မှုထမ်းဖြစ်သောကြောင့် ကြီးလေးသော လူ့အခွင့်အရေး ချိုးဖောက်မှုများအတွက် နယ်ဘက်တရားရုံးများ၌ စစ်ဆေးစီရင်ခွင့်မရှိစေဘဲ စစ်ခုံရုံး၌သာ စစ်ဆေးကြားနာ စီရင်ခွင့်ရှိစေသည်။ နိုင်ငံတော်အစိုးရ အဖွဲ့အစည်းများနှင့် လူပုဂ္ဂိုလ်အသီးသီးတို့ကို စစ်တရားရုံးများ၏ ဆုံးဖြတ်ချက်များအား အယူခံခွင့်မရှိစေရန် တားမြစ်ထားသည်။

တိုက်ရိုက်စစ်တပ်အုပ်ချုပ်နေမှုမှ အရပ်သားတစ်ပိုင်း အစိုးရထံသို့ ၂၀၁၁ ခုနှစ်၌ အုပ်ချုပ်ရေးအာဏာ လွှဲပြောင်းပေးခြင်း မတိုင်မီ ၂၀၁၀ ၌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် ၁၉၅၉ တပ်မတော်အက်ဥပဒေကို ပြင်ဆင် စေခဲ့သည်။ ပြင်ဆင်ရာတွင် စစ်တရားရုံး၌ ကြားနာစစ်ဆေးပြီးနှင့်သော အမှုကို အရပ်သား(နယ်ဘက်) တရားရုံး၌ ထပ်မံကြားနာ စစ်ဆေးနိုင်အောင် သမ္မတမှ အမိန့်ပေးပိုင်ခွင့် ရှိသည့် ဥပဒေပြဋ္ဌာန်းချက်တစ်ခုကို ပယ်ဖျက်ခဲ့သည်။[21] ပုဒ်မ (၁၆၉) အရ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် (သို့မဟုတ်) သတ်မှတ်ထားသည့် အရာရှိကို စစ်တရားရုံး၏ ပြစ်မှုထင်ရှားစီရင်ခြင်းအား ပယ်ဖျက်နိုင်ခွင့် ပေးထားသည်။[22] သမ္မတ၏ ပယ်ဖျက်နိုင်ခွင့်အာဏာကိုမူ ၂၀၁၀ ခုနှစ် ပြင်ဆင်ချက်များ၏ အစိတ်အပိုင်းအဖြစ် ရုပ်သိမ်းခဲ့သည်။ ၂၀၁၁ မှ ၂၀၁၆ ထိ ဦးဆောင်အစိုးရဖြစ်ခဲ့သော ကြံ့ခိုင်ဖွံ့ဖြိုးရေးပါတီသည် လည်း အာဏာရ နောက်ဆုံးလရက်များကို ရွေးကောက်ပွဲရှုံးပြီးနောက် ၂၀၁၆ နိုင်ငံတော်သမ္မတတာဝန် ထမ်းဆောင်ခဲ့သူ၏ လုံခြုံရေးဆိုင်ရာဥပဒေ၌ ပြစ်ဒဏ်ပေးခံရခြင်း ကင်းလွတ်ချက်များကို ထည့်သွင်းစေကာ တာဝန်ခံမှုကို ယုတ်လျော့စေခဲ့သည်။[23]

ကျူးလွန်မှုများကို စုံစမ်းစစ်ဆေးရာတွင် အမှီအခိုကင်းလွတ်လပ်ခြင်း၊ ဘက်လိုက်မှုကင်းခြင်းနှင့် ထိရောက်မှုရှိခြင်း စသည်တို့ မရှိပါ။ ကော်မရှင်၏ ဖွဲ့စည်းထားရှိမှုနှင့် ဥပဒေဆိုင်ရာ အခြေအမြစ်တို့သည် အလုံးစုံပြင်ဆင်မွမ်းမံရန် လိုနေသည်။ ဥပမာ ၂၀၁၄ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ဥပဒေ၏ ပုဒ်မ ၃၇တွင် ကော်မရှင်နာများကို တရားရုံးများရှေ့မှောက်၌ စစ်ဆေးကြားနာဆဲအမှုများနှင့် ငြိစွန်းသောအမှုများကို စုံစမ်း စစ်ဆေးခြင်း မပြုလုပ်ရန် ညွှန်ကြားထားသည်။[24] တရားရုံးများရှေ့မှောက်၌ လူ့အခွင့်အရေးအမှု များစွာသည် တစ်နည်းမဟုတ် တစ်နည်းဖြင့် ရောက်ရှိလာကြသည်။ ဤပြဋ္ဌာန်းချက်အကြောင်းအရာနှင့် ကော်မရှင်နာများမှ ကျဉ်းမြောင်းစွာ အနက်ဖွင့်ယူမှုများက တရားရုံးအမှုဖြစ်နေသည့်တိုင် အကယ်၍ ယင်းအမှု၌ လူ့အခွင့်အရေး ချိုးဖောက်မှုများ ပါဝင်ပတ်သက်နေလျှင်ပင် သို့တည်းမဟုတ် တရားမျှတမှုအခိုင်အမာ မရရှိခဲ့သည့်တိုင် လူ့အခွင့်အရေးချိုးဖောက်မှု ဖြစ်နိုင်ခြေများကို လုံးဝ စုံစမ်းစစ်ဆေး၍မရအောင် ပိတ်ပင်လိုက်သည်။[25]

---

[21] ၂၀၁၀ ခုနှစ် တပ်မတော် အက်ဥပဒေ ပြင်ဆင်ချက် ပုဒ်မ ၈။ ပြင်ဆင်မှုမတိုင်မီ ၁၉၅၉ အက်ဥပဒေ၏ ပုဒ်မ ၁၃၀ (၁)တွင် ဤသို့ပြဋ္ဌာန်းထားသည်- "တည်ဆဲအခြားတရားဥပဒေတွင် မည်သို့ပင်ရှိစေကာမူ စစ်တရားရုံးက ပြစ်ထင်ရှား စီရင်ခြင်း (သို့မဟုတ်) တရားသေလွှတ်ခြင်းခံရသူ တစ်ဦးအား ထပ်တူဖြစ်သည့်ပြစ်မှု၊ (သို့မဟုတ်) ထပ်တူဖြစ်သည့် အကြောင်းခြင်းရာများအတွက် ရာဇဝတ်တရားရုံးက နိုင်ငံတော်သမ္မတ၏ ကြိုတင်ခွင့်ပြုချက်ဖြင့် ထပ်မံစစ်ဆေး စီရင်နိုင်သည်။"

[22] ယခင် အက်ဥပဒေ၏ ပုဒ်မ ၁၆၉တွင် ဤသို့ ပြဋ္ဌာန်းထားသည်- " နိုင်ငံတော်သမ္မတ သို့တည်းမဟုတ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် သို့တည်းမဟုတ် သတ်မှတ်ထားသည့်အရာရှိသည် တရားဥပဒေနှင့်မညီဆိုသည့် အကြောင်းပြချက်ဖြင့်ဖြစ်စေ တရားမျှတမှုမရှိဆိုသည့် အကြောင်းပြချက်ဖြင့်ဖြစ်စေ မှုခင်းကိစ္စဆောင်ရွက်ခြင်းများကို ပယ်ဖျက်နိုင်သည် (သို့မဟုတ်) စစ်တရားရုံး၏ ပြစ်မှုထင်ရှားစီရင်ခြင်းကို ပယ်ဖျက်နိုင်သည်။" အထက်ကိုးကားချက်အရ ၂၀၁၀ ပြင်ဆင်ချက်အက်ဥပဒေတွင် စစ်တရားရုံး၏ ပြစ်မှုထင်ရှားစီရင်ခြင်းကို နိုင်ငံတော်သမ္မတမှ ပယ်ဖျက်နိုင်သော အာဏာကို ဖယ်ရှားလိုက်သည်။

[23] ICJ " တရားမျှတမှုရယူခြင်း "အထက်ပါကိုးကားချက်အတိုင်း စာမျက်နှာ ၁၁။

[24] "ကော်မရှင်သည် အောက်ပါအကြောင်းတစ်ရပ်ရပ်နှင့် ငြိစွန်းသော တိုင်တန်းချက်ကို စုံစမ်စစ်ဆေးခြင်း မပြုရ- (က) တရားရုံးတစ်ခုခု၏ ရှေ့မှောက်၌ စစ်ဆေးကြားနာဆဲအမှုများနှင့် တရားရုံးတစ်ခုခု၏ စီရင်ဆုံးဖြတ်ချက်အပေါ် အယူခံမှု (သို့မဟုတ်) ပြင်ဆင်မှုဝင်ရောက်ဆဲ အမှုများ၊ (ခ) တရားရုံးတစ်ခုခုက အပြီးသတ် စီရင်ဆုံးဖြတ်ပြီးသော အမှုများ"

[25] ICJ "မြန်မာအမျိုးသားလူ့အခွင့်အရေးကော်မရှင်အား ပိုမိုအားကောင်းလာစေရန် ချက်ချင်းအကောင်ထည်ဖော် နိုင်သော ပြုပြင်ပြောင်းလဲရေး အစီအစဉ်လေးရပ်," ၂၀၁၉ နိုဝင်ဘာ ၁၂ ရက်၊ စာမျက်နှာ ၅၊

နိုင်ငံတော်၏ နိုင်ငံတကာဆိုင်ရာ ဥပဒေတာဝန်ရပ်များအား ပြည့်မီအောင်မဆောင်ရွက်နိုင်သည့် ဥပဒေများကို ပယ်ဖျက်ပြင်ဆင်နိုင်ရန်အလို့ငှာ စုံစမ်းစစ်ဆေး ဆောင်ရွက်ချက်များနှင့် အထူးခုံရုံးများ၏ စီရင်ပိုင်ခွင့်အာဏာကို ပြန်လည်သုံးသပ် ပြင်ဆင်ပိုင်ခွင့်အာဏာသည် ပြည်ထောင်စုလွှတ်တော်တွင် ရှိသည်။

## ၂.၃။ စုံစမ်းစစ်ဆေး ဆောင်ရွက်ခြင်း

ဥပဒေမဲ့ သတ်ဖြတ်ခြင်းများသည် မြန်မာနိုင်ငံတွင် သမိုင်းစဉ်လာအရ အဖြစ်များကြသည်။ ယေဘုယျအားဖြင့် ပဋိပက္ခဖြစ်ပွားရာဒေသများ သို့တည်းမဟုတ် တည်ငြိမ်မှုမရှိသော ဒေသများ၌ အဖြစ်များသည်။ ထိုသို့ဖြစ်လျှင် အမြဲတစေမဟုတ်သည့်တိုင် စစ်ဆင်ရေးလှုပ်ရှားမှုရှိသော အခြေအနေ၌ အဖြစ်များသည်။ ထို့ပြင် ဖြစ်တိုင်းလည်း နိုင်ငံတကာဥပဒေအရ ကြီးလေးသောပြစ်မှုများမြောက်ကြောင်း ပေါ်လွင်လေ့ရှိသည်။[26]

ခြုံငုံကြည့်လျှင် နိုင်ငံတော်အစိုးရကြောင့် ဖြစ်ပေါ်စေနိုင်ခဲ့သည့် လူသေမှုများ (သို့မဟုတ်) နိုင်ငံတော်အစိုးရ ကြောင်ကြောင့်ဖြစ်သည်ဟု မှတ်ယူနိုင်သော လူသေမှုများတွင် တရားစွဲဆိုမှုများသည် ရှားပါးလျက်ရှိပြီး ပြစ်မှုထင်ရှား စေခြင်းများက ထူးခြားချက်များရှိနေကာ ပြစ်ဒဏ်ပေးခြင်းများကလည်း အားနည်းလျက်ရှိသည်။ ထို့ပြင် ပြစ်မှုနှင့် ပြစ်ဒဏ်က ကိုက်ညီမှုမရှိ။ ယင်းလူသေမှုများ၏ ဖြစ်ပျက်မှုအခြေအနေမှန်ကို ကျေနပ်နစ်သိမ့် နိုင်သည့် အခြေအနေထိ ရှင်းပြလေ့ မရှိ။ [27] အများပြည်သူဆိုင်ရာ အရပ်ဘက်တရားရုံးများသည် လုံခြုံရေး အာဏာပိုင်များမှ ဆောင်ရွက်သော လုပ်ဆောင်ချက်များကို ပြန်လည်သုံးသပ်မှု မရှိသလောက် ရှားပါးသည်။ [28] သည့်အပြင် တာဝန်ခံမှုအားဖြစ်စေ ပြန်လည်ကုစားမှုအားဖြစ်စေ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်သည့် လုပ်ပိုင်ခွင့်အာဏာရှိသည့်တိုင် သေခင်းသေမှုဆိုင်ရာ စုံစမ်းစစ်ဆေးခြင်း မရှိသလောက် ဖြစ်နေသည်။

အရပ်ဘက်တရားရုံးများ၌ ပြစ်မှုစစ်ဆေးစီရင်သောအခါ လွန်ကဲသော ဝင်ရောက်စွက်ဖက်မှုရှိကြောင်း၊ နစ်နာသူနှင့်

---

https://www.icj.org/four-immediate-reforms-to-strengthen-the-myanmar-national-human-rights-commission/ တွင်ရရှိနိုင်သည်။(Burmese: "မြန်မာအမျိုးသားလူ့အခွင့်အရေးကော်မရှင်အား ပိုမိုအားကောင်းလာစေရန် ချက်ချင်းအကောင်ထည်ဖော် နိုင်သော ပြုပြင်ပြောင်းလဲရေး အစီအစဉ်လေးရပ်," https://www.icj.org/wp-content/uploads/2019/11/Myanmar-MNHRC-Advocacy-Briefing-Note-2019-BUR.pdf).

[26] မကြာသေးမီက ထွက်ရှိသော လုံးဝယုံကြည်စိတ်ချရသည့် နမူနာ အပြည့်အစုံကို ကြည့်ပါ။ မြန်မာနိုင်ငံဆိုင်ရာ လွပ်လပ်သော နိုင်ငံတကာ အချက်အလက်ရှာဖွေရေး မစ်ရှင် "မြန်မာနိုင်ငံဆိုင်ရာ လွပ်လပ်သော နိုင်ငံတကာ အချက်အလက်ရှာဖွေရေး မစ်ရှင်၏ တွေ့ရှိချက်အသေးစိတ် အစီရင်ခံစာ (2018 FFM Report)" UN Doc. A/HRC/39/CRP.2 (၂၀၁၈), စာမျက်နှာ ၃၇ မှ ၄၁ (ကချင်နှင့် ရှမ်းပြည်နယ်များမှ ဖြတ်ပျက်မှုများ) နှင့် ၂၀၅ မှ ၉ (ရခိုင်ပြည်နယ်မှ ဖြစ်ပျက်မှုများ)

[27] နမူနာကို ကြည့်ပါ။ ICJ "ICJ သည် ဦးကိုနီအသတ်ခံရသည့် ၂ နှစ်ပြည့် အထိမ်းအမှတ်ကို ပြုလုပ်သည်။" ၂၀၁၉ ခုနှစ် ဇန်နဝါရီလ ၂၉ ရက်။ https://www.icj.org/wp-content/uploads/2019/01/Myanmar-Ko-Ni-Statement-News-web-stories-2019-ENG.pdf/ (Burmese: "ရှေ့နေဦးကိုနီ လုပ်ကြံခံရမှု (၂) နှစ်ပြည့် အထိမ်းအမှတ် အတြက် ICJ ကြေျငာခ်က္ထုတ်," https://www.icj.org/wp-content/uploads/2019/01/Myanmar-Ko-Ni-Statement-News-web-stories-2019-BUR.pdf

[28] မကြာသေးမီက ထွက်ရှိသော အစီရင်ခံစာတွင် ဤစည်းမျဉ်း၏ ကန့်သတ်ခြွင်းချက်များ ပါရှိလာသည်။ ဥပမာ ၂၀၁၄ နိုဝင်ဘာလတွင် စစ်သားတစ်ဦးကို မသန်စွမ်း ကချင်တိုင်းရင်းသူအား ပြန်ပေးဆွဲ၊ မုဒိမ်းကျင့်မှုဖြင့် ပြစ်ဒဏ်ချ၊ ထောင် ၁၃နှစ် ကျစေခဲ့သည်။ စစ်တရားရုံး၌ လျှော့ပေါ့သောပြစ်ဒဏ်ချမှတ်ခဲ့တဲ့အတွက် အရပ်ဘက်တရားရုံးသို့ ယင်းစစ်သားကို လွှဲပြောင်းခဲ့သည်။ICJ, "တရားမျှတမှုရယူခြင်း" စာမျက်နှာ ၁၄ အထက်ကိုးကား။ Lawi Weng ၏ "မှတ်ပုံတင် မထုတ်ပေးသော အရပ်သားကို သတ်ဖြတ်ခဲ့မှုအတွက် တပ်မတော်အရာရှိကို ထောင်ဒဏ် ၁၀နှစ် ချမှတ်ခဲ့သည်" ကိုကြည့်ရန်။ ဧရာဝတီ၊ ၂၀၁၉ မေလ ၂၁ ရက်၊ (Burmese: လဝီဝမ်, "တပ်မတော်အရာရှိကို မော်လမြိုင်တရားရုံးမှ ထောင် ၁၀ နှစ်ချမှတ်," ဧရာဝတီ); Lawi Weng, "အရပ်သားများကို သတ်ဖြတ်ခဲ့ပြီးနောက် မြန်မာစစ်သားများကို ထောင်ဒဏ် နှစ် ၂၀ ချမှတ်" ဧရာဝတီ၊ ၂၀၁၉ စက်တင်ဘာလ ၆ ရက်၊ ကချင်ပြည်နယ်ရှိ အခြားအခြေအနေတခုတွင်၊ စစ်သားများ သတ်ဖြတ်ခဲ့သည့် IDP သုံးဦး၏ အမျိုးများသည် (ထူးထူးခြားခြား) စစ်တရားရုံး၌ ကြားနာစစ်ဆေးမှုတွင် မတက်ရောက်နိုင်ခဲ့။- Radio Free Asia, "ကချင်ရွာသားများကို သတ်ဖြတ်ခဲ့ကြောင်း တပ်မတော်အရာရှိများဝန်ခံ" ၂၀၁၇ခုနှစ် စက်တင်ဘာလ ၂၀ ရက်။

၎င်းတို့၏မိသားစုဝင်များအတွက် ပြန်လည်ကုစားပေးမှုရရှိစေရန် ထည့်သွင်းစဉ်းစားမှု မရှိကြောင်း(ရှိခဲ့လျှင်ပင် အနည်းငယ်သာ ရှိကြောင်း) အစရှိသဖြင့် ထူးခြားသွင်ပြင်လက္ခဏာကို ဖော်ပြလေ့ရှိကြသည်။[29] အစိုးရရှေ့နေများ (မြန်မာပြည်တွင် ဥပဒေအရာရှိများဟု ရည်ညွှန်းပြောဆိုလေ့ရှိ) သည် စစ်တပ်နှင့် ထိပ်တိုက်တွေ့သော အမှုများကိုဖြစ်စေ အထူးအကျိုးစီးပွား ပါဝင်ရောယှက်သော အမှုများကိုဖြစ်စေ ထိရောက်စွာ တရားစွဲဆိုသည်မှာ ရှားပါးလှပါသည်။ နိုင်ငံရေးအရ ထိရှလွယ်သော အမှုများတွင် ရဲများ၏ အခန်းကဏ္ဍသည် အကျိုးပျက်ပြားသော အခန်းကဏ္ဍသာ ဖြစ်လေ့ရှိသည်။[30] ရှေ့နေများသည် ၎င်းတို့၏ အမှီအခိုကင်း လွပ်လပ်မှု အတွက် ကြီးမားသော စိန်ခေါ်မှုများစွာကို ကြုံတွေ့ကြရသည့်အပြင် လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်ဆက်နွယ်သော အမှုများကို တရားစွဲဆိုရာတွင် နောက်ထပ်ဖိအားပေါင်းများစွာကို ရင်ဆိုင်ရသည်။ ဥပမာ- ပုံစံမျိုးစုံဖြင့် လက်တုန့်ပြန်နိုင်ခြေ ရှိခြင်း စသည့် စိန်ခေါ်မှု ဖိအားများကို ရင်ဆိုင် ကြုံတွေ့ကြရသည်။[31] စစ်တရားရုံးများသည်လည်း ကျူးလွန်သူကို တာဝန်ခံစေမှု အမြဲတစေလို မရှိပါ၊ သို့တည်းမဟုတ် နစ်နာသူများကို ကုစားမှုပြန်လည်ရရှိစေမှု မရှိ။[32] ၂၀၁၁ခုနှစ်မှစ၍ မြန်မာနိုင်ငံ၌ စစ်တပ်ဦးဆောင်သော (သို့မဟုတ်) အုပ်ချုပ်ရေးအကြီးအကဲ ဦးဆောင်သော စုံစမ်းစစ်ဆေးရေး ကော်မရှင်မှ လုံခြုံရေးတပ်ဖွဲ့များ လူ့အခွင့်အရေး ချိုးဖောက်မှုအတွက် ထိရောက်သော ရားစွဲဆိုမှု ဦးဆောင်ပြုလုပ်သည်ကို မတွေ့ရှိသေးပါ။ (သို့မဟုတ်) နစ်နာသူများနှင့် ၎င်းတို့၏ မိသားစုဝင်များ အတွက် ကုစားမှုကို မဖြည့်ဆည်းပေးနိုင်သေးပါ။[33]

ယခုလိုဖြစ်နေသည့် အခင်းအကျင်း၌ ကုလသမဂ္ဂ လူ့အခွင့်အရေး ကောင်စီသည် မြန်မာနိုင်ငံအတွက် လွပ်လပ်သော စုံစမ်းစစ်ဆေးရေး ယန္တရားကို ဖွဲ့စည်းတည်ထောင်ရန် ၂၀၁၈ ခုနှစ် စက်တင်ဘာလ၌ ဆုံးဖြတ်ခဲ့ သည်။ ထိုသို့ဖွဲ့စည်းရန်ဆုံးဖြတ်ရခြင်းမှာ မြန်မာနိုင်ငံဆိုင်ရာ လွပ်လပ်သော နိုင်ငံတကာ အချက်အလက်ရှာဖွေရေး မစ်ရှင်၏ တွေ့ရှိချက်အရ အပြည်ပြည်ဆိုင်ရာ ဥပဒေအရ အဆိုးရွားဆုံး ပြစ်မှုများမြောက်စေသည့် လူ့အခွင့်အရေး

---

[29] ICJ, "တရားမျှတမှုရယူခြင်း" အထက်ကိုးကား၊ စာမျက်နှာ ၃၂ မှ၂၅။

[30] အဂတိလိုက်စားမှု၊ သက်သေအတုပြုလုပ်မှု၊ တရားခွင်ကြန့်ကြာစေမှု၊ နိုင်ငံရေးအရ လှုံ့ဆော်သော စုံစမ်းစစ်ဆေးမှုများနှင့် တရားစွဲဆိုမှုများ၊ အမှုသည်များနှင့် တွေ့ဆုံမှုအား ငြင်းဆိုမှု၊ နှင့် ပြစ်မှုထင်ရှားစီရင်ခြင်းမခံသရွေ့ အပြစ်မဲ့ကြောင်း မှတ်ယူခြင်း မူကို နှောင့်ယှက်မှု စသည်တို့၌ ပါဝင်။ ICJ, "ရှေ့နေဌားရမ်းပိုင်ခွင့်- မြန်မာနိုင်ငံ ရှေ့နေများ၏ အမှီအခိုကင်းလွတ်လပ်မှုရှိခြင်း"၂၀၁၃ ဒီဇင်ဘာလ ၃ရက်။ ဤဝက်ဆိုဒ်၌ ဝင်ရောက်ကြည့်နိုင်သည် https://www.icj.org/myanmar-lawyers-still-face-restrictions-despite-increased-independence-2/
(Burmese: "မြန်မာနိုင်ငံ ရှေ့နေများ၏ လွတ်လပ်ခွင့်" https://www.icj.org/wp-content/uploads/2015/07/MYANMAR-Right-to-Counsel-Publications-Thematic-Report-2015-BUR.pdf).

[31] အထက်ပါအတိုင်း စာမျက်နှာ ၁၇ မှ၂၀။

[32] ရခိုင်ပြည်နယ် အင်ဒင်းကျေးရွာ၌ ရိုဟင်ဂျာအမျိုးသား ၁၀ယောက်ကို အစုလိုက်အပြုံလိုက် သတ်ဖြတ်မှု၌ ပါဝင်ပြီးစွန်းသော စစ်သားများကို စော၍ လွတ်ပေးခဲ့ခြင်းသည် ဆိုးရွားသော လူ့အခွင့်အရေးချိုးဖောက်မှုများအတွက် အရပ်ဘက် တရားစီရင်ရေးစနစ်အတွင်း စစ်ဆေးစီရင်ရန်အရေးကြီးကြောင်းကို အသားပေးဖော်ပြနေသည်။ Shoon Naing and Simon Lewis ၏ "ရိုဟင်ဂျာများကို သတ်ဖြတ်ခဲ့သောကြောင့် ထောင်ချခံရသည့် မြန်မာစစ်သားများကို တစ်နှစ်မပြည့်မီ လွတ်ခဲ့" Rueters၂၀၁၉ခုနှစ် မေလ ၂၇ ရက် ကိုကြည့်ရန်။

[33] ICJ, "တရားမျှတမှုကိုရယူခြင်း" အထက်ကိုးကာ၊ စာမျက်နှာ ၁၉ မှ ၂၂။ ICJ ၏ "စုံစမ်းစစ်ဆေးရေး ကော်မရှင်အသစ်သည် တရားမျှတမှု (သို့မဟုတ်) တာဝန်ခံမှုကို မဖော်ဆောင်နိုင်" ကိုကြည့်ရန်။ ၂၀၁၈ခုနှစ် စက်တင်ဘာလ။ ဤဝက်ဆိုဒ်၌ ကြည့်ရန်- https://www.icj.org/myanmar-governments-commission-of-inquiry-cannot-deliver-justice-or-accountability/(Burmese: မန္တာနိုင်ငံ - စုံစမ်းစစ်ဆေးရေးကော်မြင်သစ္စ တရားမြှမှု (သို့မဟုတ်) တာဝန်ခံမှုဖော်ဆောင်ပေးနိုင်ခင်းမရှိ၍ နိုင်ငံတကာ၏ တို့ပြန္တ လိုအပ်နေ," https://www.icj.org/wp-content/uploads/2018/09/Myanmar-COI-cannot-deliver-justice-or-accountability-Advocacy-Analysis-brief-2018-BUR.pdf) နည်းလမ်းတကျ ဖွဲ့စည်းသောအခါ၊ အထူးစုံစမ်းစစ်ဆေးရေးအဖွဲ့သည် နိုင်ငံ့တာဝန်ဖြစ်သော ပြစ်မှုများကို စုံစမ်းစစ်ဆေး၊ တရားစွဲဆို ပြစ်ဒဏ်ပေးစေရာတွင် ပံ့ပိုးကူညီပေးနိုင်မည်။ သို့သော် ကမ္ဘာ့အတွေ့အကြုံအရ စုံစမ်းစစ်ဆေးမှုများသည် ဤအခြေခံစံနှုန်းများကို မပြည့်မီနိုင်သောအခါ ပြည်တွင်း (သို့မဟုတ်) နိုင်ငံတကာ ယန္တရားမှ ပြစ်မှုစုံစမ်းစစ်ဆေးခြင်းကို သွေဖီကာ ပြစ်ဒဏ်ပေးခံရခြင်းမှ ကင်းလွတ်မှုကို တိုးမြင့်စေသော ရလဒ်အမှန်တကယ် ရှိနေကြောင်း ပြသနေသည်။ See: ICJ, "နီပေါနိုင်ငံရှိ စုံစမ်းစစ်ဆေးရေး ကော်မရှင်- ကုစားမှုများကို ငြင်းဆန်ခြင်း၊ ပြစ်ဒဏ်ပေးခံရခြင်းမှ လွတ်မြောက်ခြင်းကို ခိုင်မာစွာအမြစ်တွယ်စေခြင်း" ၂၀၁၂ခုနှစ် ဇွန်လ။ ဤဝက်ဆိုဒ်၌ ရရှိနိုင်သည်.. https://www.icj.org/nepal-toothless-commissions-of-inquiry-do-not-address-urgent-need-for-accountability-icj-report/

ချိုးဖောက်မှုများအတွက် တာဝန်ခံမှုနှင့် ကုစားမှု မရှိခြင်းကို တုံ့ပြန်ဆောင်ရွက်ရန် ဖြစ်သည်။[34] နိုင်ငံတော်အစိုးရမှ ၎င်းလိုက်နာရမည့် နိုင်ငံတကာဆိုင်ရာ ဥပဒေတာဝန်ဝတ္တရားများကို ပျက်ကွက်ခြင်းသည် နိုင်ငံတကာဆိုင်ရာ ရာဇဝတ်ခုံရုံး၏ တရားလိုရှေ့နေများအတွက် ဘင်္ဂလားဒေ့ရှ်/မြန်မာနိုင်ငံရှိ အခြေအနေများကို ၂၀၁၉ နိုင်ဝင်ဘာလ၌ စုံစမ်းစစ်ဆေးမှု စတင်လုပ်ဆောင်နိုင်မည့် အခြေအမြစ်ပင် ဖြစ်သည်။ (မြန်မာနိုင်ငံနှင့် မတူသော အပြည်ပြည်ဆိုင်ရာ ခုံရုံး၏ ရောမစာတမ်းကျွတ် လက်မှတ်ထိုးထားသည့် အဖွဲ့ဝင်နိုင်ငံဖြစ်သော ဘင်္ဂလားဒေ့ရှ် နယ်နမိတ်အတွင်း ဖြစ်ပျက်သော ပြစ်မှုအစိတ်အပိုင်းပါ လုပ်ဆောင်ချက်များကို ကန့်သတ် ထားသည်။)[35] ပြည်တွင်းအဆင့်၌ အမြဲတစေလို တာဝန်ခံမှု မရှိခြင်းနှင့် ဆိုးရွားသော လူ့အခွင့်အရေး ဆက်လက် ချိုးဖောက်မှုများက ဖော်ပြပါ နိုင်ငံတကာ၏ တုံ့ပြန်ဆောင်ရွက်ချက်လုပ်ရပ် နှစ်မျိုးစလုံးကို ကျိုးကြောင်းသင့် ရှင်းပြပေးနေသည်။[36]

## ၂.၄။ ဖမ်းဆီးထိန်းသိမ်းထားခြင်းနှင့် ရှေ့နေငှားရမ်းပိုင်ခွင့်

ရှေ့နေများ၏ အခန်းကဏ္ဍဆိုင်ရာ ကုလသမဂ္ဂအခြေခံမှုများတွင် "အစိုးရများသည် ပြစ်မှုကြောင်းအရ စွဲချက်တင်ခံရသော (သို့မဟုတ်) စွဲချက်မတင်ခံရသော ဖမ်းဆီး၊ ထိန်းသိမ်းခံလူပုဂ္ဂိုလ်အားလုံးကို ထိုသို့ ဖမ်းဆီး ထိန်းသိမ်းခံရပြီး ၄၈ နာရီထက်နောက်မကျစေဘဲ ချက်ခြင်းရှေ့နေငှားရမ်းပိုင်ခွင့် ရှိစေရမည်" ဟု အသေအချာ အလေးပေးပြောဆိုထားသည်။ ဂျာနယ်ဇင်း သတင်းထောက်များက ၎င်းတို့၏ တရားဝင် လုပ်ငန်းဆောင်တာ များကို လုပ်ကိုင်နေစဉ် ဖမ်းဆီးထိန်းသိမ်းခြင်းသည် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်၊ သတင်းအချက်အလက် ရှာဖွေ၊ ရယူ၊ ဖြန့်ဝေခွင့် နှင့် အများပြည်သူရေးရာများ၌ ပူးပေါင်းပါဝင်ခွင့် စသည်တို့ကို ချိုးဖောက်ရာ ရောက်သည်။[37]

မြန်မာနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ(၁၉)နှင့်(၃၇၅)တို့သည်လည်း ရှေ့နေဖြင့်ခုခံကာကွယ်ပိုင်ခွင့်ကို အာမခံပေးထားသည်။ အလားတူ မြန်မာနိုင်ငံ၏ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ (၃၄၀)၊ တရားရုံးလက်စွဲ ပုဒ်မ ၄၅၅ (၁)၊ ရဲလက်စွဲ ပုဒ်မ ၁၁၉၈(ဂ)၊ နှင့် အကျဉ်းထောင်အက်ဥပဒေ ပုဒ်မ (၄၀) တို့တွင်လည်း ယင်းသို့ အာမခံထားသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၁(ဂ) နှင့် (၃၇၆)၊ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ (၆၁) တို့တွင် တရားသူကြီး၏ အမိန့်မရရှိဘဲ မည်သူတစ်ဦးတစ်ယောက်ကိုမျှ ၂၄ ထက်ပို၍ ဖမ်းဆီးချုပ်နှောင်ထားခြင်း မပြုလုပ်ရ ဟု ပြဋ္ဌာန်းထားသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ရှေ့နေဖြင့်ခုခံကာကွယ်ပိုင်ခွင့်ရှိခြင်းသည် ထိန်းချုပ်ခံ ၂၄နာရီ အတွင်း ရှေ့နေငှားရမ်းပိုင်ခွင့် ရှိကြောင်း အဓိပ္ပါယ်သက်ရောက်သည်။ တရားရုံးလက်စွဲ ပုဒ်မ ၄၀၃တွင် တရားသူကြီးရှေ့မှောက် ခေါ်ဆောင်ပြီးနောက်မှသာ ဖမ်းဆီးထိန်းသိမ်းခံထားရသူအတွက် ချုပ်မိန့် တောင်းခံ နိုင် ကြောင်း ပြဋ္ဌာန်းထားသည်။ ပြည်ထောင်စုရှေ့နေချုပ်ရုံးသည် ဖမ်းဆီးထိန်းသိမ်းခံရစဉ် ရှေ့နေငှားရမ်းပိုင်ခွင့်နှင့် အကာအကွယ်

---

[34] Sean Bain ၏ "တရားမျှတမှုသို့ ဦးတည်သည့် ဥပဒေဆိုင်ရာ လမ်းကြောင်း ပေါ်ထွက်ခြင်း" Asia Times, ၂၀၁၈ခုနှစ် အောက်တိုဘာလ ၄ ရက်။ ဤဝက်ဆိုဒ်၌ ဝင်ရောက်ကြည့်ရှုနိုင်သည်- https://www.icj.org/a-legal-path-to-justice-emerges-for-myanmar/ (Burmese: "တရားမျှတမှုသို့ ဦးတည်သည့် ဥပဒေဆိုင်ရာ လမ်းကြောင်း ပေါ်ထွက်ခြင်း," ရောဝတီ).

[35] ဤစီရင်ပိုင်ခွင့် အခြေအမြစ်ကို ထပ်မံခွဲခြမ်းစိတ်ရန် ICJ ၏ "ICJ သည် အပြည်ပြည်ဆိုင်ရာ တရားရုံးသို့ Amicus Curiae အကျဉ်း တင်သွင်းသည်" ကိုကြည့်ရန်။ https://www.icj.org/icj-submits-amicus-curiae-brief-to-international-criminal-court/ "ICJ အကြီးတန်း ဥပဒေအကြံပေးသည် အပြည်ပြည်ဆိုင်ရာ တရားရုံးလုပ်ငန်းစဉ်ကို BBC မြန်မာပိုင်းအစီအစဉ်၏ လူတွေ့မေးမြန်းခန်းတွင် ရှင်းပြသည်"၊ ၂၀၁၉ခုနှစ် နိုဝင်ဘာလ ၁၂ ရက်- ကိုလည်းကြည့်ပါ။ ဗမာနှင့် အင်္ဂလိပ် နှစ်ဘာသာဖြင့် ဤဝက်ဆိုဒ်၌ ဝင်ရောက်ကြည့်နိုင်သည်… https://www.icj.org/icj-senior-legal-adviser-kingsley-abbott-explains-the-international-criminal-court-process-in-an-interview-for-bbc-burmese/

[36] Sean Bain "နိုင်ငံတကာ၏ စတင်လုပ်ဆောင်မှုများသည် မြန်မာနိုင်ငံရှိ ငြိမ်းချမ်းရေးနှင့် တရားမျှတမှုကို ပံ့ပိုးကူညီနိုင်ပုံ" The Irrawaddy ၂၀၁၉ခုနှစ် နိုဝင်ဘာလ ၂၁ ရက်။ ဤဝက်ဆိုဒ်၌ ရနိုင်သည် https://www.irrawaddy.com/opinion/international-initiatives-can-support-peace-justice-myanmar.html (https://burma.irrawaddy.com/ တွင် မြန်မာလိုရရှိနိုင်သည်။).

[37] အသေးစိတ်ကို ဤတွင်ကြည့်ပါ "အမျိုးသားလုံခြုံရေးနှင့် သတင်းအချက်အလက် ရရှိပိုင်ခွင့်ဆိုင်ရာ တကမ္ဘာလုံး အခြေခံမှုများ" (" Tshwane အခြေခံမှုများ"), ၂၀၁၃ ခုနှစ် ဇွန်လ ၁၂ ရက်။

ရပိုင်ခွင့်များအပါအဝင် မြန်မာနိုင်ငံ ဥပဒေ၌ မျှတသော တရားစီရင်ခွင့်များဆိုင်ရာ လမ်းညွှန်ချက် ကို ထုတ်ဝေထားသည်။ [38]



အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်
( သတင်းအရင်းအမြစ် -DVB)

## ၃။ ကိုပါကြီးအား ဖမ်းဆီးခြင်း၊ ပျောက်ဆုံးခြင်း နှင့် သေဆုံးခြင်း

### ၃.၁။ ဖမ်းဆီးခြင်းနှင့် ပျောက်ဆုံးခြင်း

၂၀၁၄ ခုနှစ် စက်တင်ဘာလ ၂၆ ရက်နေ့တွင် ကိုပါကြီးသည် တပ်မတော်နှင့် ဒီမိုကရေစီအအကျိုးပြု ကရင့်တပ်မတော် (DKBA) အကြား အပြန်အလှန် ပစ်ခတ်မှု ဖြစ်ပွားခဲ့ခြင်းကို သတင်းရယူရန်ရန်အတွက် ရန်ကုန်မြို့မှ မွန်ပြည်နယ်သို့ သွားခဲ့ပါသည်။ ထိုရက်များမတိုင်မီက တစ်နိုင်ငံလုံး အပစ်အခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ်အတွက် ရန်ကုန်မြို့တွင် ကျင်းပခဲ့သည့် ငြိမ်းချမ်းရေးညီလာခံတွင် ကိုပါကြီး ရှိနေခဲ့ပါသည်။ တပ်မတော်နှင့် ပစ်ခတ်မှုများ အကြောင်း ကြားသိရချိန်တွင် ဒီမိုကရေစီအကျိုးပြု ကရင့်တပ်မတော် (DKBA)၏ နိုင်ငံရေးအဖွဲ့ဖြစ်သော ညီလာခံကိုယ်စားလှယ် ကလိုထူးဘော ကရင်အဖွဲ့အစည်း (KKO) သည် မွန်ပြည်နယ်သို့ ပြန်သွားခဲ့ပါသည်။ [39] ကိုပါကြီးသည် ၎င်းအဖွဲ့နှင့် အတူပြန်ခဲ့ပြီး စက်တင်ဘာ ၂၇ မှ ၂၉ အကြား ရွှေဝါချောင်တွင် ဖြစ်ပွားခဲ့သည့် တိုက်ပွဲများအတွင်း စစ်ရေးသတင်းဓာတ်ပုံ ရရှိရန်အတွက် ဓာတ်ပုံသတင်းထောက် တစ်ဦးအဖြစ်

---

[38] ပြည်ထောင်စု ရှေ့နေချုပ်ရုံး၊ "မြန်မာနိုင်ငံအတွက် မျှတသော တရားစီရင်ခြင်း လမ်းညွှန်စာအုပ်" ၂၀၁၈ခုနှစ် ဖေဖော်ဝါရီလ။ အထူးသဖြင့် တစ်ဖက်သတ် ဖမ်းဆီးထိန်းသိမ်းခြင်းနှင့်ဆိုင်သော... စာမျက်နှာ ၂၂ မှ ၂၈ ကိုကြည့်ရန်။

[39]Radio Free Asia " **မြန်မာ တပ်ဖွဲ့များ နှင့် တိုက်ပွဲအတွင်း ကရင်လက်နက်ကိုင် သူပုန် ၅ ဦးသေဆုံး" ၂၀၁၄ ခုနှစ် စက်တင်ဘာလ ၉ ရက်။**

ဒီမိုကရေစီအကျိုးပြုကရင့်တပ်မတော် အဖွဲ့နှင့်အတူ သတင်းရယူခဲ့ပါသည်။[40] ရွာဦးကျောင်းထိုင် ဆရာတော်မှလည်း ကိုပါကြီးကို ဤအရပ်ဒေသတွင် တွေ့ရှိခဲ့ကြောင်း နှင့် တွေ့ရှိခဲ့ချိန်တွင် ဂျာနယ်လစ်စတိုင် အပေါ်အင်္ကျီ ဝတ်ဆင်ထားပြီး ကင်မရာကိုင် ထားသည့် သာမန်အရပ်သားပြည်သူတစ်ဦးအဖြစ် လွယ်ကူစွာ သိရှိနိုင်ကြောင်းကို နောက်ပိုင်းတွင် အတည်ပြုပြောဆိုခဲ့ပါသည်။ [41] တိုက်ပွဲအခြေအနေများကို သုံးရက်ခန့် သတင်းရယူပြီးချိန်တွင် ကျိုက်မရောမြို့သို့ ကူးတို့လှေစီး၍ ထွက်ခွာခဲ့ပါသည်။

စက်တင်ဘာလ ၃၀ ရက်နေ့ မနက်၊ ကျိုက်မရောမြို့ရှိ လှေဆိပ်သို့ ရောက်ချိန်တွင် ကိုပါကြီးက ၎င်း၏သမီး ထိုင်းနိုင်ငံ၊ ချင်းမိုင်မြို့ တွင် ဘွဲ့ယူသည့် အခမ်းအနားတက်ရောက်ဖို့အလို့ငှာ ခရီးဆက်နိုင်ရန်အတွက် ပတ်ဝန်းကျင်ကို မေးမြန်းခဲ့ပါသည်။ ကိုပါကြီး ကျိုက်မရောမြို့ ရောက်လာပုံအနေအထားကို သာမန် အခြေအနေ နှင့် မတူထူးခြားသည်ဟု အောက်ပါအချက်များအရ တွေးဆမိနိုင်ပါသည်။ လူစိမ်းတစ်ဦးဖြစ်ခြင်း၊ အရပ်အမောင်း ခြောက်ပေကျော် ထောင်မောင်းခြင်း၊ လေးရက်ကျော်ခန့် တိုက်ပွဲအခြေအနေ သတင်းယူရခြင်းကြောင့် ဖိုသီဖတ်သီ ဖြစ်နေခြင်း နှင့် ပုံမှန်ထက်ကြာမြင့်သည့် မော်တော်ယာဉ်ခရီးရှည် အတွက် ငှားရမ်းနေခြင်း အစရှိသည့် အချက်များ ကြောင့်ဖြစ်နိုင်ပါသည်။ ကျိုက်မရောဒေသသည် တပ်မတော်နှင့် ဒီမိုကရေစီအကျိုးပြု ကရင့်တပ်မတော် (DKBA) တို့အကြားမှ တိုက်ပွဲများနှင့် အနီးကပ်ဆုံးနေရာတွင် တည်ရှိနေခြင်းကြောင့် ဆက်ဆံရေးတင်းမာမှု ပြင်းထန်မှုများ ရှိသည့် ဒေသတစ်ခု ဖြစ်ပါသည်။

မြန်မာတစ်ပြည်လုံးတွင် လှုပ်ရှားနေသည့် ဒေသတွင်း သတင်းပေးကွန်ယက်များအား အာဏာပိုင်များထံသို့ မသင်္ကာဖွယ် လှုပ်ရှားမှုတစ်စုံတစ်ရာ တွေ့ရှိပါက သတင်းပို့ တိုင်ကြားရန် ညွှန်ကြားထားပြီးဖြစ်ပါသည်။ ကိုပါကြီး မြို့သို့ရောက်ရှိလာခြင်းကို ဖြစ်ပွားနေသည့် တိုက်ပွဲများ နှင့်ဆက်စပ်နေသူဖြစ်သည်ဟု ယူဆ၍ ရဲများထံသို့ တိုင်ကြားမှုများ ပြုလုပ်ခဲ့သည်မှာ သိသာထင်ရှားပါသည်။ [42] ရောက်ရှိလာသည့် နံနက်ခင်းပိုင်းတွင် ကိုပါကြီးအား ဒေသခံရဲများက ဖမ်းဆီးခဲ့ပါသည်။ ကိုပါကြီး ရောက်နေကြောင်း တပ်မတော်က သိရှိခဲ့သည့် နောက်ပိုင်းတွင် အစဦးပိုင်း စစ်ကြောမေးမြန်းမှုများ ပြုလုပ်အပြီးတွင် ရဲတပ်ဖွဲ့များ ထိန်းသိမ်းထားရာမှ စစ်သားများ ကထိုနေ့တွင်ပင် ဖမ်းဆီးခေါ်ဆောင်သွားပါသည် [43] မြို့နယ်ရဲမှူးက နောက်ပိုင်းတွင် "ကျွန်တော်တို့က ကိုပါကြီးကို စစ်တပ် လက်ထဲ တရားဝင်လွှဲပြောင်းထည့်ပေးလိုက်တာ မဟုတ်ဖူး၊ သူတို့က ခေါ်သွားတာ" ဟု ဆိုပါသည်။[44]

နိုင်ငံတကာ ဥပဒေနှင့် မြန်မာနိုင်ငံ ဥပဒေများနှင့် လမ်းညွှန်ချက်များ (အပိုင်း ၂.၄ တွင် ကြည့်ပါ)တွင် ဖော်ပြထားသည့် ရှေ့နေငှားပိုင်ခွင့်ကို ကိုပါကြီး ရရှိခဲ့ခြင်းမရှိသည့်အတွက် ၎င်းအား ထိန်းသိမ်းထားခြင်းသည် တရားဥပဒေနှင့်မညီပဲ တရားလက်လွတ် ဖမ်းဆီးခြင်းဖြစ်သည်။ ထို့အပြင် ယခုအမှုတွင် သတင်းထောက်တစ်ဦးကို ရဲတပ်ဖွဲ့ (အရပ်သားအမည်ခံ) ထိန်းသိမ်းမှုမှ စစ်တပ်လက် သို့ လွှဲပြောင်းရာတွင် ခိုင်လုံသည့်ဥပဒေ အကြောင်း ခြင်းဆိုင်ရာ မရှိကြောင်း သိသာထင်ရှားပါသည်။

ဖမ်းဆီးခဲ့ချိန်တွင် ကိုပါကြီးမှ မိမိကိုယ်ကို သတင်းထောက်တစ်ဦးအဖြစ် ထုတ်ဖော်ပြောဆိုခဲ့ခြင်း ရှိ၊မရှိကို ရှင်းလင်းစွာသိရခြင်းမရှိပါ။ မြန်မာနိုင်ငံလူ့အခွင့်အရေးကော်မရှင်မှ လက်ခံခဲ့သည့် တပ်မတော်၏ သတင်းထုတ် ပြန်ချက်များအရ ကိုပါကြီးက ထုတ်ဖော်ခြင်း မရှိခဲ့ဟု ဆိုပါသည်။ သို့သော်လည်း တပ်မတော်မှ ကိုပါကြီး သေဆုံးမှုကို ကနဦးတွင် ဖုံးကွယ်ရန် ကြိုးပမ်းမှုကို ကြည့်ခြင်းအားဖြင့် ဤအဆိုကို ခိုင်လုံသည်ဟု ယူဆ၍ မရနိုင်ပါ။ ကိုပါကြီးနှင့်လည်းသိရှိသည့် စစ်ရေးသတင်းယူ အတွေ့အကြုံ ရှိသည့် သတင်းထောက် တစ်ဦးက(ထိုစဉ်ကလည်း

---

[40] မှတ်ချက်။ ကျေးရွာ၏ နာမည်ကို အင်္ဂလိပ်ဘာသာဖြင့် "Shwe Ya Chaung" ဟုလည်း ဖလှယ်နိုင်ပါသည်။

[41] မြန်မာနိုင်ငံတွင် ICJ မှ လူတွေ့မေးမြန်းခံသူများ နှင့် မေးမြန်းခြင်း၊ ၂၀၁၈ခုနှစ် ဇူလိုင်လ နှင့် စက်တင်ဘာလ။

[42] မြန်မာနိုင်ငံတွင် ICJ မှ လူတွေ့မေးမြန်းခံသူများ နှင့် မေးမြန်းခြင်း၊ ၂၀၁၈ခုနှစ် ဇူလိုင်လ။

[43] မြန်မာနိုင်ငံ လူ့အခွင့်အရေးကော်မရှင် "ကိုအောင်နိုင်(ခ) ကိုအောင်ကျော်နိုင်(ခ) ကိုပါကြီး သေဆုံးမှုနှင့်ပတ်သက်၍ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေး ကော်မရှင်၏ စုံစမ်းစစ်ဆေးမှုထုတ်ပြန်ချက်" ၂၀၁၄ ခုနှစ် ဒီဇင်ဘာလ ၂ ရက်၊ စာပိုဒ် ၂၀ နှင့် ၂၁ ကို ကြည့်ရန်။ အမှတ် (၂၂) ခြေမြန်တပ်မဌာနချုပ်သည် ကရင်ပြည်နယ်အနီး ဖားအံမြို့တွင် ဌာနချုပ် ရုံးစိုက်သော်လည်း၊မြန်မာနိုင်ငံ လူ့အခွင့်အရေးကော်မရှင်၏ အစီရင်ခံစာအရ "စစ်မြေပြင် ကွပ်ကဲမှု ဌာနချုပ်" သည် မွန်ပြည်နယ်ရှိ ရွှေဝါချောင်းဘုန်းကြီးကျောင်းတွင် တပ်ချထားသည်ကို ညွှန်ပြပါသည်။ ထိုဒေသတွင် အစိုးရနှင့် မဟာမိတ်ဖွဲ့ထားသည့် ပြည်သူ့စစ်တပ်ဖွဲ့များလည်း ရှိနေသည်ဟု သိရပါသည်။ Saw Yan Naing "မွန်ပြည်နယ်တွင် အစိုးရနှင့် ကရင် လက်နက်ကိုင် သူပုန်များအကြား တိုက်ပွဲများ ပြင်းထန်" The Irrawaddy၊ ၂၀၁၄ ခုနှစ် စက်တင်ဘာလ ၂၉။

[44] Democratic Voice of Burma "တရားမျှတမှု ခရီးလမ်း - ပါကြီး၏အမှု" ၂၀၁၅ ဇန်နဝါရီ။ မြို့နယ်ရဲမှူး၏ ထွက်ဆိုချက်မှတ်တမ်းအား ၂၀၁၄ ခုနှစ် နိုဝင်ဘာလ ၄ ရက်တွင် ရိုက်ကူးခဲ့သည် ဟုသိရသည်။

၎င်းဒေသသို့ရောက်ရှိနေသူ) ကိုပါကြီးအနေဖြင့် မိမိကိုယ်ကို သတင်းထောက် တစ်ဦးအဖြစ် မဆိုင်းမတွ ထုတ်ပြောလိမ့်မည်ဟု ယုံကြည်ကြောင်း ဆိုပါသည်။ ကိုပါကြီး ပျောက်ဆုံးမှု ဖြစ်စဉ် နောက်ဆက်တွဲကို အနီးကပ် ခြေရာခံလိုက်ခဲ့သည့် အခြားသတင်းထောက်တစ်ဦးကမူ ဆိုးရွားသည့် လက်တုန့်ပြန် မှုပြုလုပ်မည်ကို စိုးရိမ်သည့်အတွက် ကိုပါကြီးအနေဖြင့် ၎င်း၏ အလုပ်အကိုင်ကို မထုတ်ဖော်ခြင်းလည်းဖြစ်နိုင် သည်ဟု ဆိုပါသည်။[45]

ကနဦးတွင် ကိုပါကြီးအား အမှတ်(၂၀၈)ခြေမြန်တပ်ရင်းမှ ဖမ်းဆီးထိန်းသိမ်းထားခဲ့ပြီးနောက်ပိုင်းတွင် အမှတ် (၂၁၀) ခြေမြန်တပ်ရင်းထံသို့ လွှဲပြောင်းပေးခဲ့ပါသည်။ [46] ၎င်းခြေမြန်တပ်ရင်းနှစ်ခုလုံးသည် ပုံမှန် သတင်းထောက် များပြုလုပ်လေ့ရှိသည့် အတိုင်း ကိုပါကြီးမှ ဒီမိုကရေစီအကျိုးပြုကရင့်တပ်မတော် (DKBA) နှင့်အတူ တိုက်ပွဲသတင်းများကိုယူခဲ့သည့် ရွှေဝါချောင်းရွာအနီး တွင် စစ်ဆင်ရေးလုပ်ရှားများ ပြုလုပ်ခဲ့ပါသည်။ ဒီမိုကရေစီ အကျိုးပြုကရင့်တပ်မတော်(DKBA)က သိမ်းဆည်းသွားသည့် တပ်မတော်ပိုင် လက်နက်ခဲယမ်းများကို ပြန်လည် ရယူရန်အတွက် ကိုပါကြီးအား ထိုနေရာသို့ ခေါ်ဆောင်သွားသည်ဟု သိရှိရခြင်းက ၎င်းအား အဘယ်ကြောင့် အမှတ်(၂၀၈)ခြေမြန်တပ်ရင်းမှ ထိုအချိန်တွင် ရွှေဝါချောင်းရွာ၌ ရှေ့တန်းခြေမြန်တပ်မ အခြေစိုက်ရှိနေသည့် အမှတ်(၂၁၀) ခြေမြန် တပ်ရင်း ထံသို့ လွှဲပြောင်းခဲ့သည်ဟူသည့် အကြောင်းအရင်းကို ရှင်းပြနိုင်ပါသည်။ [47]

[ထိုအချိန်တွင် ခြေမြန်တပ်ရင်း ၂ တပ်စလုံးသည် ကရင်ပြည်နယ်၊ဖားအံမြို့တွင် အခြေစိုက်သော အမှတ်(၂၂) ခြေမြန် တပ်မဌာနချုပ်၏လက်အောက်တွင်ရှိပြီး အရှေ့တောင်တိုင်း စစ်ဌာနချုပ်၏ ကွပ်ကဲ ညွှန်ကြားမှု အောက်တွင် ရှိနေပါသည်။ [48] တပ်မတော်တွင် တစ်နိုင်ငံလုံး အတိုင်းအတာအားဖြင့် ခြေမြန်တပ်မဌာနချုပ် (၁၀)ခုရှိပြီး တပ်မချုပ်တစ်ခုစီအောက်တွင် ခြေမြန်တပ်ရင်းပေါင်း (၁၀)ခုစီရှိပါသည်။ အဆိုပါ ခြေမြန်တပ်ရင်း များသည် နိုင်ငံတကာဥပဒေအရ အဆိုးရွားဆုံး ပြစ်မှု ကျူးလွန်မှုများ အပါအဝင် ဆိုးရွားလှသည့် လူ့အခွင့်အရေး ချိုးဖောက်မှုများကို မြန်မာနိုင်ငံအနှံ့ ကျူးလွန်ရာတွင် ပါဝင်ပတ်သက်ခဲ့ကြပါသည်။ အမှတ်(၂၂) ခြေမြန်ဌာနချုပ် လက်အောက်ရှိ အမှတ်(၂၀၈)ခြေမြန်တပ်ရင်းသည် မွန်ပြည်နယ်ရှိ အဆိုပါဒေသတွင် ဖမ်းဆီး ချုပ်နှောင်မှုများ၊ ထိန်းသိမ်းမှုများနှင့် ဥပဒေမဲ့ သတ်ဖြတ်ခြင်းများ ကျူးလွန်လေ့ရှိကြောင်း အမည်ဆိုးဖြင့် ကျော်စောကြောင်း လူပြောများပါသည်။ များမကြာမီ ၂၀၁၉ခုနှစ်တွင် ဖြစ်ပွားခဲ့သော ကျူးလွန်များအပါအဝင် အမှတ်(၂၂)ခြေမြန်တပ်မ ဌာ ဌာနချုပ်သည် နိုင်ငံတဝှမ်းတွင် ဖြစ်ပွားလျက်ရှိသော လူ့အခွင့်အရေးချိုးဖောက်ခံရမှုများနှင့် ပတ်သက်ဆက်နွယ် လျက်ရှိပါသည်။[49]]

၃ ပတ်ကျော်ကြာသည့်အချိန်အထိ ကိုပါကြီးမည်သည့်နေရာရောက်နေကြောင်း မိသားစုနှင့် အများပြည်သူ သိရှိရခြင်းမရှိပါ။ ကိုပါကြီး၏ လုပ်ငန်းသဘောသဘာဝအရ ဝေးလံခေါင်ဖျားသော ဒေသများသို့ မကြာခဏ ခရီးသွားနေရသဖြင့် စပျောက်ပျောက်ခြင်းတွင် ဂရုမထားမိကြပေ။ သို့သော် စီစဉ်ထားသည့်အတိုင်း ချင်းမိုင်မြို့ သို့ရောက်မလာသောအခါတွင်မူ မိသားစုဝင်များ စတင်စိတ်ပူပန်လာကြပါသည်။ ထိုစဉ်တွင် ဖေ့စ်ဘုတ် လူမှုကွန်ယက် ပေ

---

[45] ICJ မှ ပေးစာ ၊ ၂၀၁၉ ခုနှစ် နိုဝင်ဘာလ။ မြန်မာနိုင်ငံတွင် ICJ မှ လူတွေ့ မေးမြန်းခံသူများ နှင့် မေးမြန်းခြင်း၊ ၂၀၁၈ ခုနှစ် ဇူလိုင်လ။

[46] မှတ်ချက်။ ၂၀၁၄ ခုနှစ် ဒီဇင်ဘာလတွင် အင်္ဂလိပ်ဘာသာဖြင့် ထုတ်ပြန်သည့် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေး ကော်မရှင်၏ အစီရင်ခံစာတွင် LIB အား "ခြေမြန် တပ်ရင်း" အဖြစ် ညွှန်းဆိုခဲ့ပါသည်။

[47] **မြန်မာနိုင်ငံတွင်** ICJ မှ **လူတွေ့မေးမြန်းခံသူများ နှင့် မေးမြန်းခြင်း၊**၂၀၁၈ခုနှစ် ဇူလိုင်လ။မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင်၏ အစီရင်ခံစာ၊ စာပိုဒ် ၂၀။

[48] မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေး ကော်မရှင်၏ အစီရင်ခံစာ၊ စာပိုဒ် ၁၄၊ ၁၇၊ ၂၀၊ ၂၁။ Global Security "ခြေမြန်တပ်ရင်းများနှင့် စစ်ဆင်ရေးကွပ်ကဲမှု ဌာနချုပ်များ" ဤဝက်ဆိုဒ်၌ ကြည့်ပါ။ https://www.globalsecurity.org/military/world/myanmar/army-orbat-2.htm (**၂၀၁၉ ခုနှစ် နိုဝင်ဘာလ ၁၈ ရက်တွင် ဝင်ကြည့်ထားသည်။**)

[49] Amensty International "ကျွန်ုပ်တို့အားလုံးကို ဖျက်စီးပစ်မည် - ရခိုင်ပြည်နယ်တွင် ဖြစ်ပွားခဲ့သည့် လူသားတမျိုးနွယ်လုံးအပေါ် ကျူးလွန်သည့် ရာဇဝတ်မှုများ အပေါ် စစ်တပ်၏ တာဝန်ယူမှု" ၂၀၁၈၊ စာမျက်နှာ ၇၊ ၁၁၄မှ ၅။ မြန်မာနိုင်ငံဆိုင်ရာ လွတ်လပ်သော နိုင်ငံတကာ အချက်အလက်ရှာဖွေရေး မစ်ရှင် "မြန်မာနိုင်ငံဆိုင်ရာ လွတ်လပ်သော နိုင်ငံတကာ အချက်အလက်ရှာဖွေရေး မစ်ရှင်၏ အသေးစိတ် တွေ့ရှိချက်များအပေါ် အစီရင်ခံစာ (၂၀၁၈ FFM အစီရင်ခံစာ) " UN Doc. A/HRC/39/CRP.2 (၂၀၁၈)၊ ဥပမာ စာမျက်နှာ ၃၀၉ မှ ၁၀။ Aung Zaw "တက်ကြွလုပ်ရှားသူ သတင်းထောက်တစ်ဦး သေဆုံးခြင်း" The Irrawaddy၊ ၂၀၁၄ ခုနှစ် အောက်တိုဘာလ ၂၈။ Amensty International "မည်သူမျှ ကျွန်ုပ်တို့ကို ကာကွယ်ပေးနိုင်မည် မဟုတ် - မြန်မာနိုင်ငံ၏ ရခိုင်ပြည်နယ်တွင် ဖြစ်ပွားလျက်ရှိသည့် စစ်ရာဇဝတ်မှုများ၊ မတရား ဖိနှိပ်မှုများ" ၂၀၁၉၊ စာမျက်နှာ ၃၄။

ပေါ်တွင်လည်း ကိုပါကြီး ကျိုက်မရောမြို့တွင် အဖမ်းခံရပြီး စစ်တပ်မှ လွှဲပြောင်းထိန်းသိမ်း ထား ကြောင်း သတင်းများလည်း တက်လာပါသည်။ ကိုပါကြီး ပျောက်ဆုံးပြီး နှစ်ပတ်ခန့်အကြာတွင် ၎င်း၏ဇနီးဖြစ်သူ ဒေါ်သန္တာသည် မိတ်ဆွေများနှင့်အတူ ကိုပါကြီး မည်သည့်နေရာ ရောက်နေကြောင်း စုံစမ်းရန် ၎င်းဒေသသို့ ရောက်ရှိလာပါသည်။

အာဏာပိုင်များက ကိုပါကြီးအား စစ်သားများ ဖမ်းဆီးခေါ်ဆောင်သွားကြောင်း မသန္တာ၏အဖွဲ့ဝင်များအား အတည်ပြုပေးကြပါသည်။ မည်သူတစ်ဦးတစ်ယောက်မျှ ကိုပါကြီး ရောက်ရှိနေသည့် နေရာ၊ အခြေအနေကို အတည်မပြုပေးခဲ့သော်ငြားလည်း အချို့က ၎င်းအနေဖြင့် ညည်းပမ်းနှိပ်စက်ချက်များနှင့် လူသားမဆန် ပြုမူဆက်ဆံ မှုများ ခံရနိုင်ပြီး၊ အသက်သေဆုံးသည်အထိ ဖြစ်နိုင်ကြောင်း သွယ်ဝိုက်ပြောဆိုမှုများ ရှိခဲ့ပါသည်။ [50] ဥပမာအားဖြင့် အစောပိုင်းကာလ ကျိုက်မရောမြို့သို့ ရောက်စဉ်အချိန်က တပ်မတော်ကိုယ်စား ကြားဝင်ညှိနှိုင်းဆွေးနွေးပေးသူ ဟု မိမိကိုယ်ကို မိတ်ဆက်လာသူတစ်ဦးက ဒေါ်သန္တာအား ချဉ်းကပ်လာပါပြီး ကိုပါကြီးအား ဖမ်းဆီးထားသည့် စစ်သားများ ”လက်လွန်ခြေလွန်ဖြစ်သွားသည်” - များသော အားဖြင့် အသက်ဆုံးရှုံးမှုရှိသည့်အခါများတွင် အသုံးပြုသော အသုံးအနှုန်းကို အသုံးပြု၍ အရိပ်အမြွက်ဖွင့်ပြောပါသည်။ အကယ်၍ ဒေါ်သန္တာမှ မီဒီယာများနှင့် ဆက်သွယ်ပြောဆိုခြင်းများ မပြုလုပ်ပါဟု ကတိပေးမည်ဆိုပါက သူမ၏ခင်ပွန်းသည်ကို သူမထံသို့ ပြန်လည်လွှဲပေးမည်ဖြစ်ကြောင်း ဆိုပါသည်။ အဆိုးရွားဆုံး အခြေအနေတစ်ခုကို မျှော်လင့်ထားသောသော်လည်း ဒေါ်သန္တာ အနေဖြင့် သူမ၏ ခင်ပွန်းသည်ကို အသက်ရှင်လျက် မြင်ချင်ခဲ့ပါသည်။ ကြိမ်ဖန်များစွာ စဉ်းစားဆွေးနွေးပြီးချိန်တွင် သူမအနေဖြင့် ထိုကဲ့သို့သော ကတိကို မပေးဘဲ၊ ကိုပါကြီး မည်သို့ပင် ဖြစ်ကောင်းဖြစ်နိုင်စေကာမူ တရားမျှတမှုကိုသာ တောင်းဆိုရန်ကိုသာ ဆုံးဖြတ်ခဲ့ပါသည်။ [51]

အောက်တိုဘာလ ၂၀ ရက်ခန့်တွင် ဒေါ်သန္တာမှ ကျိုက်မရောမြို့နယ်ရဲစခန်းတွင် ပထမသတင်းပေး တိုင်ချက် (FIR) ဖွင့်ခဲ့ပါသည်။ [52] ထို့နောက် ရန်ကုန်မြို့သို့ ပြန်ခဲ့ပြီး အောက်တိုဘာလ ၂၁ ရက်နေ့တွင် စစ်သားများ ကိုပါကြီးအား ဖမ်းဆီးမှုနှင့်စပ်လျဉ်း၍ သတင်းစာရှင်းလင်းပွဲတစ်ခု ကျင်းပခဲ့ပါသည်။ အဆိုပါပွဲတွင် အာဏာပိုင်များမှ သူမ၏ ခင်ပွန်းသည်ကို ချက်ချင်းလွှတ်ပေးရန် (သို့မဟုတ်) ရဲတပ်ဖွဲ့၏ထိန်းသိမ်းမှုသို့ လွှဲပြောင်းပေးပြီး အရပ်သား တရားရုံးတွင် ဖြေရှင်းရန် တောင်းဆိုခဲ့ပါသည်။

## ၃.၂။ သတ်ဖြတ်မှုအား ထုတ်ဖော်ခြင်း

ဒေါ်သန္တာ၏ သတင်းစာရှင်းလင်းပွဲအပြီး ရက်များမကြာမီတွင် အောက်တိုဘာလ ၂၄ ရက်နေ့တွင် စစ်တပ်ထဲတွင် အထိန်းသိမ်းခံနေရစဉ် ကိုပါကြီး အသတ်ခံရကြောင်း မီဒီယာများမှ သတင်းများထုတ်ပြန်ခဲ့ပါသည်။[53] ဤသတင်းများကို ကာကွယ်ရေး ဝန်ကြီးဌာနမှ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီထံသို့ အောက်တိုဘာလ ၂၃ရက်နေ့တွင် ဆက်သွယ်ပြောကြားချက်များအပေါ် အခြေခံထုတ်ပြန်ခဲ့ခြင်းဖြစ်ပါသည်။ တပ်မတော်၏ သတင်းထုတ်ပြန်ချက်များအရ

---

[50] မြန်မာနိုင်ငံတွင် ICJ မှ လူတွေ့မေးမြန်းခံသူ သုံးဦး နှင့် မေးမြန်းခြင်း၊ ၂၀၁၈ ခုနှစ် မေလ နှင့် စက်တင်ဘာလ။

[51] ICJ **မှ ဒေါ်သန္တာ နှင့် တွေ့ဆုံမေးမြန်းခြင်း၊** ၂၀၁၈ ခုနှစ် စက်တင်ဘာလ။ Aung Zaw “တက်ကြွလုပ်ရှားသူ သတင်းထောက် တစ်ဦး သေဆုံးခြင်း” The Irrawaddy၊ ၂၀၁၄ ခုနှစ် အောက်တိုဘာလ ၂၈။ (“ကိုပါကြီးအား ပြင်းထန်စွာ ညှင်းပန်း နှိပ်စက်ထားကြောင်း” ဒေါ်သန္တာမှ ရှာဖွေတွေ့ရှိခဲ့သည် နှင့် “နယ်မြေခံရဲအရာရှိ၊ စစ်တပ်နှင့် နီးစပ်သည့် သတင်းရင်းမြစ်များ၏ ပြောကြားချက်အရ ကိုပါကြီး၏ ခန္ဓာကိုယ် အသွင်အပြင် အနေအထားမှာ ဆိုးရွားစွာ ယိုယွင်းနေသည့်အတွက် စစ်တပ်၏ ထုတ်ပြန်ချက်တွင် ဖော်ပြသကဲ့သို့ ၎င်းအနေဖြင့် သေနတ်ကိုလုကာ ထွက်ပြေးနိုင်သည့် အခြေအနေ မည်သို့မျှ မဖြစ်နိုင်ပါ။ Hanna Hindstrom “သတင်းထောက်များအား သတ်ဖြတ်ခြင်းသည် မြန်မာနိုင်ငံ၏ ဒီမိုကရေစီ အကူးအပြောင်းကို သံသယဖြစ်ဖွယ် ဖြစ်စေခြင်း” Al Jazeera၊ ၂၀၁၄ ခုနှစ် နိုဝင်ဘာလ ၂၅ ရက် (“ကျွန်မကိုယ်တိုင် တွေ့ကြုံဖူးလို့ စစ်ကြောရေးခန်းထဲကအခြေအနေ ဘယ်လိုဆိုတာကို ကျွန်မ သိတယ်” ဟု ထင်ရှားသည့် တက်ကြွလုပ်ရှားသူ၊ နိုင်ငံရေး အကျဉ်းသား ဟောင်း တစ်ဦးဖြစ်သူ မသန္တာမှ ပြောကြားပါသည်။ “၂၀၁၇ ခုနှစ်တုန်းက ရဲစစ်ကြောရေး လုပ်တုန်းက သူတို့ ကျွန်မရဲ့ နံရိုးတွေကို ချိုးပစ် ကြတယ်” ဟု ဆက်လက်ပြောပါသည်။)

[52] ICJ **မှ မသန္တာ နှင့် တွေ့ဆုံမေးမြန်းခြင်း၊** ၂၀၁၈ ခုနှစ် စက်တင်ဘာလ ၃၀ရက်။ ICJ **မှ** နော်အုန်းလှနှင့် တွေ့ဆုံမေးမြန်းခြင်း၊ ၂၀၁၈ ခုနှစ် မေလ ၁၇ ရက်။

[53] The Irrawaddy “ **ပျောက်နေသည့် သတင်းထောက် စစ်တပ်ဖမ်းဆီး ထိန်းသိမ်းထားစဉ် အသတ်ခံရခြင်း” ၂၀၀၄ ခုနှစ် အောက်တိုဘာလ ၁၄ ရက်။**

ကိုပါကြီးအား ဒီမိုကရေစီအကျိုးပြု ကရင့်တပ်မတော် (DKBA) ၏ နိုင်ငံရေးအဖွဲ့တွင် "ဗိုလ်ကြီး အဆင့်ရှိ ပြန်ကြားရေးတာဝန်ခံ" အဖြစ် ပတ်သက်ဆက်နွယ်မှု ရှိသဖြင့် ဖမ်းဆီးခြင်း ဖြစ်ကြောင်း နှင့် ကိုပါကြီး သေဆုံးမှုသည်လည်း ၎င်းအနေဖြင့် ထွက်ပြေးရန်အတွက် အစောင့်စစ်သားများနှင့် ရုန်းရင်းဆန်ခတ် ဖြစ်ရာမှ သေဆုံးခြင်း ဖြစ်ကြောင်း ဖြစ်စဉ်ကို ဖော်ပြထားပါသည်။[54] ဒီမိုကရေစီအကျိုးပြု ကရင့်တပ်မတော် (DKBA)၏ နိုင်ငံရေး အဖွဲ့ဖြစ်သော ကလိုထူးဘော ကရင်အဖွဲ့အစည်း (KKO)မှ ဤကဲ့သို့သောဆက်နွယ်မှုများ မရှိကြောင်း မဆိုင်းမတွ ငြင်းဆိုခဲ့ပါသည်။[55]တရားဝင်အဖွဲ့အစည်းတံဆိပ်ခေါင်းနှင့် ထုတ်ပြန်သည့်နေ့စွဲ မပါရှိသော တပ်မတော်၏ ကြေငြာချက် တစ်ခုတွင်မူ ကိုပါကြီး၏အလောင်းကို ကျိုက်မရောမြို့မှ မိုင်၂၀ခန့် ကွာဝေးသော ရွှေဝါချောင်းရွာတွင် မြှုပ်နှံခဲ့ကြောင်းနှင့် ထိုအကြောင်းကို ၎င်း၏ဇနီးအား အသိပေး အကြောင်းကြားထားပြီး ဖြစ်ကြောင်းတို့ကို ဖြည့်စွက်ထားပါသည်။ အသတ်ခံရခြင်းကို သိသာ ထင်ရှားစွာ ဖုံးကွယ်ထားရန် ကြိုးပမ်းမှု နှင့် အလောင်းကို လျို့ဝှက်စွာ မြှုပ်နှံခြင်းနှင့် စပ်လျဉ်း၍ ဖြေရှင်းချက်ပေးခြင်း မရှိခဲ့ပါ။[56]

မသန္တာ ထိုင်းနိုင်ငံတွင် လူ့အခွင့်အရေးဆု ရယူရန် ရောက်ရှိနေစဉ် အောက်တိုဘာလ ၂၄ရက်နေ့ ညနေခင်းတွင် ၎င်း၏ ခင်ပွန်းသည် ကွယ်လွန်သွားကြောင်း သတင်းကို သတင်းထောက်တစ်ဦးဆီမှ စာတိုမက်စေ့ချ် တစ်စောင် ရခဲ့ပါသည်။[57] ရန်ကုန်သို့ ပြန်ရောက်လာချိန်တွင် အရှေ့တောင်တိုင်း စစ်ဌာနချုပ်မှ အမည်မသိလူတစ်ဦးက မသန္တာထံသို့ ဆက်သွယ်လာပြီး လျော်ကြေးငွေ ပေးရန် ညှိနှိုင်းလာခဲ့ရာ မသန္တာမှ ကမ်းလှမ်းချက်ကို မဆိုင်းမတွပင် ငြင်းဆန်ခဲ့ပါသည်။ [58] ထို့နောက် ၎င်း၏ခင်ပွန်းသည် သေဆုံးမှုကို လူသတ်မှု အဖြစ် အမှုဖွင့်ရန် ရည်ရွယ်ချက်ဖြင့် ကျိုက်မရောမြို့သို့ ခရီးဆက်ခဲ့ပါသည်။ ကျိုက်မရောမြို့မှ ရဲတပ်ဖွဲ့များက သူမကို မော်လမြိုင်မြို့ရှိ ခရိုင်အဆင့် ရဲစခန်းသို့ သွားရန် ပြောခဲ့သည့်အတိုင်း သွားခဲ့ရာတွင် ကျိုက်မရောမြို့ရဲစခန်းသို့သာ ပြန်လည် လွှဲပြောင်းပေးခံခဲ့ရပြီး နောက်ဆုံးတွင် ထိုရဲစခန်းတွင် မသန္တာ၏ အမှုကို လက်ခံခဲ့ပါသည်။[59] ပြီးနောက်တွင် ရန်ကုန်မြို့ရှိ သူမ၏ နေအိမ်သို့ ပြန်ခဲ့ပါသည်။

ကိုပါကြီး သေဆုံးမှုကြေငြာချက်နှင့် ရှေးဦးမဆွတွင် ဖုံးကွယ်ထားမှုများကြောင့် မီဒီယာအဖွဲ့အစည်းများ၊ လူ့အခွင့်အရေး တက်ကြွ လှုပ်ရှားသူများ နှင့် မြန်မာနိုင်ငံဆိုင်ရာ သံအဖွဲ့များ အပါအဝင် ပြည်တွင်းနှင့် ပြည်ပ အဖွဲ့အစည်းများ သိသိသာသာ စိတ်ဝင်စားမှု ရှိခဲ့ပါသည်။ [60] တိုက်ဆိုင်စွာဖြင့် မြန်မာနိုင်ငံအနေဖြင့် ပထမဦးဆုံး အကြိမ် အာစီယံ၏ဥက္ကဋ္ဌအဖြစ်တွင် တာဝန်ယူထားချိန်တွင် အာစီယံနိုင်ငံများဆိုင်ရာ ထိပ်သီးတွေ့ဆုံပွဲကို နိုဝင်ဘာလတွင် အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပရန် ပြင်ဆင်နေချိန် ဖြစ်ပါသည်။ (ထိုစဉ်က) အမေရိကန် သမ္မတဘားရက်အိုဘားမား၏ မြန်မာနိုင်ငံခရီးစဉ်အား ဆိုင်းငံ့ထားချိန်တွင် အမေရိကန်သံရုံးမှ ကိုပါကြီး သေဆုံးမှုနှင့် စပ်လျဉ်း၍ တာဝန်ခံမှုရရန်အတွက် ယုံကြည်စိတ်ချရသည့် စုံစမ်းစစ်ဆေးမှုတစ်ခု ပြုလုပ်ရန် အောက်တိုဘာလ ၂၉ရက်နေ့တွင် တိုက်တွန်းခဲ့ပါသည်။ [61] အောက်တိုဘာလ ၃၀ ရက်နေ့တွင် (ထိုစဉ်က) သမ္မတဦးသိန်းစိန်မှ မြန်မာနိုင်ငံ

---

54 အထက်ပါအတိုင်း။

55 ကလိုထူးဘော ကရင် အဖွဲ့အစည်း (KKO) ၏ အတွင်းရေးမှူးစောလွန့်လုံမှ ရောဝတီအား ပြောကြား "သူက သတင်းထောက် တစ်ယောက်ပါ၊ သူသတင်းလာယူတဲ့အခါ ကျွန်တော်တို့က သူ့ကို ကူညီပေးရုံ သက်သက်ပါ" - The Irrawaddy " **ပျောက်နေသည့် သတင်းထောက် စစ်တပ်ဖမ်းဆီး ထိန်းသိမ်းထားစဉ် အသတ်ခံရခြင်း" ၂၀၀၄ ခုနှစ် အောက်တိုဘာလ ၂၄ ရက်။**

56 အထက်ပါအတိုင်း။

57 မြန်မာနိုင်ငံတွင် ICJ မှ လူတွေ့မေးမြန်းခံသူ နှစ်ဦး နှင့် မေးမြန်းခြင်း၊ ၂၀၁၈ခုနှစ် မေလ နှင့် စက်တင်ဘာလ။

58 အထက်ပါအတိုင်း။

59 မြန်မာနိုင်ငံတွင် ICJ မှ လူတွေ့မေးမြန်းခံသူ နှင့် မေးမြန်းခြင်း၊ ၂၀၀၈ ခုနှစ် မေလ။

60 Assistance Association for Political Prisoners "အလွတ်တန်း သတင်းထောက် အောင်ကျော်နိုင် (ခ) ပါကြီး သေဆုံးမှုနှင့် စပ်လျဉ်းသည့် ထုတ်ပြန်ချက်" ၂၀၁၄ ခုနှစ် အောက်တိုဘာလ ၂၇ ရက်။ Paul Mooney and Aye Win Myint "သတင်းထောက် အသတ်ခံရမှုကို လွတ်လပ်သော စုံစမ်းစစ်ရေးမှုပြုလုပ်ရန် မြန်မာတက်ကြွလှုပ်ရှားသူများမှ တောင်းဆို" Reuters၊ ၂၀၁၄ ခုနှစ် အောက်တိုဘာလ ၂၉ရက်။

61 Tim McLaughlin "စုံစမ်းစစ်ရေးတစ်ရပ် သမ္မတမှ ပြုလုပ်ရန် အမိန့်ထုတ်" The Myanmar Times ၂၀၁၄ ခုနှစ် အောက်တိုဘာလ ၃၁။ ထိုဖြစ်စဉ်အပြီး မရှေးမနှောင်းတွင် မေးမြန်းတွေ့ဆုံမှုတစ်ခုတွင် အိုဘားမားမှ ကိုပါကြီးသည် "ရက်ရက်စက်စက် သတ်ဖြတ်ခံခဲ့ရသည်" ဟုပြောကြားခဲ့သည်။ The Irrawaddy၊ " အထူးသီးသန့် - The Irrawaddy၊ မှ အမေရိကန်သမ္မတ ဘားရက် အိုဘားမားနှင့် တွေ့ဆုံမေးမြန်းခြင်း" ၂၀၁၄ ခုနှစ် နိုဝင်ဘာလ ၁၂ ရက်။

လူ့အခွင့်အရေးကော်မရှင်အား စုံစမ်းစစ်ဆေးမှုတစ်ခု ပြုလုပ်ရန် ညွှန်ကြားခဲ့ပါ သည်။ [62]

နိုဝင်ဘာလ ၂ ရက်နေ့တွင် ကျိုက်မရောမြို့နယ်ရဲစခန်းမှ ကြေးနန်းစာကို ရန်ကုန်မြို့၊ အလုံမြို့နယ်ရဲစခန်းမှ တဆင့် ဒေါ်သန္တာထံသို့ လွှဲပေးခဲ့ပြီး နိုဝင်ဘာလ ၅ ရက်နေ့တွင် ကိုပါကြီး၏ အလောင်းကို တူးဖော်မည့် အကြောင်းကို အသိပေးခဲ့ပြီး ထိုရက်မတိုင်မီ တွင် ကျိုက်မရောမြို့သို့ လာရောက်ပေးပါရန် အကြောင်းကြား ခဲ့ပါသည်။[63] နိုဝင်ဘာလ ၄ ရက်နေ့နံနက်ခင်းတွင် သူမ၏ ရှေ့နေ ဦးရောဘတ် ဆန်းအောင်နှင့် ဇမျိုးဆက် အဖွဲ့ဝင်များအပါအဝင် မိတ်ဆွေများခြံရံလျက် ရန်ကုန်မြို့မှ ကျိုက်မရောသို့ တစ်နေ့တာခန့် ကြာမြင့်သည့် ခရီးစဉ် ထပ်ထွက်ခဲ့ပါသည်။

## ၃.၃။ စစ်ဆေးရန် အလောင်းအား ပြန်ဖော်ခြင်း၊ ခွဲစိတ်စစ်ဆေးခြင်း နှင့် ပြန်လည်သင်္ဂြိုလ်ခြင်း

နိုဝင်ဘာ ၅ ရက် နေ့လည်ခင်းတွင် ကိုပါကြီး၏ အလောင်းကို ရွှေဝါချောင်းရွာအနီးရှိ အမှတ်အသားမဲ့ သင်္ချိုင်းမြေပုံမှ ပြန်လည်တူးဖော် ရရှိခဲ့ပါသည်။ အလောင်းမြုပ်နှံထားသည့် နေရာရှာဖွေခြင်း အပါအဝင် တူးဖော်မှုကို တပ်မတော်မှ ဦးဆောင် တာဝန်ယူခဲ့ သည်ဟု ယူဆရပြီး ထိုအချိန်တွင် မှခင်းဆေးဆရာဝန်များနှင့် ရဲမှူးများလည်း ရှိနေခဲ့ပါသည်။[64] ဒေါ်သန္တာ၏ မိတ်ဆွေအပေါင်းအပါများ နှင့် သတင်းမီဒီယာများကို စစ်သားနှင့် ရဲသား ၁၀၀ ကျော်ခန့်မှ စောင့်ကြပ်ခဲ့ပြီး တင်းတင်းကြပ်ကြပ် တပ်ချထားသည့် အနေအထားတစ်ခုတွင် အလောင်းတူးဖော်မှု ပြုခဲ့ပါသည်။ [65] တူးဖော်ပြီးနောက်တွင် အလောင်းအား မော်လမြိုင်မြို့နယ်သို့ သယ်ဆောင်ခဲ့ပြီး ညနေပိုင်းတွင် ပထမအကြိမ် စစ်ဆေးမှုပြုလုပ်ခဲ့ပြီး နောက်တစ်ရက် နိုဝင်ဘာလ ၆ ရက်နေ့တွင် ခွဲစိတ်စစ်ဆေးမှု ပြုခဲ့ပါသည်။ ထိုသို့ စစ်ဆေးမှုတွင် ဆရာဝန် နှစ်ဦး ပါဝင် လုပ်ဆောင်ခဲ့ခြင်း ဖြစ်ပါသည်။[66]

အလောင်းကို ခွဲစိတ်စစ်ဆေးမှု ပြုလုပ်ခဲ့ရာတွင် ရှင်းလင်းမှုမရှိခြင်း နှင့် ကိုပါကြီး၏ မိတ်ဆွေနှင့် ဆွေမျိုးများမှ အလောင်းတွင် ညဥ်းပမ်းနှိပ်စက်ချက်များနှင့် လူသားမဆန် ပြုမှုဆက်ဆံသည့် လက္ခဏာများ ရှိမရှိ လိုအပ်သည့် စစ်ဆေးမှုများ ပြုလုပ်စေလိုသည့် စိုးရိမ်စိတ်များကြောင့် ဒေါ်သန္တာနှင့် သူမ၏မိတ်ဆွေများနှင့် အာဏာပိုင်များနှင့် ဆေးရုံဝန်ထမ်းများအကြား ညှိနိုင်းမှုများစွာ ပြုလုပ်ခဲ့ရပါသည်။ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်၏ အလောင်းခွဲစိတ်တွေ့ရှိချက် အစီရင်ခံစာ အကျဉ်းချုပ်အရ တပ်မတော်မှ ထုတ်ပြန်ခဲ့သည့် ဖြစ်စဉ်များ နှင့် ကိုက်ညီမှုမရှိပါ။ တပ်မတော်၏ ထုတ်ပြန်ချက်အရ ကိုပါကြီးမှာ သေနတ်ဖြင့် ၅ ကြိမ် အပစ်ခံရခဲ့ကြောင်း သိရှိရချိန်တွင် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်၏ အလောင်းခွဲစိတ်တွေ့ရှိချက် အစီရင်ခံစာ အကျဉ်းအရ ကျည်ဒဏ်ရာ ၇ ချက် ရှိသည်ဟု ဖော်ပြခဲ့ပါသည်။ [67] အလောင်းကို ခွဲစိတ်စစ်ဆေးမှု ပြုလုပ်ခဲ့သည့် ဆရာဝန်များနှင့် ဆွေးနွေးခဲ့သည်ကို ဒေါ်သန္တာမှ ပြန်ပြောင်းပြောဆိုခဲ့ရာတွင် မေးစေ့ကိုတေ့ပြီး အနီးကပ် ပစ်ခဲ့ပုံရသည့် ကျည်ဒဏ်ရာသည် သေဆုံးမှုကို ဖြစ်စေနိုင်ကြောင်း ၎င်းတို့၏ ထင်မြင်ချက်ကို ပြောကြားခဲ့သည်ဟု ဆိုပါသည်။ [68]

အာဏာပိုင်များနှင့် မသက်ဆိုင်ပဲ အလောင်းကို ကြည့်ရှုခွင့် ရခဲ့ကြသည့် လူများက ၎င်းတို့ကိုယ်တိုင် ဆေးဘက်ဆိုင်ရာ ကျွမ်းကျင်သူ မဟုတ်ကြသော်လည်း အလောင်းတွင် ဓားဒဏ်ရာဟု ယူဆရသည့် ပြတ်ရှဒဏ်ရာ နှင့်

[62] The Irrawaddy "သတင်းထောက်အသတ်ခံရမှုကို စုံစမ်းစစ်ဆေးရန် လူ့အခွင့်အရေးကော်မရှင်အား သမ္မတမှ ညွှန်ကြားခြင်း" ၂၀၁၄ ခုနှစ် အောက်တိုဘာလ ၃၁ ရက်။

[63] Democratic Voice of Burma "တရားမျှတမှု ခရီးလမ်း - အပိုင်း (၁)" ၂၀၁၄ ခုနှစ်။

[64] မြန်မာနိုင်ငံတွင် ICJ မှ လူတွေ့မေးမြန်းခံရသူများ နှင့် မေးမြန်းခြင်း၊ ၂၀၁၈ ခုနှစ် ဇူလိုင်လ နှင့် စက်တင်ဘာလ။

[65] မြန်မာနိုင်ငံတွင် ICJ မှ လူတွေ့မေးမြန်းခံသူများ နှင့် မေးမြန်းခြင်း၊၂၀၁၈ ခုနှစ် မေလ နှင့် စက်တင်ဘာလ။ Democratic Voice of Burma "တရားမျှတမှုခရီးလမ်း - အပိုင်း (၁)" ၂၀၁၄ ခုနှစ်။

[66] Kyaw Hsu Mon "အစီရင်ခံစာသည် လုပ်ကြံဖန်တီးထားခြင်းဖြစ်သည်" ၂၀၁၄ ခုနှစ် ဒီဇင်ဘာလ ၃ ရက်။ ICJ မှ ဤအချက်ကို လွတ်လပ်စွာ အတည်ပြုခဲ့သည်။

[67] မြန်မာနိုင်ငံ လူ့အခွင့်အရေး ကော်မရှင်၏ အလောင်းခွဲစိတ်စစ်ဆေးမှု အကျဉ်းချုပ် အပိုဒ် ၃၂တွင် သေနတ်ဒဏ်ရာများကို အောက်ပါ အစဉ်အတိုင်း ဖော်ပြထားပါသည်။ မေးစေ့အောက်တွင် တစ်ခု၊ ဘယ်ဖက် ရင်ဘတ်ပေါ်တွင် ၂ခု၊ ဘယ်ဖက် ပေါင်တွင် တစ်ခု၊ ဘယ်ဖက် ခြေဖနောင့်တွင် တစ်ခု နှင့် ဘယ်ဖက် ပခုံးအောက်တွင်၂ ခု။

[68] Kyaw Hsu Mon "အစီရင်ခံစာသည် လုပ်ကြံဖန်တီးထားခြင်းဖြစ်သည်" ၂၀၁၄ ခုနှစ် ဒီဇင်ဘာလ ၃ရက်။ အထက်ပါ ကိုးကားချက်အတိုင်း

အညိုအမည်းစွဲနေသည့် လက္ခဏာများကိုလည်း တွေ့ရကြောင်း ပြောဆိုခဲ့ပါသည်။[69] ညည်းပမ်းနိပ်စက်မှု ဖြစ်နိုင်သည့် လက္ခဏာများကို ကြည့်ရှု စစ်ဆေးခဲ့ရာတွင် ရှေ့နေ ဦးရောဘတ် ဆန်းအောင် လည်းတစ်ဦး အပါအဝင်ဖြစ်သည်။[70] ဒေါ်သန္တာအား အလောင်းခွဲစိတ် စစ်ဆေး တွေ့ရှိချက် အစီရင်ခံစာ*အား* မျှဝေခဲ့ခြင်း အလျှင်းမရှိသည့်အပြင် ခွဲစိတ်စစ်ဆေးမှုတွင် ပါဝင်ခဲ့သည့် ဆရာဝန်များထံသို့ ၎င်းတို့၏ တွေ့ရှိချက်များနှင့် စပ်လျဉ်းသည့် မှတ်ချက်ကို မေးမြန်းရန် ဆက်သွယ်၍ မရနိုင်ခဲ့ပါ။ [71]

အလောင်းတူးဖော်ရာတွင် ဖြစ်ပွားခဲ့သည့်အလားတူ ဆေးရုံတွင်လည်း အခြေအနေတ
အခြေအနေတင်းမာမှုများ ရှိခဲ့ပြီး အာဏာပိုင်များအပါအဝင် လူအမျိုးမျိုးက ဒေါ် သန္တာအား ခင်ပွန်းသည်၏ ရုပ်အလေ
ရုပ်အလောင်းကို ရ
ရန်ကုန်သို့ပြန်မသယ်နိုင်ရန် ဖျောင်းဖျပြောဆိုခဲ့ကြပြီး အလောင်းကို မော်လမြို
မော်လမြိုင်တွင်သာ မြုပ်နှံရန် တောင်းဆိုခဲ့ကြပါသည်။[72] ဆေးရုံအနီးတစ်ဝိုက်တွင် အသွင်ယူထားသည့် စစ်သားများ၊ အမ
အမည်မသိလူများက တရစ်ဝဲဝဲရှိနေပါသည်။ [73] ဘုန်းကြီးအသွင် ဝ တ်ဆင်ထားသူ တ စ်စုကလည်း ဒေါ်
ဒေါ်သန္တာ၏ အပေါင်းအပါများကို နှောင့်ယှက်ခဲ့ကြပါသည်။ [74]
အချို့ကလည်း အလောင်းကို ရန်ကုန်သို့ ပြန်သယ်ရန် အားထုတ်မည်ဆိုပါက အကြ
အကြမ်းဖက်မှုများ ဖြစ်နိုင်ချေရှိကြောင်း ရိုးတိုးရိပ်တိပ် ပြောဆိုခဲ့ကြ ပါသည်။ [75] ကနဦးက အလောင်းကို ရ န်ကုန်သို့ ပြ

---

[69] မြန်မာနိုင်ငံတွင် ICJ မှ လူတွေ့မေးမြန်းခံသူနှစ်ဦးနှင့် မေးမြန်းခြင်း၊ ၂၀၁၈ ခုနှစ် မေလ နှင့် စက်တင်ဘာလ။ တစ်ယောက်က [ကိုပါကြီး]၏ ခန္ဓာကိုယ်ပေါ်တွင် အောက်ပါ ဒဏ်ရာများကို သတိထားမိကြောင်းပြောသည်။ လက်၊ခြေ နှစ်ဖက်လုံးတွင် ညိုမည်းဒဏ်ရာများ၊ ရင်ဘတ်ပေါ်တွင် ဒဏ်ရာ ၂ ခု - တစ်ခုမှာ ပြတ်ရှဒဏ်ရာ (ထိုးသွင်းဒဏ်ရာ ဖြစ်နိုင်ကြောင်း)၊ နှင့် အခြားတစ်ခုမှာ အပေါက်ပုံစံဖြစ်ပြီး (သေနတ် ဒဏ်ရာနှင့် တူကြောင်း) ပြောခဲ့သည်။ အခြားတစ်ယောက်၏ အပြောအရ ရင်ဘတ် ဘယ်ဖက်တွင် "ပြတ်ရှ ဒဏ်ရာ ၂ခု"ကို သတိထားမိပြီး ထုတ်ချင်းပေါက် သေနတ်ဒဏ်ရာနှင့်တူသော တစ်စုံတစ်ရာ ဒဏ်ရာကို မတွေ့ဟုဆိုသည်။ ဖြေဆိုသူ နှစ်ဦးစလုံးသည် ခန္ဓာကိုယ်အား ဆေးကြောပြီးမှ တွေ့ရခြင်းဖြစ်သည်။ "ကိုပါကြီး၏ အလောင်းကို ခွဲစိတ်စစ်ဆေးမှု မပြုမီ တစ်ရက်အလိုက တွေ့ခဲ့ရသည့် ၎င်း၏ မိတ်ဆွေဖြစ်သူ တက်ကြွလှုပ်ရှားသူတစ်ဦးလည်း ဖြစ်သည့် နော်အုန်းလှ အဆိုအရ ဒဏ်ရာများမှာ ထိုးသွင်းဒဏ်ရာများနှင့်ပို တူကြောင်း ပြောခဲ့သည်။" Hanna Hindstrom "သတင်းထောက်အား သတ်ဖြတ်ခြင်းသည် မြန်မာနိုင်ငံ၏ ဒီမိုကရေစီ အကူးအပြောင်းကို သံသယဖြစ်ဖွယ် ဖြစ်စေခြင်း" Al Jazeera၊ ၂၀၁၄ ခုနှစ် နိုဝင်ဘာလ ၂၅

[70] BBC "ပြန်လည်တူးဖော်ခဲ့သည့် မြန်မာ သတင်းထောက် အောင်နိုင် ညှင်းပန်းနိပ်စက်ခံရခြင်း" ၂၀၁၄ နိုဝင်ဘာလ ၅။

[71] ICJ မှ ဒေါ်သန္တာနှင့် တွေ့ဆုံမေးမြန်းခြင်း၊ ၂၀၁၈ ခုနှစ် စက်တင်ဘာလ ၃၀ ရက်။ ခွဲစိတ်စစ်ဆေးမှုတွင် ပါဝင်ခဲ့သူများထံသို့ မေးမြန်းရန် ဆက်သွယ်၍ မရနိုင်ခဲ့ပါ။

[72] မီဒီယာနှင့် အသွင်ယူထားသည့် အရာရှိများ အကြား အပြန်အလှန် တုံ့ပြန်မှုကို မှတ်တမ်း ဗီဒီယိုတွင် မြင်တွေ့နိုင်သည်။ Democratic Voice of Burma "တရားမျှတမှု ခရီးလမ်း" ၂၀၁၄ ခုနှစ်။

[73] မြန်မာနိုင်ငံတွင် ICJ မှ ဤဆွေးနွေးချက်အကြောင်း တိုက်ရိုက် သိရှိသူသုံးဦး နှင့် မေးမြန်းခြင်း၊ မြန်မာ၊ ၂၀၁၈ခုနှစ်။ Democratic Voice of Burma "တရားမျှတမှု ခရီးလမ်း - အပိုင်း (၁)" ၂၀၁၄ ခုနှစ်။

[74] "သူတို့က ဘာကြောင့် ဒီအယုတ်တမာကောင်က ဒီမှာ လာပြီးသေရတာလဲ ဟု ရိုင်းစိုင်းစွာ အော်ပြောလာတယ်" "အကယ်လို့ အလောင်းကို သယ်သွားမယ်ဆို ပြဿနာတက်မယ်။ နောက်ထပ် ရခိုင်လို ဖြစ်သွားမယ်" သတင်းအစီရင်ခံသူ - Hanna Hindstrom "သတင်းထောက်အား သတ်ဖြတ်ခြင်းသည် မြန်မာနိုင်ငံ၏ ဒီမိုကရေစီ အကူးအပြောင်းကို သံသယဖြစ်ဖွယ် ဖြစ်စေခြင်း" Al Jazeera၊ ၂၀၁၄ ခုနှစ် နိုဝင်ဘာလ ၂၅ရက်။

[75] မြန်မာနိုင်ငံတွင် ICJ မှ ဤဆွေးနွေးချက်အကြောင်း တိုက်ရိုက် သိရှိသူသုံးဦး နှင့် မေးမြန်းခြင်း၊ မြန်မာ၊ ၂၀၁၈ခုနှစ်။ ဤနေရာရှိ ဖြစ်စဉ် အကြောင်းအရာများသည် ထို[အလောင်းတူးဖော်၊ခွဲစိတ်စစ်ဆေး]စဉ်က ရှိနေခဲ့သည့် သူများ၏ ပြောကြားချက် အပေါ်အခြေခံပြီး အဖြစ်အပျက်၏ တစ်စိတ်တစ်ပိုင်းကိုသာ ညင်သာစွာ ထိတို့ ဖော်ပြထားခြင်းဖြစ်ပါသည်။ ဤကဲ့သို့ အနှောင့်အယှက်ပေးမှု၏ ရင်းမြစ်နှင့် စပ်လျဉ်းပြီး ဖြစ်ပျက်ခဲ့သည့် အကြောင်းအရာများကို ထပ်မံ စိစစ်၍ မှန်ကန်ကြောင်း သေချာစွာ သက်သေထူရန်အတွက် ယခု အစီရင်ခံစာ၏ နယ်ပယ်သတ်မှတ်ချက်အရသော်လည်းကောင်း၊ အရင်းအမြစ်များအရသော်လည်းကောင်း ဖြစ်နိုင်ချေမရှိပါ။ မည်သို့ပင် ဆိုစေကာမူ ဒေါ်သန္တာနှင့် သူမ၏ မိတ်ဆွေများ ကြုံခဲ့ရသည့် အနှောင့်အယှက်ပေးခံရမှုကို ကြည့်လျှင် စနစ်တကျဖြင့် သက်သေအထောက်အထားများကို ဖျက်စီးရန်နှင့် ရန်ကုန်မြို့တွင် အလောင်းမြေမြုပ်သင်္ဂြိုလ်ပါက မလွဲမသွေကြုံရမည့်

ပြန်သယ်ခွင့်အား ဆိုင်းငံ့ထားခဲ့သော်လည်း နောက်ဆံ
နောက်ဆုံးတွင် ဒေသကျွန်းမာရေး အာဏာပိုင်များက ဒေါ်သန္တာအား ကိုပါကြီး၏ ရုပ်အလောင်းကို ရန်ကုန်သို
ရန်ကုန်သို့ ပြန်သယ်ဆောင်ခွင့်ပြုခဲ့ပါသည်။[76] သူမ၏ရှေ့နေ၊ မိတ်ဆွေအပေါင်းအပါများနှင့်အတူ ပြန်ခဲ့ပြီး နိုဝင်ဘာလ
နိုဝင်ဘာလ ၇ရက်နေ့တွင် ရန်ကုန်မြို့ ရေဝေးသုသာန်တွင် ဘုန်းကြီးများမှ သရဏဂုံတင်ပြီး ဈာပနမြုပ်နှံခဲ့ပါသည်။။



၂၀၁၄ ခုနစ်တွင် လူအများမှ စုံစမ်းစစ်ဆေးမှုတစ်ရပ်ကို ပြည့်ပြည့်ဝဝ ဆောင်ရွက်ရန် စုဝေးတောင်းဆိုခဲ့ခြင်း
(သတင်းအရင်းအမြစ် - ဧရာဝတီ)

မီဒီယာများ၏ အာရုံစိုက်မှုကို လျော့နည်းသွားအောင် ကြံရွယ်ထားပုံရပါသည်။ ဤအကြောင်းအခြင်းရာကို ထပ်မံ၍ စစ်ဆေးသင့်ပါသည်။

[76] Nyein Nyein "ဒေသံန္တရအမိန့်များကို လွန်ဆန်၍ သတင်းထောက်၏ အလောင်းကို ရန်ကုန်သို့ ပြန်လည် သယ်ဆောင်ခဲ့ခြင်း" The Irrawaddy၊ ၂၀၁၄ ခုနစ်၊ နိုဝင်ဘာလ ၇ ရက်။

## ၄။ ကိုပါကြီး အသတ်ခံရမှုအား စုံစမ်းစစ်ဆေးခြင်းများ

ကိုပါကြီး သေဆုံးမှုကို တစ်ပြိုင်နက်တည်း တစ်ထပ်တည်း စုံစမ်းစစ်ဆေးမှုပေါင်းများစွာ ပြုလုပ်ခဲ့သည်။ သို့သော် ဖြစ်စဉ်အမှန်တရားနှင့် ကနဦး၌ အဘာယ်ကြောင့် အဖြစ်မှန်ဖုံးကွယ်ခဲ့ရကြောင်းကို မသိရသည့်အပြင် ကုစားမှု (သို့မဟုတ်) တာဝန်ခံမှု ရရှိအောင် မလုပ်ဆောင်နိုင်ခဲ့ပေ။ မြန်မာနိုင်ငံလူ့အခွင့်အရေးကော်မရှင်မှ စုံစမ်းစစ်ဆေးပြီးနောက်သေမှုသေခင်း စုံစမ်းစစ်ဆေးခြင်းကို ကျိုက်မရောမြို့နယ်တရားရုံး၌ အမှုဖွင့်စစ်ဆေးခဲ့သည်။ သို့ပါသော်လည်း မေလ ရောက်သောအခါ ပါဝင်ပတ်သက်မှုရှိသော စစ်သားများကို ရှေ့ ၆ လနီးပါးအစော၌ လျှို့ဝှက်စစ်တရားရုံး၌ လုံးဝအပြစ်မရှိဟု တရားသေလွှတ်ခဲ့ကြောင်း ပေါ်လွင်ခဲ့သည်။ ကျိုက်မရော၌ စစ်ဆေးသော သေမှုသေခင်းစုံစမ်းစစ်ဆေးမှု အရှိန်အဟုန် ပျက်သွားခဲ့ပြီး ပြည်နယ်တရားစွဲရုံး၏ ညွှန်ကြားချက်အရ ရဲသည် ၂၀၁၆ခုနှစ်၊ မေလ၌ အမှုကို ပိတ်သိမ်းခဲ့သည်။ ဒေါ်သန္တာကိုယ်စား တင်ခဲ့သော တရားရုံးအသနားခံစာများသည် ထပ်မံသိရှိလိုသော သတင်းအချက်အလက်များကို ဖော်ထုတ်နိုင်ခဲ့ခြင်း မရှိခဲ့။ ဤအဖြစ်အပျက်ပြီးနောက် ဒေါ်သန္တာသည် လွှတ်တော်ကိုယ်စားလှယ် ဖြစ်လာခဲ့သည်။

### ၄.၁။ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်၏ စုံစမ်းစစ်ဆေးမှု

ပြည်တွင်း၊ ပြည်ပ ဝေဖန်သုံးသပ်မှုတွေ မြင့်တက်လာတာနှင့်အမျှ ယခင်သမ္မတဟောင်း ဦးသိန်းစိန်သည် ယင်းသေမှုအား စုံစမ်းစစ်ဆေးရန် အမိန့်ပေးခဲ့သည်။ အများပြောပြချက်အရ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေး ကော်မရှင်ကို ဖုန်းဆက်၍ စုံစမ်းစစ်ဆေးမှု စတင်လုပ်ဆောင်ရန် တိုက်ရိုက် မှာကြားခဲ့ကြောင်း သိရှိရသည်။[77] ကိုပါကြီး၏ ဇနီးသည် ဒေါ်သန္တာနှင့် Education Digest မှ မင်းသီဟတို့သည် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ထံ တိုင်တန်းစာများ တင်ခဲ့သည်။ ကော်မရှင်နာ(၃) ဦးပါဝင်သော စုံစမ်းစစ်ဆေးရေး အဖွဲ့ကို ဖွဲ့စည်းခဲ့ပြီး နိုင်ဝင်ဘာလ ၁ ၇ရက်နေ့မှ ၈ ရက်နေ့ထိ မော်လမြိုင်နှင့် ကျိုက်မရောဆီတို့ စေလွှတ်ခဲ့သည်။ ထို့နောက် နိုင်ဝင်ဘာလ ၁၃ ရက်နေ့မှ ၁၆ ရက်နေ့ထိ တစ်ဖန် စေလွှတ်ခဲ့ပြန်သည်။[78] ယင်းစုံစမ်းစစ်ဆေးရေးအဖွဲ့သည် လူပုဂ္ဂိုလ် (၄၇)ဦး (စစ်တပ်၊ ရဲတပ်ဖွဲ့ နှင့် အခြားမျက်မြင်သက်သေများ အပါအဝင်) တို့ကို လူတွေ့မေးမြန်းမှုများ ပြုလုပ်ခဲ့ကြောင်း၊ အစိုးရဌာန (၈)ခုမှ စာရွက်စာတမ်းများကို စုဆောင်းခဲ့ကြောင်းနှင့် သတင်းမီဒီယာ အစီရင်ခံစာများအပါအဝင် ဆက်စပ်သတင်းအချက်အလက်များကိုပါ ထည့်သွင်းစဉ်းစားခဲ့ကြောင်း အစီရင်ခံ ခဲ့သည်။ [79] စုံစမ်းစစ်ဆေးမှု တစ်စိတ်တစ်ပိုင်းအနေနဲ့ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် စစ်ဆေးရန် ကိုပါကြီးအလောင်းအား ပြန်ဖော်ခြင်းနှင့် သေဆုံးရခြင်း အကြောင်းသိရန် အလောင်းကို ခွဲစိတ်စစ်ဆေးခြင်းများအား ညှိနှိုင်းလုပ်ဆောင်ခဲ့သည်။ နောက်ဆုံးတွင် တွေ့ရှိချက်များနှင့် သုံးသပ်ချက်များကို ၎င်း၏စုံစမ်းစစ်ဆေးရေး အစီရင်ခံစာ၌ အကျဉ်းတင်ပြခဲ့သည်။

---

[77] Naw Say Phaw Waa “ကိုပါကြီးအမှု စုံးစမ်းစစ်ဆေးမှုတွင် ဝင်ရောက်စွက်ဖက်ခြင်းကို ကြောက်ရွံ့မှု မြင့်မားလွန်းနေခြင်း”၊ မြန်မာတိုင်းမ်၊ ၂၀၁၅ခုနှစ် ဇွန်လ ၁၁ ရက်။ Myanmar Now, “မြန်မာ့ လူ့အခွင့်အရေး ကော်မရှင်သည် အစိုးရ၏ ယုံကြည်လေးစားမှုအတွက် တိုက်ပွဲဝင်သည်။” ၂၀၁၆ခုနှစ် မတ်လ ၁၃ ရက်။ ကိုအောင်နိုင် (ခ) ကိုအောင်ကျော်နိုင် (ခ) ကိုပါကြီးသေဆုံးမှုပါဝင်သော အမှုနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေး ကော်မရှင်၏ ထုတ်ပြန်ကြေငြာချက်၊ ကြေငြာချက်အမှတ် (၅/၂၀၁၅)၊ ၂၀၁၅ခုနှစ် မေလ ၈ ရက်၊ စာပိုဒ် ၁။ Lu Min Maing, ‘သတင်းထောက်များ သေဆုံးနှင့်ပတ်သက်၍ အခွင့်အရေးလှုပ်ရှားမှုအဖွဲ့က အစိုးရနှင့် ကွဲလွဲသည်’ မြန်မာတိုင်းမ်၊ ၂၀၁၄ခုနှစ် နိုင်ဝင်ဘာလ ၂၁ ရက်

[78] ဦးစစ်မြိုင် (ဒုတိယဥက္ကဌ)၊ ဦးဇော်ဝင်းနှင့် ဒေါက်တာ ဉာဏ်ဇော် တို့ အဖွဲ့ဝင်ဖြစ်ခဲ့ကြသည်။ ဤအစီရင်ခံစာ ထုတ်ဝေချိန်၌ ဦးစစ်မြိုင်သည် ဤစုံစမ်းစစ်ဆေးရေးအဖွဲ့၏ အဖွဲ့ဝင်သာ ဖြစ်ပြီး မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေး ကော်မရှင်၏ ကော်မရှင်နာအဖြစ် တာဝန်ထမ်းဆောင်လျက် ရှိသည်။ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေး ကော်မရှင်၏ အစီရင်ခံစာ၊ စာပိုဒ် ၂။ ၆ မှ၈ အထိ ကြည့်ရန်။ ရှေ့နေဦးရောဘတ်ဆန်းအောင်မှ သတင်းမီဒီယာများထံ ပြောကြားရာတွင် အဖွဲ့ဝင်တစ်ဦးသည် ဒေါ်သန္တာကို နိုင်ငံရေးတက်ကြွလှုပ်ရှားမှုဖြင့် ထောင်ကျစေရာတွင် တာဝန်ရှိဖူးသည်။ လွန်မင်းမိုင်၊ “အခွင့်အရေးကော်မရှင် စုံစမ်းစစ်ဆေးမှုအပေါ် စွပ်စွဲချက်များ ပြန့်နှံ့” ကိုးကာချက် အထက်တွင် ရှိသည်။

[79] မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေး ကော်မရှင်၊ “မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေး ကော်မရှင်၏ ကိုအောင်နိုင် (ခ) ကိုအောင်ကျော်နိုင်(ခ) ကိုပါကြီး သေဆုံးမှုအား စုံစမ်းစစ်ဆေးတွေ့ရှိချက် အစီရင်ခံစာ” ၂၀၁၄ ဒီဇင်လာလ ၂ရက်၊ စာပိုဒ် ၃နှင့် ၆။

အဖွဲ့ခေါင်းဆောင်ဖြစ်သူ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ဒုတိယဥက္ကဌ ဦးစစ်မြိုင် (ယခင် စစ်ဘက်တရားသူကြီးဟောင်း)သည် ပဏာမနှုတ်အစီရင်ခံစာကို ၂၀၁၄ခုနှစ်၊ နိုဝင်ဘာလ ၂၁ရက်နေ့၌ တင်ပြခဲ့ပြီး ယင်းအစီရင်ခံတွင် ကိုပါကြီးသည် အဖမ်းခံရစဉ် သတင်းထောက်အနေဖြင့် အလုပ် လုပ်နေခဲ့သည်ဟု (တပ်မတော်မှ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီထံ တင်ပြခဲ့သော အဖြစ်အပျက်ပုံစံနှင့် ကွဲလွဲနေသည်) လူတွေ့စစ်မေးခဲ့သည့် လူပုဂ္ဂိုလ်များမှ အတည်ပြုဖြေကြားခဲ့ကြောင်း ဦးစစ်မြိုင်က ဆိုခဲ့သည်။ [80] ကျန်းမာရေး ဝန်ကြီးဌာနမှ ပေးပို့ခဲ့သော အလောင်းခွဲစိတ်စစ်ဆေးချက် အစီရင်ခံစာ ရရှိကြောင်း အသိပြုပြောကြား ခဲ့သော်လည်း အလောင်းခန္ဓာကိုယ်၌ ညဉ်းပမ်းနှိပ်စက် ခံထားရသည့် လက္ခဏာများ ရှိနေသည် ဆိုသည့် ပြောဆိုချက်များအပေါ် လူသိရှင်ကြား သုံးသပ်ပြောဆိုရန် ဦးစစ်မြိုင်က ငြင်းဆန်ခဲ့သည်။[81]

မြန်မာ့ဥပဒေ၌ ကြီးလေးသော ပြစ်မှုမမြောက်သော်လည်း ညဉ်းပမ်းနှိပ်စက်မှု မြောက်စေသည့် လုပ်ဆောင်ချက် တစ်ချို့ကို ရာဇသတ်ကြီး၌ ပြစ်မှုသတ်မှတ်ထားသည်။ ဥပမာ စုံစမ်းမေးမြန်းစဉ်အတွင်း အာဏာပိုင်များမှ အသုံးပြုပုံမျိုးကို ဆိုလိုသည်။[82]

စာပိုဒ် (၅၂) ပိုဒ်ပါသော "စုံစမ်းစစ်ဆေးရေးအစီရင်ခံစာ" ကို၂၀၁၉ခုနှစ်၊ ဒီဇင်ဘာ(၂)ရက်နေ့က ထုတ်ဝေခဲ့ပြီး ယင်းအစီရင်ခံစာတွင် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ စုံစမ်းစစ်ဆေးချက်များ၊ တွေ့ရှိချက်များ နှင့် အကြံပြုချက်များကို အသေးစိတ်ဖော်ပြထားသည်။ [83] ယင်းသည် ကိုပါကြီးသေဆုံးမှုနှင့် စပ်လျဉ်း၍ အများတကာ ရယူနိုင်သော အသေးစိတ်ချရေးထားသည့် အစီရင်ခံစာဖြစ်ပြီး နိုက်နိုက်ချွတ်ချွတ် ပြုစုထားကာ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ ထုတ်သည့် ထိရောက်များပြားသည့် ထွက်ကုန်တစ်ခု ဖြစ်လေ သည်။

DKBAနှင့် တပ်မတော်တို့အကြား ဖြစ်ပွားသော စစ်မက်အကြောင်းအရာကို အသေးစိတ် ဖော်ပြပြီးနောက်[84] မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် ကိုပါကြီး အဖမ်းခံရမှု၊ ထိန်းသိမ်းခံရမှု၊ သေဆုံးမှုတို့နှင့် ဆက်စပ်၍ အချက်အလက်ကျ တွေ့ရှိချက်များကို ဖော်ပြခဲ့သည်။ အထူးသဖြင့် ကိုပါကြီး လွတ်မြောက်အောင် ကြိုးပမ်းအားထုတ်စဉ် ပစ်သတ်ခံရကြောင်း[85] နှင့် ညဉ်းပမ်းနှိပ်စက်မှု ပြုလုပ်ခဲ့ကြောင်း ရှိ၊ မရှိ သက်သေခံရန် မည်သည့် မျက်မြင်သက်သေမှ မလာရောက်ခဲ့ကြောင်း ဖော်ပြခဲ့သည်။ [86] စစ်သားများသည် ကိုပါကြီးကို မှားယွင်းစွာ သို့သော် အကျိုးကြောင်းသင့် ရန်သူ့စစ်သည် ဖြစ်သည်ဟု မှတ်ချက်ချခဲ့ကြောင်းနှင့် ၎င်းအား ဖမ်းဆီးစဉ် သတင်းထောက်တစ်ယောက်အဖြစ် မမှတ်ယူခဲ့ကြောင်း ၎င်း၏တွေ့ရှိချက်များကို အခြေခံကာ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်က မှတ်ချက်ချခဲ့ပါသည်။[87]

သို့သော်ငြားလည်း ကော်မရှင်သည် တပ်မတော်၏ ယင်းကိစ္စအပေါ် ကိုင်တွယ်ဖြေရှင်းခဲ့ပုံနှင့် ပတ်သက်၍ ဝေဖန်မှုများ ပြုလုပ်ခဲ့သည်။ [88] အထူးသဖြင့် ကိုပါကြီးသည် အလွတ်တန်းသတင်းထောက်ဖြစ်ကြောင်း မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်က ၎င်း၏အစောပိုင်း မှတ်ချက်ကို ပြန်လည်ရှင်းပြခဲ့ပြီး KKO အဖွဲ့ဝင် မဟုတ်ကြောင်း ထပ်မံ၍ အသေးစိတ် ရှင်းပြခဲ့သည်။ သို့ပေတည့် ထိုသို့ဖြစ်ကြောင်း ဖော်ထုတ်ရန် စစ်တပ် အနေဖြင့် လုံလောက်သော ဆောင်ရွက်ချက်များ လုပ်ဆောင်ရန် ပျက်ကွက်ခဲ့ကြောင်း အကြံပြုသော်လည်း ကိုပါကြီး ကိုယ်တိုင်လည်း သူ့ကိုယ်သူ သတင်းထောက်ဖြစ်ကြောင်း ရှင်းရှင်းလင်းလင်း ထင်ရှားမပြသောကြောင့် (ဤတွေ့ရှိချက်

80 Lun Min Mang၊ 'အခွင့်အရေးအဖွဲ့မှ သတင်းထောက်များ သေဆုံးမှုနှင့်ပတ်သက်၍ အစိုးရနှင့် ကွဲလွဲသည်' မြန်မာတိုင်းမ်၊ ၂၀၁၄ နိုဝင်ဘာလ ၂၁။

81 "ကျွန်တော် အပြောနိုင်ဆုံးကတော့ သူကို ပစ်သတ်ခဲ့တယ်။ သူ့အလောင်းမှာ ကျည်ဒဏ်ရာ ငါးချက်ရှိတာကို တွေ့ခဲ့တယ်" ဟု ဦးစစ်မြိုင်က ပြောခဲ့သည်။ (အထက်ပါအတိုင်း)

82 မြန်မာနိုင်ငံ ရာဇသတ်ကြီး၊ ပုဒ်မ ၃၃၀နှင့် ၃၃၁။ ICJ, "တရားမျှတမှု ဖော်ဆောင်ခြင်း" ကို ကြည့်ရန်။ ကိုးကားချက် အထက်၌ရှိသည်။ စာ- ၁၃။

83 "အင်္ဂလိပ်စကာလုံး inquiryကို ဗမာလို စုံစမ်းစစ်ဆေးခြင်း investigation"ဟူ၍လည်း ဘာသာပြန်ကြပါသည်။

84 မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် အစီရင်ခံစာ၊ စာပိုဒ် ၉ မှ ၁၇။

85 အထက်ပါအတိုင်း၊ စာပိုဒ် ၂၁။

86 အထက်ပါအတိုင်း၊ စာပိုဒ် ၂၇။

87 အထက်ပါအတိုင်း၊ စာပိုဒ် ၃၈၊ ၄၃၊ ၄၆၊ ၄၇။

88 အထက်ပါအတိုင်း၊ စာပိုဒ် ၂၅၊၂၉၊၄၂၊၄၅။

မှန်၊ မမှန် မခွဲခြားပြနိုင်ပါ။ အထက်တွင်ကြည့်ရန်) အပြစ်တင်စရာ တစ်ချို့ရှိကြောင်း မှတ်ယူခဲ့သည်။[89]

ရဲတပ်ဖွဲ့နှင့် ပတ်သက်၍ ဖမ်းဆီးမှုအတွက် တာဝန်ရှိသော ရဲအရာရှိများသည် အမှုမှတ်တမ်းတင်ထားသော လိုအပ်သည့် အစီရင်ခံစာများကို စနစ်တကျ တင်ပြရန် ပျက်ကွက်ခဲ့ကြောင်း တွေ့ရှိခဲ့သည်။ [90] ထိုသို့ ပျက်ကွက်ကြောင်း တွေ့ရှိခဲ့သည့်တိုင် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် ထိုတာဝန်ရှိ ရဲအရာရှိကြီးများအား ၎င်းတို့၏ ပျက်ကွက်မှုအတွက် တစ်စုံတစ်ရာ အရေးယူဆောင်ရွက်ပေးရန် အကြံပြုခြင်းမျိုး မပြုလုပ်ခဲ့ပါ။ မှုခင်းဆေးပညာ သက်သေအားဖြင့်ဆိုရသော် အလောင်းခွဲစိတ်တွေ့ရှိချက် အစီရင်ခံစာတွင် သေဆုံးရသည့် အဓိကအကြောင်းရင်းမှာ "ခေါင်း၊ ရင်ဘက်၊ ပေါင်နှင့် ခြေသလုံးတို့တွင် ကျည်ဒဏ်ရာများကြောင့် ဖြစ်ကြောင်း ညွှန်းပြခဲ့သည်ကို ကော်မရှင်မှ ဖွင့်ပြခဲ့သည်။[91] သို့သော် အလောင်းခွဲစိတ်စစ်ဆေး တွေ့ရှိချက် အစီရင်ခံစာကို တွဲကပ်ဖွင့်ပြခဲ့ခြင်း မရှိ။[92] ထို့ပြင် ဒဏ်ရာ ဒဏ်ချက် အကျဉ်းချုပ်ကိုသာ ဖော်ပြခဲ့သည်။[93]

ကော်မရှင်နာများသည် နောက်ထပ် မှုခင်းဆေးပညာ သက်သေအထောက်အထားများကို ပြန်လည်သုံးသပ်ခဲ့ သော်ငြားလည်း [94] ယင်းသက်သေအထောက်အထားကို အစီရင်ခံစာ၌ တင်ပြခဲ့သည့် အမှုအခြင်းအရာများနှင့် ကြိုးပမ်းချိန်ညှိခဲ့ခြင်း မရှိပေ။ အလောင်းကို စနစ်တကျ မြုပ်နှံမထားကြောင်းနှင့် ကြီးကြပ်လုပ်ဆောင်မှု မရှိကြောင်း ကို တွေ့ရှိခဲ့ပါလျက်နှင့် ကော်မရှင်နာများသည် သေဆုံးမှုအဖြစ်မှန်အား သိသိသာသာကြီး ဖုံးကွယ်ထားခဲ့သည်ကို ကိုင်တွယ်ဖြေရှင်းခဲ့ခြင်း မရှိပါ။[95] အရပ်သားများ ပါဝင်ပတ်သက်သော ယင်းအမှုမျိုးများကို သာ၍ ပွင့်လင်း မြင်သာမှု ရှိရှိဖြင့် ကိုင်တွယ်ဖြေရှင်းသင့်ကြောင်း ကော်မရှင်နာများမှ အကြံပြုထားသည်။[96]

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ အစီရင်ခံစာမှ အခရာကျသော အကြံပြုချက်မှာ အရပ်ဘက်တရားရုံး၌ လူအများရှေ့မှောက် ပြစ်မှုစစ်ဆေးကြားနာနိုင်ရန် အလို့ငှာ မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် ကိုပါကြီး သေဆုံးမှုကို စုံစမ်းစစ်ဆေးရန်ပင် ဖြစ်သည်။ ထိုသို့ အကြံပြုရာတွင် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ (၃၄၇) ကို ကော်မရှင်နာများမှ ကိုးကားခဲ့သည်။ ယင်းပုဒ်မသည် တရားဥပဒေရှေ့မှောက် လူအားလုံးတန်းတူညီမျှ အကာအကွယ် ရရှိပိုင်ခွင့်ကို အာမခံထားသည်။[97]

---

[89] အထက်ပါအတိုင်း၊ စာပိုဒ် ၄၁၊ ၄၂၊ ၄၄၊ ၄၇။

[90] အထက်ပါအတိုင်း၊ စာပိုဒ် ၄၁။

[91] အထက်ပါအတိုင်း၊ စာပိုဒ် ၃၁။

[92] ICJ မှ ဒေါ်သွန္တာနှင့် တွေ့ဆုံမေးမြန်းခြင်း၊ မြန်မာ၊ ၂၀၁၉ ခုနှစ် စက်တင်ဘာလ ၃၀ ရက်။

[93] မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် အစီရင်ခံစာ၊ စာပိုဒ် ၃၂။

[94] မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် အစီရင်ခံစာ၊ စာပိုဒ် ၃၃။

[95] မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် အစီရင်ခံစာ၊ စာပိုဒ် ၂၉။

[96] မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် အစီရင်ခံစာ၊ စာပိုဒ် ၅၀။

[97] မှတ်စု။ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ် ၃၄၇သည် အထူးသဖြင့် အရေးကြီးလှပါသည်။ အဘယ်ကြောင့်ဆိုသော် နိုင်ငံသားများအတွက်သာ ကန့်သတ်ထားသော ဖွဲ့စည်းပုံအခြေခံဥပဒေပါ "အခြေခံအခွင့်အရေးများစုနှင့်" မတူဘဲ ယင်းပုဒ်မသည် "လူအားလုံး"၏ အခွင့်အရေးများကို အာမခံထားသောကြောင့် ဖြစ်သည်။ ထပ်မံ၍ ကြည့်ရန်... ICJ, "မြန်မာနိုင်ငံရှိ နိုင်ငံသားဖြစ်ခြင်းနှင့် လူ့အခွင့်အရေး- ဥပဒေကို အဘယ်ကြောင့် အလောတကြီး ပြုပြင်ပြောင်းလဲရန်လိုကြောင်းနှင့် ပြောင်းလဲနိုင်လို့ရကြောင်း" ၂၀၁၉ ဇွန်လ။ ဤဝက်ဆိုဒ်၌ ကြည့်ပါ။ https://www.icj.org/myanmars-discriminatory-citizenship-laws-can-and-must-be-immediately-reformed/ (Burmese: "မြန်မာနိုင်ငံတွင် နိုင်ငံသား ဖြစ်မှု နှင့် လူ့အခွင့်အရေး - ဥပဒေဆိုင်ရာပြုပြင်ပြောင်းလဲရေးသည် ချက်ခြင်းလုပ်ဆောင်ရန် နှင့် လုပ်ဆောင်ရန် ဖြစ်နိုင်ခြေရှိခြင်း," https://www.icj.org/wp-content/uploads/2019/06/Myanmar-Citizenship-law-reform-Advocacy-Analysis-Brief-2019-BUR.pdf).
မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် အစီရင်ခံစာ၏ အကြံပြုချက် အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်။- "(၄၉) မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် ကိုအောင်နိုင်(ခ) ကိုအောင်ကျော်နိုင်(ခ) ကိုပါကြီး သေဆုံးမှုကို ရဲစုံစမ်းစစ်ဆေးမှု အဆုံးထိတိုင် ဆောင်ရွက်သင့်ပြီး တရားစီရင်ရေး လုပ်ဆောင်ချက်များနှင့် အညီ အမှုကို တရားစွဲဆိုသင့်သည်။ (၅၀) အမျိုးသားလုံခြုံရေးကိစ္စရပ်များမှအပ အခြားအမှုများအားလုံးနှင့်ဆိုင်သော လူသိရှင်ကြား သတင်းများကို ပွင့်လင်းမြင်သာမှုရှိပြီး အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်သင့်သည်။ (၅၁) ကိုအောင်နိုင်(ခ) ကိုအောင်ကျော်နိုင်(ခ) ကိုပါကြီး (အမည်ဝှက်-အောင်ကြီး) ဟုခေါ်သော သူသည် မြန်မာနိုင်ငံသားဖြစ်သောကြောင့် ၎င်းကို ဥပဒေရှေ့မှောက် တန်းတူအဆင့်အတန်းခံစားခွင့် ပေးသင့်ပြီး ဥပဒေ၏ တန်းတူအကာအကွယ်ကိုလည်း ခံစားပိုင်ခွင့်ရှိသင့်သည်။(၅၂) ထို့အတွက်ကြောင့် ကော်မရှင်အနေနဲ့ အကြံပြုလိုသည်မှာ ပြည်ထောင်စုသမ္မတ

ဒေါ်သွန္တာသည် ချက်ခြင်းဆိုသလိုပင် ယင်းအစီရင်ခံစာ၏ တွေ့ရှိချက်များနှင့်ပတ်သက်၍ မေးစရာများနှင့် သံသယများရှိကြောင်း ပြော၍ တုန့်ပြန်ခဲ့သည်။ [98] သူမ ပြောဆိုခဲ့သည်မှာ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေး ကော်မရှင်သည် အစီရင်ခံစာ ရေးသားခဲ့စဉ်က သူမနှင့် ဆွေးနွေးတိုင်ပင်ခဲ့မှု မရှိကြောင်း ဆိုခဲ့သည်။ ထို့ပြင် စုံစမ်းစစ်ဆေးရေး အဖွဲ့မှ သူမကို သူမ၏ရှေ့နေနှင့်အတူ ၎င်းတို့နှင့်အတူ အစည်းအဝေးတက်ရောက်ရန် ခွင့်မပြုသည်ကို ထောက်၍ သူမဘက်မှ ၎င်းတို့နှင့် တွေ့ဆုံရန် ငြင်းဆိုခဲ့သည်။ ဒေါ်သွန္တာသည် သူမ၏ရှေ့နေ (သို့မဟုတ်) အမျိုးသမီးအဖော်တစ်ဦးနှင့်အတူ ကော်မရှင်နှင့်တွေ့ဆုံရန် တောင်းဆိုချက်ကို မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင်ဘက်မှ (၃) ကြိမ်တိုင်တိုင် လုံးဝ ငြင်းဆန်ခဲ့သည်။ [99]

သူမ၏ရှေ့နေ ဦးရောဘတ်ဆန်းအောင်သည် ဒေါ်သွန္တာ၏ သက်သေထွက်ဆိုချက် မပါဘဲ စုံစမ်းစစ်ဆေးမှုသည် ပြီးပြည် ပြီးပြည့်စုံမှုမရှိဟု ထောက်ပြခဲ့သည်။ ထို့အပြင် ယင်းစုံစမ်းစစ်ဆေးမှုကို နိုင်ငံတကာလူ
နိုင်ငံတကာလူ့အခွင့်အရေး အထူး ကျွမ်းကျင်သူ၏ အကူအညီဖြင့် ပြန်လည်သုံးသပ်ပေးရန်လည်း တောင်းဆိုခဲ့သည်။ [100] ၎င်းတို့၏ အဓိက အလေးအနက်ထား ဝေဖန်ထောက်ပြချက်မှာ အစီရင်ခံစာသည် ကိုပါကြီးသေဆုံးရသည့် အခြေအနေများကို ကျေနပ်နစ်သိမ့်နိုင်လောက်အောင် မရှင်းပြခဲ့ကြောင်း ဖြစ်သည်။ ဥပမာ ညဉ်းပမ်းနှိပ်စက်ချက်များနှင့် လူသားမဆန် ပြုမူဆက်ဆံခဲ့သည့် လက္ခဏာ အသိသာကြီးရှိခဲ့သည်ကို မရှင်းပြခဲ့ကြောင်း ထောက်ပြဝေဖန်ခဲ့သည်။ ကုလသမဂ္ဂ လူ့အခွင့်အရေးနေ့ ဖြစ်သော ဒီဇင်ဘာလ (၁၀)ရက်နေ့တွင် ယခင်သမ္မတဟောင်း ဦးသိန်းစိန်ထံသို့ အများပြည်သူဆိုင်ရာ ပေးပို့စာ တစ်စောင်ကို ပေးပို့ရာတွင် ဒေါ်သွန္တာသည် အစီ
အစီရင်ခံစာအား
တိကျမှုများလုံးဝမရှိ ကြောင်းနှင့် ရှေ့နောက် ကိုက်ညီမှုများ မရှိကြောင်း ကိုးကားပြောဆိုကာ ထပ်မံပြက်ရယ်ပြုခဲ့သည်။
ယ်ပြုခဲ့သည်။ သေဆုံးမှုကို ဖြစ်စေသည့် အမှားကို အကြောင်းတရားအဖြစ် မှတ်ယူရန် ပျက်ကွက်
ပျက်ကွက်ခြင်းနှင့် သူမနှင့် သင့်လျော်စွာ ဆွေးနွေးတိုင်ပင်ခြင်း၊ လူတွေ့မေးမြန်းခြင်း မပြုလုပ်ခြင်းစသည်တို့ကို
မပြုလုပ်ခြင်းစသည်တို့ကိုပါ ကိုးကားပြောဆိုခဲ့သည်။[101]

ဒေါ်သွန္တာ၏ အခိုင်အမာပြောဆိုချက်များကို တုန့်ပြန်သည့်အနေဖြင့် စုံစမ်းစစ်ဆေးရေး ကော်မရှင်၏ ခေါင်းဆောင် ဦးစ
ခေါင်းဆောင် ဦးစစ်မြိုင်က "တည်ဆဲ စည်းမျဉ်းများနှင့် ဥပဒေ
ဥပဒေများကို လိုက်နာရန် အားနည်းခြင်းသည် အမှန်တကယ်တွင် ပြစ်မှုဖြစ်ကြောင်း"၊
"ပြစ်မှုကျူးလွန်ခဲ့ခြင်းရှိ မရှိကို ကျွန်ုပ်တို့မှ ပြောဆိုရန် အခွင့်အာဏာမရှိပါ။ ကျွန်တော်တို့ ၏ အခန်းကဏ္ဍသည် အား
အခန်းကဏ္ဍသည် အားနည်းချက်များကိုသာ ထောက်ပြရန် ဖြစ်သ
ဖြစ်သည်။ ယ င်းအမှုအတွက် တရားမျှတမှုရရှိစေရန် လုပ်ဆောင်ရမည်မှာ သက်ဆိုင်ရာ အာဏာ
အာဏာပိုင်များနှင့် တရားရုံးများသာ ဖြစ်သည်ဟု ကြေငြာခဲ့သည်။[102]

(၅)လကြာပြီးနောက် ၂၀၁၅ခုနှစ်၊ မေလ (၈)ရက်နေ့တွင် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် စာပိုဒ်သုံးပိုဒ်ပါ ထုတ်ပြန်ချက်တစ်စောင်ကို ထုတ်ပြန်ခဲ့ပြီး ယင်းထုတ်ပြန်ချက်တွင် ၎င်း၏ ဒီဇင်ဘာ အကြံပြုချက်ကို ပြန်လည်ဖော်ခဲ့သည်။ ယင်းအကြံပြုချက်တွင် ၁၉၅၉ တပ်မတော်အက်ဥပဒေအရ ယင်းလူသတ်မှုသည် စစ်ဘက်တရားရုံးများ၏ စီရင်ပိုင်ခွင့်အောက် ကျရောက်ကြောင်း မှတ်ချက်ပြုခဲ့သည်။ ထို့အပြင် အမှု၌

---

မြန်မာနိုင်ငံတော်၏ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၄၇နှင့်အညီ နိုင်ငံသားများ၏ အခြေခံအခွင့်အရေးများကို ရရှိရန်အတွက်သော်လည်းကောင်း၊ အများပြည်သူရှေ့မှောက် ပွင့်လင်းမြင်သာမှုရှိစေရန်အတွက်သော်လည်းကောင်း၊ ဤအမှုကို အရပ်ဘက်တရားရုံးတွင် စစ်ဆေးကြားနာသင့်ပါသည်။"

[98] Kyaw Hsu Mon ၊ "အစီရင်ခံစာကို လုပ်ကြံဇာတ်ခင်းထားခဲ့သည်။" သတ်ဖြတ်ခံရသော မြန်မာသတင်းထောက်၏ မုဆိုးမ၊ The Irrawaddy ၂၀၁၄ ခုနှစ် ဒီဇင်ဘာလ ၃ရက်။

[99] ICJ မှ ဒေါ်သွန္တာနှင့် တွေ့ဆုံမေးမြန်းခြင်း၊ ၂၀၁၈ ခုနှစ် စက်တင်ဘာလ

[100] Aung Hla Tun နှင့် Paul Mooney, "မြန်မာသတင်းထောက် သေဆုံးမှုနှင့်ပတ်သက်သော အစီရင်ခံစာအပေါ် ပြစ်တင်လိုက်သော ရှေ့နေမှ စုံစမ်းစစ်ဆေးမှု အသစ် ပြန်လည်လုပ်ဆောင်ရန် တောင်းဆိုသည်၊ ရိုက်တာ၊ ၂၀၁၄ ဒီဇင်ဘာလ ၂ရက်။ Lun Min Mang, 'အခွင့်အရေးကော်မရှင်၏ စုံစမ်းစစ်ဆေးမှုအပေါ် စွပ်စွဲချက်များ ပျံ့နှံ့လျက်ရှိ'၊ Myanmar Times၊ ၂၀၁၄ ခုနှစ် ဒီဇင်ဘာလ ၁၅ ရက်။

[101] Lun Min Mang, 'အခွင့်အရေးကော်မရှင်၏ စုံစမ်းစစ်ဆေးမှုအပေါ် စွပ်စွဲချက်များ ပျံ့နှံ့လျက်ရှိ'၊ ကိုးကားချက် အထက်၌ရှိ

[102] အထက်ပါအတိုင်း။

ပါဝင်ပတ်သက်ခဲ့သော စစ်သား (၂) ဦးကို တရားသေလွှတ်ခဲ့ကြောင်း ထုတ်ဖော်ခဲ့သည်။ [103] အပြစ်မရှိကြောင်း စီရင်ချက်ကို မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေး ကော်မရှင်၏ စုံစမ်းစစ်ဆေးတွေ့ရှိချက် အစီရင်ခံစာ မထွက်မီ ၂၀၁၄ခုနှစ်၊ နိုဝင်ဘာလ (၂) ရက်နေ့၌ ချမှတ်ခဲ့သည်။ [104] ကော်မရှင်နာများသည် ယင်းအချိန်၌ ထိုသို့ အခြေအနေရှိကြောင်းကို လုံးဝ မသိရှိခဲ့ကြပါ။ လပေါင်းများစွာကြာပြီးမှ (၂၀၁၅ မေလ ထုတ်ပြန်ချက် ထွက်ချိန်မှသာ) အမှုနှင့်ပတ်သက်၍ လူသိရှင်ကြား ဆက်သွယ်ပြောဆိုချက်အဖြစ် ကျန်ရစ်ခဲ့သည်။[105]

စုံစမ်းစစ်ဆေးမှု၌ လိုအပ်ချက်များ ရှိသော်လည်း မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေး ကော်မရှင်၏ အစီရင်ခံစာ သည် ကိုပါကြီး သေဆုံးမှု အခြေအနေများကို မှတ်တမ်းတင်ထားသည့် လူသိရှင်ကြား ရယူနိုင်သော အထိရောက်ဆုံးသော မှတ်တမ်း ဖြစ်ခဲ့သည်။ ၂၀၁၁ခုနှစ်မှ စ၍ မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေး ကော်မရှင်ကို စတင်ဖွဲ့စည်းခဲ့ချိန်မှ ယနေ့ချိန်ထိ ကော်မရှင်အနေဖြင့် လုပ်ဆောင်ခဲ့သည့် ပထမဆုံးသော စုံစမ်းစစ်ဆေးမှုပင် ဖြစ်လေသည်။ ၎င်း၏ အကြံပြုချက်များကို ပုံဖော်ရာတွင် ဤအမှု၌ တာဝန်ခံမှု ရှိစေရန် ပုံဖော်အကြံပြုထားပြီး မြန်မာနိုင်ငံရှိ အလားတူအမှုများနှင့် ယင်းအမှု၏ အမှန်တရားကို လက်လှမ်းရရှိနိုင်ရေး အထောက်အပံ့များ ဖြစ်စေရန် ပုံဖော် အကြံပြုထားသည်။ သို့သော် စုံစမ်းစစ်ဆေးမှု တစ်ခုတည်းက တာဝန်ခံမှု (သို့မဟုတ်) ကုစားမှုကို မပေးခဲ့ပါ။ ထို့ပြင် မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေး ကော်မရှင်ကိုယ်တိုင်က ၎င်း၏အကြံပြုချက်များအား လိုက်နာစေရန် အာဏာပိုင်များကို လိုအပ်သော တင်းကျပ်မှု ပြုလုပ်နိုင်သည့် လုပ်ပိုင်ခွင့်အာဏာများလည်း မရှိပါ။

## ၄.၂။ စစ်ဘက်တရားရုံး၌ အမှုစစ်ဆေးစီရင်ခြင်းများ

စစ်ဘက်တရားရုံး၌ အမှုစစ်ဆေးစီရင်ခြင်းများ၏ အခြေအနေများနှင့် အချိန်ဇယားများသည် ဘာမှန်းမသိ နားလည်ရန် ခက်ခဲလှပါသည်။ အလားတူ အမှုစစ်ဆေးစီရင်ခြင်းနှင့် သက်ဆိုင်သော သတင်းအချက်အလက်များ ကိုလည်း မည်သို့မည်ပုံ ထုတ်လွှင့်မှန်း မသိ ဖြစ်ရသည်။ အထက်ဖော်ပြပါအတိုင်း ၂၀၁၅ခုနှစ် မေလ ( ၈) ရ က်နေ့ တွင် (သေမှုသေခင်း စုံစမ်းစစ်ဆေးနေစဉ်နှင့် တစ်မျိုးကြီးဖြစ်နေသည့် အချိန်ဇယားကို သိသာထင်ရှားသော ဖြေရှင်းချက်မရှိဘဲ) မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေး ကော်မရှင်သည် စစ်ဘက်တရားရုံး၏ ၂၀၁၄ခုနှစ် နိုဝင်ဘာလ စီရင်ချက်ကို လူသိရှင်ကြား ကြေငြာခဲ့သည်။ ထိုသို့ကြေငြာခဲ့ခြင်းက ယင်းဖြစ်စဉ် နစ်ခု မည်သို့မည်ပုံ (သို့မဟုတ်) တစ်နည်းနည်းဖြင့် အပြန်အလှန် ဆက်သွယ်မှု ရှိ၊ မရှိ ပဲ ရှင်းလင်းမှု မရှိ ဖြစ်နေသည်။ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်၏ ၂၀၁၅ မေလ ထုတ်ပြန်ချက်အကျဉ်းသည် ယင်းဖြစ်စဉ်နှင့် ပတ်သက်၍ သော်လည်းကောင်း၊ ဖြစ်စဉ်ရလဒ်နှင့် ပတ်သက်၍သော်လည်းကောင်း အများပြည်သူ လက်လှမ်း ရယူနိုင်သော အဓိက သတင်းအရင်း အမြစ်အဖြစ် ကျန်ရစ်လေသည်။ ထုတ်ပြန်ချက်တွင် အောက်ပါအတိုင်း ဆိုထားသည်။

"...ကိုအောင်နိုင် (ခ) ကိုအောင်ကျော်နိုင် (ခ) ကိုပါကြီး သေဆုံးမှုသည် တန်းပြည့်စစ်မှုထမ်းချိန် အတွင်း ဖြစ်ပွားကြောင်း အခိုင်အမာ ပေါ်ပေါက်ခဲ့သည့်အတွက် တပ်မတော် အက်ဥပဒေ ပုဒ်မ ၇၂ အရ စစ်တရားရုံး၏ စီရင်ခွင့်အာဏာအတွင်း ကျရောက်သဖြင့် ၁၉၅၉ ခုနှစ် တပ်မတော်အက် ဥပဒေပါ ပြဋ္ဌာန်းချက်များ၊ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပါ ပြဋ္ဌာန်းချက်များ၊ စစ်ဘက်တရား စီရင်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ အကျဉ်းစစ်တရားရုံးချုပ်အမှတ်စဉ် (၁၄၆/၁၄၇) တို့ဖြင့် အမှတ် (၂၁၀) ခြေမြန်တပ်ရင်းမှ အစောင့်စစ်သည် (၂) ဦးဖြစ်သည့် ဒုတိယတပ်ကြပ် ကျော်ကျော်အောင် နှင့် တပ်သား နိုင်လင်းထွန်းတို့အပေါ် တပ်မတော် အက်ဥပဒေပုဒ်မ ၇၁၊ ပြစ်မှု ဆိုင်ရာဥပဒေ ပုဒ်မ ၁၀၄ တို့ဖြင့် စစ်ဆေးခဲ့ပြီး တရားသေလွှတ်သည့် အမိန့်ကို ချမှတ်ခဲ့ကြောင်း နှင့် ယင်းဆုံးဖြတ်ချက်ကို တိုင်းမှူး အရှေ့တောင်တိုင်းစစ်ဌာနချုပ်မှ အတည်ပြုခဲ့ကြောင်း သိရှိ ရပါသည်။ အဆိုပါကိစ္စနှင့် စပ်လျဉ်း၍ ကိုအောင်နိုင် (ခ) ကိုအောင်ကျော်နိုင် (ခ) ကိုပါကြီး သေဆုံးမှု အပေါ် အရာရှိ စစ်သည်များအား အရေးယူမှုသည် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ၊ တပ်မတော် အက်ဥပဒေတို့နှင့်အညီ ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်ဟု

---

[103] မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင်၊ "ကိုအောင်နိုင်(ခ)ကိုအောင်ကျော်နိုင်(ခ)ကိုပါကြီး သေဆုံးမှု နှင့်ပတ်သက်သော အမှုနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင်၏ သတင်းထုတ်ပြန်ချက်" သတင်းထုတ်ပြန်ချက်အမှတ် ၆/၂၀၁၅၊ ၂၀၁၅ ခုနှစ် မေလ ၈ ရက်။

[104] ကော်မရှင်နာ ဦးစစ်မြိုင်မှ The Myanmar Times ပြောပြရာတွင် ယင်းအမှုကို ၂၀၁၄ နိုင်ဝင်ဘာလ ၂၇ရက်နေ့၌ ဆုံးဖြတ်ခဲ့ကြောင်းဆိုသည်။ Yola Verbruggen, Naw Say Phaw Waa and Lun Min Mang, "စစ်တပ်မှ တရားသေလွှတ်ပေးလိုက်ခြင်းသည် အရပ်သားသေဆုံးမှု စုံစမ်းစစ်ဆေးခြင်းနှင့်ပတ်သက်၍ သံသယအသစ်များစွာကို မြင့်မားစေသည်။" Myanmar Times, ၂၀၁၅ ခုနှစ် မေလ ၁၂ ရက်။

[105] ICJ နှင့် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်တို့ တွေ့ဆုံခြင်း၊ ၂၀၁၉ ခုနှစ် ဇန်နဝါရီလ။

ကာကွယ်ရေး ဝန်ကြီးဌာနမှ ပြန်ကြားချက်အရ သိရှိရပါသည်။”[106]

အရှေ့တောင် တိုင်းစစ်ဌာနချုပ်မှ ခြေမြန်တပ်ရင်း (၂၂) ကို DKBA နှင့် ပဋိပက္ခဖြစ်ပွားရာဒေသအား “တန်းပြည့်တာဝန်ထမ်းဆောင်နေရမည့်” နေရာဒေသအဖြစ် မှတ်ယူရန် အကြောင်းကြားခဲ့ကြောင်း မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ စုံစမ်းစစ်ဆေးရေးအစီရင်ခံစာက ၂၀၁၄ခုနှစ်၊ စက်တင်ဘာလ (၂၇) ရက်နေ့တွင် အစီရင်ခံခဲ့သည်။ [107] ဤအစီရင်ခံစာ၏ ၂.၂ တွင် အလေးပေးဖော်ထားသလို၊ တန်းပြည့်တာဝန် ဟူသော အနက်အဓိပ္ပါယ်ကို လွန်စွာမှ အကျယ်တစ်ဝန်း ဖွင့်ဆိုထားပြီး တပ်မတော်အက်ဥပဒေ ပုဒ်မ (၇၁) နှင့် (၇၂) တို့ကို ဖတ်သောအခါ နစ်နာသူ၏ အဆင့်အခြေအနေနှင့် မဆိုင်ဘဲ စစ်သားများကျူးလွန်သည့် ကြီးလေးသော ပြစ်မှုများကို စုံစမ်းစစ်ဆေး၊ တရားစွဲဆိုခြင်းအား အရပ်ဘက်တရားရုံးများသို့ မဟုတ်ဘဲ စစ်တရားရုံးများသို့ လွဲပြောင်းနိုင် ကြောင်း တွေ့ရသည်။

ကိုပါကြီး သေဆုံးမှုနှင့် ပတ်သက်သော သတင်းအချက်အလက်ကို အများပြည်သူများနှင့် သူ့မိသားစုဝင်များ မသိရှိအောင် အောက်တိုဘာလ(၂၃) ရက်နေ့အထိ ထိမ်ချန်ထားခဲ့သည်ကို ကြည့်လျှင်သော်လည်းကောင်း၊ နိုဝင်ဘာလ (၂၇) ရက် နေ့စွဲဖြင့် အပြစ်မရှိကြောင်း တရားသေလွှတ်ခဲ့သည် တို့ကိုကြည့်လျှင်သော်လည်းကောင်း၊ စစ်တရားရုံး လုပ်ငန်းစဉ်ကို တစ်လနီးပါးအကြာ ဆက်လက် လုပ်ဆောင်ခဲ့ကြောင်း တွေ့ရသည်။ သတ်ဖြတ်မှု၌ တိုက်ရိုက်ပါဝင်ခဲ့သော စစ်သားများနှင့် ကွဲပြားလျက် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ သတင်းထုတ်ပြန်ချက်တွင် အခြားရာထူးအဆင့်ရှိ အရာရှိများ၏ လုပ်ဆောင်ချက်များကိုလည်း ပြန်လည်သုံးသပ်ခဲ့ကြောင်း ညွှန်ပြခဲ့သည်။ ၎င်းသည် စည်းကမ်းကြပ်မတ် အရေးယူခံရနိုင်စေသော်လည်း အသေးစိတ်ကိုမူ မှန်၊ မမှန် မစစ်ဆေးနိုင်ခဲ့ပါ။ ထို့ပြင် ထိုသို့သော သတင်းအချက်အလက်များအား လူအများ လက်လှမ်းရယူ နိုင်ခြင်း မရှိပါ။[108]

တရားသေလွှတ်လိုက်ကြောင်း သိရှိရပြီးနောက် ဒေါ်သန္တာသည် အာဏာပိုင်အသီးသီးထံသို့ တိုင်တန်းစာ ပေးပို့ခဲ့ သည်။ သူမပေးပို့ခဲ့ရာတွင် သမ္မတရုံး၊ ကာကွယ်ရေးဦးစီးချုပ်နှင့် ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်သော လွှတ်တော်မှ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေး ကော်မတီ တို့ ပါဝင်ခဲ့သည်။[109]

## ၄.၃။ ကျိုက်မရော မြို့နယ်တရားရုံး၌ သေမှုသေခင်း စစ်မေးခြင်း

ကိုပါကြီး သေဆုံးပြီးနောက် (၆)လကြာသောအခါ ကျိုက်မရော မြို့နယ်တရားရုံးသည် ၂၀၁၅ခုနှစ်၊ မတ်လ ၃၀ ရက်နေ့၌ သေမှုသေခင်း စစ်မေးခြင်းကို စတင်ခဲ့သည်။ အများပြည်သူရှေ့မှောက် ကြားနာစစ်ဆေးခြင်း အကြိမ် ပေါင်းများစွာကို ဧပရယ် ၁၀ ရက်နေ့မှ ဇွန် ၂၃ရက်နေ့အထိ (၁၀) ပတ်ကျော်ကြာ စစ်ဆေးခဲ့သည်။ [110] ခရိုင်အဆင့် တရားလိုပြ သက်သေစာရင်းတွင် လူအယောက်ပေါင်း သုံးဆယ်ကျော် ပါဝင်ခဲ့သည်။ ထိုသူများတွင် ဒေသခံ အုပ်ချုပ်ရေးဘက်မှ ပုဂ္ဂိုလ်များ၊ အမှုဖြစ်စဉ်အကြောင်း သိသော ဒေသခံများ၊ သတ်ဖြတ်မှု၌ ပါဝင်သော စစ်သား (၂)ယောက်နှင့် ကိုပါကြီး၏ ဇနီးသည် ဒေါ်သန္တာတို့ ပါဝင်သည်။ [111] တရားရုံးမှ အပြီးသတ် သုံးသပ်ဆုံးဖြတ်ရာတွင် ကိုပါကြီးသည် စစ်တပ်၏ထိန်းသိမ်းခြင်းကို ခံထားရစဉ် သေနတ်မှန်ထားသည့် ဒဏ်ရာများဖြင့် သေဆုံးခဲ့ကြောင်း၊ သို့သော် ကိုပါကြီးသေဆုံးမှုအတွက် မည်သူမည်ဝါထံ၌ တာဝန်ရှိကြောင်းကိုမူ ဆုံးဖြတ်သုံးသပ်ခြင်း အလျှင်းမရှိဘဲ တရားရုံးက

---

106 မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင် သတင်းထုတ်ပြန်ချက်၊ ၂၀၁၅ခုနှစ် မေလ ၈ ရက် (ကိုးကားချက် အထက်၌ရှိ)

107 မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင် အစီရင်ခံစာ၊ စာပိုဒ် ၁၆။ စစ်သားများထံထုတ်ပေးထားသော တပ်မတော်၏ ဆက်ဆံမှု စည်းမျဉ်းအမျိုးမျိုး၊ ဥပမာ- မတူညီသော ပထဝီဒေသများအတွက် အရောင်အမျိုးမျိုးသတ်မှတ်ကျင့်သုံးခြင်းအပါအဝင် စသည်တို့နှင့်ပတ်သက်၍ အသေးစိတ်ထပ်မံလေ့လာရန်၊ ICJ, “တရားမျှတမှု ဖော်ဆောင်ခြင်း” ကိုကြည့်ပါ။ ကိုးကားချက် အထက်၌ရှိ၊ စာမျက်နှာ-၁၅။

108 ICJ မ ္ လူတွေ့မေးမြန်းခံသူများနှင့် မေးမြန်းခြင်း၊ ၂၀၁၉ခုနှစ် ဇန်နဝါရီလ။

109 Naw Noreen, ‘အရပ်ဘက်တရားရုံးမှ ကိုပါကြီးအမှုကို ငါးကြိမ်မြောက် စစ်ဆေးကြားနာခြင်း၊’ DVB၊ ၂၀၁၅ ခုနှစ် မေလ ၂၅။

110 Yola Verbruggen and Naw Say Phaw Waa,‘သတင်းထောက်သေဆုံးမှုအား မသဲမကွဲ မထင်ရှားသော စုံစမ်းစ်စဆေးမှု ဆက်လက်လုပ်ဆောင်’၊ မြန်မာတိုင်းမ်၊ ၂၀၁၅ခုနှစ် မေလ ၁ရက်။

111 Naw Say Phaw Waa, “ကိုပါကြီးအမှု စုံစမ်းစစ်ဆေးရာတွင် ဝင်ရောက်စွပ်ဖက်သည့်အပေါ် ကြောက်ရွံ့မှုများ မြင့်တက်လာ” The Myanmar Times ၂၀၁၅ခုနှစ် ဇွန်လ ၁၁ ရက်။

သုံးသပ် ဆုံးဖြတ်ခဲ့သည်။

သေမှုသေခင်း စုံစမ်းစစ်ဆေးနေသော အာဏာပိုင်များသည် ဒေါ်သန္တာအားဖြစ်စေ သူမ၏ရှေ့နေအားဖြစ်စေ စုံစမ်းစစ်ဆေးခြင်းနှင့်ပတ်သက်၍ အသိပေးအကြောင်းကြားရန် လုံးဝ ပျက်ကွက်ခဲ့သည်။ ကြားနာစစ်မေးမှုများ ပြုလုပ်နှင့်ပြီးသောအခါမှသာ သူမအနေနဲ့ နီးစပ်ရာမှ ကြားသိခဲ့ရသည်။[112] ဖေရယ်လ ၃၀ ရက်နေ့ ပထမဦးဆုံးအကြိမ်အဖြစ် စစ်မေးမှု၌ လာရောက်ရာတွင် ခရိုင်အဆင့်အစိုးရရှေ့နေသည် သူမအား ထိုသို့ အကြောင်းကြားရန် မလိုအပ်ကြောင်း ပြောခဲ့သည်ဟု ကြားသိခဲ့ရသည်။[113]ထိုနေ့ ညနေပိုင်းတွင် မြို့နယ်တရားသူကြီးက အကြောင်းကြားစာများကို သူမထံပို့လိုက်ကြောင်း၊ မရောက်ရှိရခြင်းမှာ စာများသည် စာတိုက်၌ ပျောက်သွားတာဖြစ်နိုင်ကြောင်း ပြောဆိုခဲ့သည်။[114]ယင်းနေ့၌ စုံစမ်းစစ်မေးမှုပြီးနောက် နောက်တစ်နေ့တွင် တရားရုံထံသို့ သူမ၏ တောင်းဆိုချက်အရ နောက်ထပ်ကြားနားစစ်မေးမည့် ရုံးချိန်းတွင် လာရောက်သက်သေခံရန် သူမအား ဖိတ်ကြားသည့် တရားဝင်ဖိတ်ကြားစာကို ထုတ်ခဲ့သည်။[115] အမှုစစ်ဆေးပြီး သိပ်မကြာခင် သတင်းထောက်များနှင့် တွေ့ဆုံပြောဆိုရာတွင် သူမ၏ ခင်ပွန်းသည်အတွက် တရားမျှတမှုကို ဖော်ဆောင်နိုင်မည်ဖြစ်ကြောင်း ဒေါ်သန္တာက အကောင်းမြင်ရှုဒေါင့်ဖြင့် ပြောကြားခဲ့သည်။[116]

သို့သော် ပုံမှန်မဟုတ်မှုများ နောက်ထပ် တွေ့ရှိရပြီးနောက် အမှုစစ်ဆေးမှုအပေါ် အဆိုးမြင်သုံးသပ် ဝေဖန်မှုများ ကျယ်လောင်လာရုံသာမက ယင်းသေမှုသေခင်း စုံစမ်းစစ်မေးမှုသည် တာဝန်ရှိမှုကို ခံစေမည်မှာ မသေချာကြောင်း ပိုမို သိရှိလာကြသည်။ အမှုစစ်မေးခြင်းများ ပြီးဆုံးပြီးနောက် သက်သေစစ်မေးရာတွင် ဦးဆောင်သူ ခရိုင်အဆင့် အစိုးရရှေ့နေ ဦးညီညီလွင်ကို ရာထူးတိုးသည့် အနေဖြင့် နေရာပြောင်းရွှေ့လိုက်သည်။[117]တရားရုံးသို့ တင်ပြမည်ဟု ရဲမှ ကတိပေးခဲ့သည့် ကိုပါကြီး၏ ထိန်းသိမ်းခံ မှတ်တမ်းမှတ်ရာများကို တရားရုံးသို့ တင်သွင်းခြင်း မရှိခဲ့ (သို့မဟုတ်) နောက်ထပ် ပြောဆိုအရေးယူ လုပ်ဆောင်ခြင်းမျိုး မရှိခဲ့။[118]တစ်ပြိုင်နက်တည်း သက်သေထွက်ဆိုချက်များသည် နဂိုမူလ တရားဝင် မှတ်သားထားသော ဖြစ်စဉ်ပုံစံများနှင့် အခြေင်းပွားစရာဖြစ်ပြီး ကွဲလွဲနေခဲ့သည်။ ကာကွယ်ရေးဝန်ကြီးဌာနမှ ထုတ်သော သတင်းအချက်အလက်များနှင့် မြန်မာနိုင်ငံ လူ့အခွင့်အရေးကော်မရှင်မှ ထုတ်သော သတင်းအချက်အလက်များအကြား ကွာဟချက်များ ရှိနေသည်ကို တွေ့ခဲ့ရသည်။[119] သေမှုသေခင်း စုံစမ်းစစ်မေးခြင်းများသည် စစ်တပ် အရာရှိကြီးများ၏ စောင့်ကြည့်လေ့လာ ခြင်းကို ခံရကြောင်း ထင်ရှား

---

[112] Yola Verbruggen and Naw Say Phaw Waa, 'သတင်းထောက်သေဆုံးမှုအား မသဲမကွဲ မထင်ရှားသော စုံစမ်းစ်စဆေးမှု ဆက်လက်လုပ်ဆောင်' The Myanmar Times၊ ၂၀၁၅ခုနှစ် မေလ ၁ရက်။ ('သိပ်မကြာသေးမီကမှ အမှုကို တရားရုံးမှ စစ်ဆေးကြားနာနှင့်နေပြီဖြစ်ကြောင်း ကြားသိရ') 'အရပ်ဘက်တရားရုံး၌ သေမှုသေခင်း စုံစမ်းစစ်ဆေးနေစဉ်မှာပင် သတင်ထောက်အား သတ်ဖြတ်ခဲ့သည့် စစ်သားများကို စစ်တရားရုံးက အပြင်တင်ခံရခြင်းမှ ကင်းလွတ်စေသည်' အာရှလူ့အခွင့်အရေးကော်မရှင်၊ ၂၀၁၅ခုနှစ် မေလ ၁၃ရက်။

[113] Yola Verbruggen and Naw Say Phaw Waa, 'သတင်းထောက်သေဆုံးမှုအား မသဲမကွဲ မထင်ရှားသော စုံစမ်းစ်စဆေးမှု ဆက်လက်လုပ်ဆောင်'၊ The Myanmar Times၊ ၂၀၁၅ မေလ ၁ရက်။

[114] အထက်ပါအတိုင်း။

[115] အထက်ပါအတိုင်း။

[116] Hin Yadana Zaw "တပ်မတော် သတ်ဖြတ်ခြင်းခံလိုက်ရသော သတင်းထောက်၏ ဇနီးသည်သည် အရပ်ဘက် တရားရုံး၌ မျှော်လင့်ချက်ထားရှိ" Rueters၊ ၂၀၁၅ ခုနှစ် မေလ ၁၂ ရက်။

[117] ဦးညီညီလွင်ကို ရခိုင်ပြည်နယ်၊ မောင်တောသို့ လွှဲပြောင်းခဲ့ခြင်းမှာ အချိန်ကြာမြင့်စွာ စောင့်ဆိုင်းခဲ့သည့် ရာထူးတိုး ခံရဖို့ လွှဲပြောင်းခဲ့ခြင်းဖြစ်ကြောင်း ကြားသိရသည်။ Naw Say Phaw Waa "ကိုပါကြီးအမှု စုံစမ်းစစ်ဆေးမှု၌ ဝင်ရောက်စွက်ဖက်မှုရှိသည့်အပေါ် ကြောက်ရွံ့မှုများ မြင့်တက်လျက်ရှိ" The Myanmar Times၊ ၂၀၁၅ ခုနှစ် ဇွန်လ ၁၁ ရက်။

[118] ရဲဘက်မှ မေးမြန်းစုံစမ်းမှုမှတ်တမ်းများကို ပြည်လည်သုံးသပ်နိုင်ရန် တရားရုံးသို့ တင်ပြပ့်မည်ဟု ဆိုခဲ့သော်လည်း အမှန်တကယ် တင်ပြခဲ့ခြင်း ရှိမရှိနှင့် ဤအချက်ကို တရားရုံးမှ ထည့်သွင်းစဉ်းစားခဲ့ခြင်း ရှိမရှိ ရှင်းရှင်းလင်းလင်းမရှိခဲ့ဟု အမှုကို စောင့်ကြည့်လေ့လာခဲ့သည့် သတင်းထောက်တစ်ဦးက ဆိုသည်။ (မှတ်သားရန်။ မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင်၏ စုံစမ်းစစ်ဆေးမှု တွေ့ရှိချက်သည် ကိုပါကြီးထိန်းသိမ်းဖမ်းဆီးခံရမှုအကြောင်း မှတ်တမ်းဖိုင်တွဲများကို သင့်တင့်လျောက်ပတ်စွာ သိမ်းဆည်းထားရှိရန် ရဲဘက်မှ ပျက်ကွက်ခဲ့ကြောင်း တွေ့ရှိခဲ့သည်။). ICJ အင်တာဗျူး။ ICJနှင့် သတင်းထောက် လူတွေ့မေးမြန်းခြင်း၊ မြန်မာ၊ ၂၀၁၈ခုနှစ် စက်တင်ဘာလ။

[119] Lun Min Mang, "ကြားနာစစ်ဆေးမှု ပြီးဆုံးသည်နှင့်အမျှ စစ်သားများက သတင်းထောက်ကို မည်သို့မည်ပုံ သတ်ခဲ့ကြောင်း ပြောပြ" ကိုးကားချက် အထက်၌ရှိ။

ပေါ်လွင်ခဲ့သည်။[120]

၂၀၁၅ခုနှစ်၊ ဇွန်လ (၂၃) ရက်နေ့တွင် သတ်ဖြတ်မှု၌ တိုက်ရိုက်ပါဝင်ခဲ့သော စစ်သား(၂)ဦး (ယင်းစစ်သားများကို ကနဦးအစောပိုင်းက စစ်တရားရုံးမှ အပြစ်မရှိကြောင်း တရားသေလွှတ်ခဲ့သည်) အားစစ်မေးနိုင်ခဲ့ခြင်းက သေမှု သေခင်း စုံစမ်းစစ်မေးခြင်းကို အမြင့်ဆုံး/နောက်ဆုံးအဆင့်သို့ ရောက်စေခဲ့သည်။ ဒုတပ်ကြပ် ကျော်ကျော်အောင် နှင့် တပ်သား နိုင်လင်းထွန်းတို့မှ သက်သေခံရာတွင် ထွက်ပြေးဖို့ကြိုးစားရင်း လုံးထွေးသတ်ပုတ်အပြီး တပ်ကြပ်က ကိုပါကြီးကို ပစ်သတ်ခဲ့ကြောင်း သက်သေထွက်ဆိုခဲ့သည်။ ယင်းနေ့၌ပဲ တရားရုံးမှ ကိုပါကြီးသည် စစ်တပ်၏ ထိန်းသိမ်းခြင်းခံရစဉ် သဘာဝမဟုတ်သော အကြောင်းရင်းများဖြင့် သေဆုံးခဲ့ကြောင်း သုံးသပ် ဆုံးဖြတ်ခဲ့ သည်။ [121] သို့သော် ကိုပါကြီးသေဆုံးမှုအတွက် ပြစ်မှုကြောင်းအရ ပြစ်ဒဏ်ထိုက်ခြင်း ရှိ၊မရှိ ကိုမူ မဆုံးဖြတ်ခဲ့။ [122] ဤတွေ့ရှိချက်ကို ကြည့်လျှင်သော်လည်းကောင်း စစ်တရားရုံးမှ စစ်သားများကို တရားသေ လွှတ်ပေးခဲ့သည်ကို ကြည့်လျှင် သော်လည်းကောင်း၊ သေမှုသေခင်းစုံစမ်းစစ်မေးခြင်းနှင့် လုံးဝမဆိုင်ဘဲ နောက်ထပ်လုပ်ဆောင်ရမည့် အချက်များနှင့်ပတ်သက်၍ အာဏာပိုင်များကို အကြံပြုထားခြင်း မရှိကြောင်း ဖော်ပြခဲ့သည်။ ဥပမာ ရဲများအနေ ဖြင့် ပြစ်မှုနှင့်ပတ်သက်၍ နောက်ထပ် စုံစမ်းစစ်ဆေးခြင်းမျိုး အစရှိသဖြင့် ကိုဆို လိုပါသည်။

တစ်ချို့သော ဥပဒေရေးရာ ကျွမ်းကျင်ပညာရှင်များကတော့ ဤသို့ မှတ်ချက်ပြုခဲ့ကြသည်။ တာဝန်ခံမှုနှင့် ကုစားမှုတို့နှင့်ပတ်သက်၍ တရားရုံး၏ *တွေ့ရှိချက်မှာ* ကျေနပ်နှစ်သိမ့်စရာမကောင်းသော်လည်း ပြည်သူ တစ်ယောက *စစ်တပ်ထိန်းသိမ်းထားစဉ်* သေဆုံးမှုကို စုံစမ်းစစ်မေးရခြင်းသည် အလွန်ရှားပါး ထူးခြားသော အပြုအမူတစ်ရပ်ဖြစ်ပြီး အရပ်ဘက်တရားရုံး၌ စစ်သားများက သက်သေအဖြစ် လာရောက်ရခြင်းသည် တစ်ခါမျှမကြုံဖူးသော အဖြစ်မျိုး ဖြစ်ကြောင်း မှတ်ချက်ချခဲ့ကြသည်။ [123] တစ်ခြားသော စောင့်ကြည့်လေ့လာ သူများကလည်း ယင်းအမှုစုံစမ်းဖော်ထုတ်ရေးဖြစ်စဉ်သည် အစိုးရကို ဝေဖန်ခံရမှုမှ ကာကွယ်ပေးရန်အတွက် လုပ်ဆောင်နေသလိုဖြစ်နေပြီး အမှန်တရားပေါ်အောင် ပုံစံဖော် ပြင်ဆင်ခြင်းမရှိသလို ဖြစ်နေသည်ဟု မှတ်ချက်ပြု သုံးသပ်ခဲ့ကြသည်။ [124] တွေ့ရှိချက်များကို ဒေါ်သွန္တာမှ တုံ့ပြန်ရာတွင် သူမ၏ခင်ပွန်းသည်သေဆုံးမှုအတွက် တာဝန်ခံမှုတစ်စုံတစ်ရာ မရှိသည်မှာ လုံးဝ ကျေနပ်စရာမရှိဟု တုံ့ပြန်ခဲ့သည်။ ဆက်လက်၍ သူမက သူမ၏ ရှေ့နေ ဦးရောဘတ်ဆန်းအောင်နှင့်အတူ အဆင့်မြင့် တရားရုံးများမှ တဆင့် ကုစားမှုကို ဆက်လက်တိုက်ယူ သွားမည်ဟု ဆိုခဲ့သည်။[125]

## ၄.၄။ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှ စုံစမ်းစစ်ဆေးခြင်းများ

အောက်တိုဘာလ ၂၀ ရက်နေ့လောက်၌ ကိုပါကြီး ပျောက်ဆုံးနေသောကြောင့် ဒေါ်သွန္တာသည် သူမ၏ခင်ပွန်းသည် မည်သည့်နေရာ၌ ရှိနေသည်ကို သိရှိရန် မွန်ပြည်နယ်သို့ ခရီးထွက်ခဲ့သည်။ အထက်၌ ဖော်ပြခဲ့သလို၊ ဒေါ်သွန္တာမှ ထိုစဉ်၌ ကျိုက်မရော မြို့နယ်ရဲတပ်ဖွဲ့*တွင်* ပထမသတင်းပေးတိုင်ကြားချက် ရေးစေကာ အမှုဖွင့်စေခဲ့သည်။ သူမ၏ခင်ပွန်းသည်အကြောင်း သိရှိရပြီးနောက် ဒေါ်သွန္တာသည် ကျိုက်မရောသို့ ပြန်လာခဲ့သည်။ ပျောက်ဆုံး ကြောင်း ပထမသတင်းပေးတိုင်ကြားချက်ကို ရုတ်သိမ်းခဲ့ပြီး သေဆုံးကြောင်း ပထမသတင်းပေးတိုင်ကြားချက်

---

[120] ICJနှင့် သတင်းထောက် လူတွေ့မေးမြန်းခန်း၊ မြန်မာ၊ ၂၀၁၈ စက်တင်ဘာလ ၃၀ ရက်

[121] Lun Min Mang, "ကြားနာစစ်ဆေးမှု ပြီးဆုံးသည်နှင့်အမျှ စစ်သားများက သတင်းထောက်ကို မည်သို့မည်ပုံ သတ်ခဲ့ကြောင်း ပြောပြ" ကိုးကားချက် အထက်၌ရှိ။

[122] Zarni Mann, 'ကိုပါကြီး အသတ်ခံရသည့် အမှုကို ပိတ်သိမ်း၊ မုဆိုးမအဖြစ်ကျန်ခဲ့သူမှ အယူခံတင်ရန် အခိုင်အမာကြေငြာ' The Irrawaddy၊ ၂၀၁၅ ခုနှစ်ဇွန်လ ၂၃။ Lun Min Mang, "ကြားနာစစ်ဆေးမှု ပြီးဆုံးသည်နှင့်အမျှ စစ်သားများက သတင်းထောက်ကို မည်သို့မည်ပုံ သတ်ခဲ့ကြောင်း ပြောပြ",The Myanmar Times ၂၀၁၅ ဇွန် ၂၅

[123] ရှေ့နေဦးကြီးမြင့်၏ သုံးသပ်ချက်များကို နမူနာအဖြစ် ကြည့်ပါ။ Lun Min Mang, "ကြားနာစစ်ဆေးမှု ပြီးဆုံးသည်နှင့်အမျှ စစ်သားများက သတင်းထောက်ကို မည်သို့မည်ပုံ သတ်ခဲ့ကြောင်း ပြောပြ", The Myanmar Times၊ ၂၀၁၅ခုနှစ်၊ ကိုးကာချက် အထက်၌ရှိ။

[124] ICJ နှင့် သတင်းထောက် လူတွေ့မေးမြန်းခြင်း၊ မြန်မာ၊ ၂၀၁၈ ခုနှစ် စက်တင်ဘာလ ၃၀ ရက်

[125] Zarni Mann, 'ကိုပါကြီး အသတ်ခံရသည့် အမှုကို ပိတ်သိမ်း၊ မုဆိုးမအဖြစ်ကျန်ခဲ့သူမှ အယူခံတင်ရန် အခိုင်အမာကြေငြာ' The Irrawaddy၊ ၂၀၁၅ခုနှစ် ဇွန်လ ၂၃ ရက်။

ဖွင့်ခဲ့ပြန်သည်။ [126] ယင်းပထမသတင်းပေးတိုင်ကြားသည့် နှစ်ကြိမ်စလုံးတွင် ရဲသည် အစကတည်းက အမှုဖြစ်စဉ်အကြောင်းသိရှိခဲ့ပုံရပြီး ပထမအကြိမ် ပထမသတင်းပေးတိုင်ကြားစာကို လက်ခံရန် ငြင်းဆိုခဲ့ပြီး ဒေါ်သန္တာကို မွန်ပြည်နယ်မြို့တော်ရှိ ရဲစခန်းသို့ သွားရောက်ရန် ညွှန်းဆိုခဲ့သေးသည်။[127] ထိုအချိန် သူမအနေဖြင့် ရဲဘက်မှ ပျောက်ဆုံးသေဆုံးမှုအား စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ပါ့မလားဟု အဆိုးမြင်ခဲ့သည်။ ရဲအရာရှိကြီးများသည် စုံစမ်းစစ်ဆေးမှု မလုပ်ဆောင်ရန် အထက်အာဏာပိုင်များမှ ၎င်းတို့အား ညွှန်ကြား ထားကြောင်း သူမကို ပွင့်ပွင့်လင်းလင်း ပြောဆိုခဲ့သည်။[128]

အလောင်းဖော်ရန်အတွက် လိုအပ်သော စီစဉ်မှုများပြုလုပ်ရာတွင် ရဲများက အခန်းကဏ္ဍတစ်ခုကို *တာဝန်ယူ* လုပ်ဆောင်ကြသည်။ သတင်းအချက်အလက်တစ်ချို့ ပေးခြင်းနှင့် ဒေါ်သန္တာအား သယ်ယူပို့ဆောင်ရေး စသည့် အခန်းကဏ္ဍများကို ရဲများမှ တာဝန်ယူကြသည်။ စစ်ဆေးရန်အလောင်းဖော်ယူခြင်းကို မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင်၏ လှုံ့ဆော်မှုဖြင့် ဖော်ယူခဲ့ပြီး တပ်မတော်အဖွဲ့ဝင်များက ထိန်းချုပ်လုပ်ကိုင်ခဲ့သည်။ [129] မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ ၂၀၁၄အစီရင်ခံစာတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ပြစ်မှုဆိုင်ရာ စုံစမ်းစစ်ဆေးရေး ဌာန(CID) မှ ကိုပါကြီး၏ အလောင်းကိုယ်ကို စစ်ဆေးခဲ့ကြောင်း ရေးသားခဲ့သည်။ ရဲစစ်ဆေးမှုများတွင် (CID)၏ အခန်းကဏ္ဍကို နောက်ထပ်ဖော်ပြခြင်း မရှိတော့ချေ။[130] ၂၀၁၅ခုနှစ် ဖေဖော်ဝါရီလထုတ် ဆောင်းပါးတစ်စောင်တွင် ရဲများသည် မျက်မြင်သက်သေပေါင်း (၂၀) ကျော်ကို လူတွေ့ မေးမြန်းခဲ့ကြောင်း ပြည်တွင်းသတင်းမီဒီယာက ဖော်ပြခဲ့သည်။ [131] သို့သော် ရဲဘက်မှ စုံစမ်း စစ်ဆေးခြင်းများနှင့် ကျိုက်မရောမြို့နယ် တရားရုံးမှ စစ်မေးခြင်းများအကြားရှိ ချိတ်ဆက်မှုများသည် မရှင်းမရှင်း ဖြစ်နေခဲ့သည်။ ထို့ပြင် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ စစ်မေးခြင်းလုပ်ငန်း၌ ရဲများ ပူးပေါင်း ပါဝင်ခဲ့သော်လည်း၊ ၎င်းတို့အနေဖြင့် စစ်တရားရုံးဘက်မှ ယင်းအမှုစစ်ဆေးကြားနာခြင်းအား အဆုံးသတ်ခဲ့ သည်ကို သိရှိခဲ့မှု ရှိ/မရှိ ဟူမှုကား ရှင်းလင်းမှု မရှိခဲ့ပေ။ ကျိုက်မရော မြို့နယ်တရားရုံး၌ စစ်မေးခဲ့သော စစ်မေးမှု အပြီး (၂၀၁၅ ခုနှစ် ဇွန်လတွင် ပြီးဆုံးခဲ့သည်) ယင်းအမှုကို ထပ်မံ စစ်ဆေးကြားနာနိုင်မှု ရှိ၊ မရှိ အပေါ် ရဲဘက်မှ မှတ်ချက်ပြု သုံးသပ်ခဲ့ခြင်း မရှိပေ။[132]

ကိုပါကြီးနှင့်ဆိုင်သော ရဲအမှုဖိုင်တွဲသည် ရဲဘက်မှ ပထမသတင်းပေးတိုင်ကြားချက် လက်ခံရရှိသည့် ၂၀၁၄ခုနှစ် အောက်တိုဘာလ/နိုဝင်ဘာလ လောက်ကတည်းမှ ၂၀၁၆ မတ်လထိ ဖွင့်ထားဆဲ ဖြစ်သည်။ ၂၀၁၅ ခုနှစ် ဇွန်လ၌ ကျိုက်မရောမြို့နယ် တရားရုံး၏ စစ်မေးချက်အပေါ် ဆုံးဖြတ်ချက် ချပြီးနောက် ၉ လဝန်းကျင်အကြာတွင် ရဲများသည် သိသာထင်ရှားသော လုပ်ဆောင်မှုမျိုး မလုပ်တော့ပါ။ ထို့ပြင် အမှုအခြေအနေသည် မ*ရှင်းလင်းစွာဖြင့်* ကျန်ရစ်ခဲ့သည်။ ယခု*ကဲ့သို့* ရှင်းလင်းပြတ်သားမှု မရှိခြင်းကို နောက်ဆုံး၌ ၂၀၁၆ခုနှစ် မတ်လ ၂၁ ရက်ရက်စွဲဖြင့်

---

[126] ICJမှ မသန္တာကို တွေ့ဆုံမေးမြန်းခြင်း၊၂၀၁၈ ခုနှစ် စက်တင်ဘာလ ၃၀ ရက်။ ICJ မှ နော်အုန်းလှကို တွေ့ဆုံမေးမြန်းခြင်း၊ ၂၀၁၈ခုနှစ် မေလ ၁၇ ရက်။ Paul Mooney, 'တပ်မတော် သတ်ခဲ့သည် သတင်းထောက်သည် စုကြည်၏ ယခင်က ကိုယ်ရံတော်အစောင့် ဖြစ်ခဲ့သည်။' Rueters ၊ ၂၀၁၄ခုနှစ် အောက်တိုဘာလ ၂၈ရက်။

[127] ICJ မှ နော်အုန်းလှကို တွေ့ဆုံမေးမြန်းခြင်း၊၂၀၁၈ခုနှစ် မေလ ၁၇ ရက်။ ICJမှ မသန္တာကို တွေ့ဆုံမေးမြန်းခြင်း၊ ၂၀၁၈ခုနှစ် စက်တင်ဘာလ ၃၀ရက်။ Paul Mooney, 'တပ်မတော် သတ်ခဲ့သည် သတင်းထောက်သည် စုကြည်၏ ယခင်က ကိုယ်ရံတော်အစောင့် ဖြစ်ခဲ့သည်။' Rueters ၊ ၂၀၁၄ ခုနှစ် အောက်တိုဘာလ ၂၈ ရက်

[128] Paul Mooney, 'တပ်မတော် သတ်ခဲ့သည် သတင်းထောက်သည် စုကြည်၏ ယခင်က ကိုယ်ရံတော်အစောင့် ဖြစ်ခဲ့သည်။'၊ ရိုက်တာသတင်း၊ ၂၀၁၄ခုနှစ် အောက်တိုဘာလ ၂၈ရက် Hanna Hindstrom, 'သတင်းထောက်ကို သတ်ဖြတ်ခြင်းကြောင့် မြန်မာ့ဒီမိုကရေစီ ပြုပြင်ပြောင်းလဲမှုအပေါ် သံသယများစွာ ရှိလာ'၊ Al Jazeera, ၂၀၁၄ခုနှစ် နိုဝင်ဘာလ ၂၅ ရက်။

[129] ကျိုက်မရောမြို့နယ် ရဲက ဒေါ်သန္တာထံသို့ စစ်ဆေးရန်အလောင်းဖော်တော့မည့်အကြောင်း သူမနေထိုင်ရာ ရန်ကုန် အခြေစိုက် ရဲမှတဆင့် သတင်းကို ထပ်ဆင့်လွှင့်ပေးသည်။

[130] မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် အစီရင်ခံစာ၊ စာပိုဒ် ၃၄။ စုံစမ်းစစ်ဆေးရေးဗဟိုဌာနက အလောင်းကို တိုက်ရိုက် စစ်ဆေးခဲ့ခြင်း ရှိ/မရှိ မရှင်းလင်းပါ။

[131] ဤသတင်းအချက်အလက်ကို ဒေါ်သန္တာပေးခဲ့သည်။ တစ်ခါတစ်လေ သူမနေနဲ့ သတင်းမီဒီယာနှင့် အာဏာပိုင်တွေအကြား ဆက်သွယ်ရေးလမ်းကြောင်းကြားခံအဖြစ် ဆောင်ရွက်နေသလို ဖြစ်နေသည်။ San Yamin Aung, "သတ်ဖြတ်ခံရသော သတင်းထောက်အမှုကို တရားရုံး၌ ကြန့်ကြာစေသောကြောင့် တပ်မတော်ကို အပြစ်တင်" The Irrawady ၂၀၁၅ခုနှစ် ဖေဖော်ဝါရီလ ၁၁ရက်။

[132] Lun Min Mang, "ကြားနာစစ်ဆေးမှု ပြီးဆုံးသည်နှင့်အမျှ စစ်သားများက သတင်းထောက်ကို မည်သို့မည်ပုံ သတ်ခဲ့ကြောင်း ပြောပြ" ကိုးကားချက် အထက်၌ရှိ။

ကျိုက်မရောမြို့နယ်ရဲတပ်ဖွဲ့မှ ဒေါ်သွန္တာထံသို့ ထုတ်ပေးသော စာတွင် ရေးသားဖော်ပြခဲ့သည်။ ယင်းအချိန်ကာလ သည် ၂၀၁၅ခုနှစ် နိုင်ဝင်ဘာလ ရွေးကောက်ပွဲပြီးနောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပါတီအတွက် လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဒေါ်သွန္တာ ပြည်ထောင်စုလွှတ်တော်သို့ ဝင်ရောက်ခါစ အချိန်ဖြစ်ပါသည်။[133] ယင်းစာတွင် မော်လမြိုင်ခရိုင်အဆင့် အစိုးရရှေ့နေများနှင့် မွန်ပြည်နယ် ဥပဒေချုပ်ရုံးတို့၏ ညွှန်ကြားချက်အရ ရဲများသည် အမှုကို ပိတ်သိမ်းခဲ့ပြီဖြစ်ကြောင်း ဒေါ်သွန္တာ*အား* အသိပေး အကြောင်းကြားခဲ့သည်။[134] ဆက်လက်၍ *ထို*ဥပဒေအကြံပြုချက် ရရှိပြီးနောက် မြို့နယ်ရဲတပ်ဖွဲ့ဘက်မှ မွန်ပြည်နယ် ရဲရုံးချုပ်၏ အကြံဉာဏ်ကို လှမ်းတောင်းရာတွင် ရုံးချုပ်က အစိုးရရှေ့နေများ၏ အကြံဉာဏ်ကို အတည်ပြုခဲ့ကြောင်း ယင်းစာတွင် ဖော်ပြခဲ့သည်။ ဒေါ်သွန္တာအား အသိပေးအကြောင်းကြားမှုတွင် ယခုလို ဆုံးဖြတ်ရခြင်း၏ ဥပဒေရေးရာရှုဒေါင့်အရ ကျိုးကြောင်းဆီလျော်မှု ရှင်းရှင်းလင်းလင်း ချပြခြင်း မရှိခဲ့ပေ။[135]

လူထုထံသို့ ဤသတင်း ရောက်ရှိသွားရာတွင် နယ်ပယ်အသီးသီးမှ တုံ့ပြန်မှုအမျိုးမျိုးကို ဖြစ်ပေါ်စေခဲ့သည်။ ဥပမာ ပြန်ကြားရေးဝန်ကြီးအသစ် ဦးဖေမြင့်သည် ၎င်းရလဒ်ကို လုံးဝ လက်ခံနိုင်ဖွယ်ရာမရှိကြောင်း ပြစ်တင်ရှုံ့ချခဲ့ပြီး တရားမျှတမှုအတွက် ကူညီသွားမည်ဖြစ်ကြောင်း ကတိပေးခဲ့သည်။ ဒေါ်သွန္တာ၏ရှေ့နေ ဦးရောဘတ်ဆန်းအောင် သည် ဆုံးဖြတ်ချက်ကို မှားယွင်းစွာဆုံးဖြတ်ကြောင်း သမုတ်ခဲ့သည်။[136] ထို့ပြင် ယင်းဆုံးဖြတ်ချက်ကို တရားရုံးအဆင့်ဆင့်သို့ အယူခံသွားမည် ဖြစ်ကြောင်းကိုလည်း ဦးရောဘတ်ဆန်းအောင်က ဆိုခဲ့သည်။[137]

## ၄.၅။ ဗဟိုတရားရုံး သနားခံလွှာ

ကိုပါကြီးသေဆုံးပြီး (၁၈)လ ကြာသောအခါနှင့် နိုင်ငံတော် အာဏာပိုင်များနှင့် နိုင်ငံ၏ အမျိုးသားလူ့အခွင့်အရေး အဖွဲ့တို့မှ တစ်ပြိုင်တည်း တာဝန်ယူလုပ်ဆောင်သည့် လုပ်ထုံးလုပ်နည်း(၄) ခုဖြင့် အဆုံးသတ်ခဲ့ပြီးနောက် ၎င်းသေဆုံးရသည့် အခြေအနေမှန်ကို ဖော်ထုတ်နိုင်ခဲ့ခြင်း မရှိခဲ့ရုံသာမက တာဝန်ခံမှု (သို့မဟုတ်) ကုစားမှုများလည်း မရရှိခဲ့ပေ။ ထို့အတွက်ကြောင့် ဒေါ်သွန္တာနှင့် သူမ၏ရှေ့နေ ဦးရောဘတ်ဆန်းအောင်တို့သည် ၎င်းတို့အမှုအား အဆင့်မြင့်တရားရုံးမှ ပြန်လည်သုံးသပ်ပေးရန်နှင့် အမှုပြန်ဖွင့်ပေးရန် ကြိုးပမ်းခဲ့ကြသည်။ ထိုချိန် သတင်းမီဒီယာများရှေ့၌ ၎င်းတို့၏ သုံးသပ်ချက်များသည် စာချွန်တော် ခေါ်ရန် ရည်ရွယ်ကြောင်း ဖော်ညွှန်းခဲ့ကြသည်။[138] မြန်မာနိုင်ငံတွင် အောက်တရားရုံးများ၏ ဆုံးဖြတ်ချက်များကို တရားရေးမှ ပြန်လည်သုံးသပ်စေရန်မှာ စာချွန်တော်သည် အခရာကျသော ယန္တရားဖြစ်သည်။[139] ၂၀၁၆ခုနှစ် ဩဂုတ်လ တွင် နေပြည်တော်ရှိ ဗဟိုတရားရုံး၌ စာချွန်တော် တင်ခဲ့ပြီး

---

133 ရောဝတီတိုင်း အင်းမီ မဲဆန္ဒနယ်ကို ကိုယ်စားပြုခြင်း

134 ကျိုက်မရောမြို့နယ် ရဲစခန်းမှ ဒေါ်သွန္တာထံသို့ ပေးပို့သော စာ၊ ICJ တွင်ယင်းစာတွဲ ရှိသည်။

135 ကျိုက်မရောမြို့နယ် ရဲစခန်းမှ အမှုကို ၂၀၁၆ခုနှစ် မတ်လ ၁၉ ရက်နေ့၌ ပိတ်ခဲ့သည်။

136 Mizzima, "မြန်မာသည် သတင်းထောက်အသတ်ခံရမှုကို စုံစမ်းစစ်ဆေးခြင်းအား ချောင်ထိုးလိုက်သည်။" ၂၀၁၆ခုနှစ် ဧပြီလ ၆ ရက်။ DVB, "ပါကြီး အမှုကို မွန်ပြည်နယ် ရဲစခန်းမှ ပိတ်သိမ်းလိုက်သည်" ၂၀၁၆ ခုနှစ် ဧပြီလ ၁ ရက်။

137 DVB, "ပါကြီး အမှုကို မွန်ပြည်နယ် ရဲစခန်းမှ ပိတ်သိမ်းလိုက်သည်" အထက်ပါ ကိုးကား၊ Mizzima, "မြန်မာသည်သတင်းထောက်အသတ်ခံရမှုကို စုံစမ်းစစ်ဆေးခြင်းအား ချောင်ထိုးလိုက်သည်။" အထက်ပါကိုးကားချက်။

138 အထက်ပါအတိုင်း။

139 ရှေ့နေဦးရောဘတ်ဆန်းအောင်ကို ဆက်သွယ်ရန် ကြိုးစားခဲ့သော်လည်း၊ ICJ အနေနဲ့ မည်သည့်စာချွန်တော်ကို တင်ခဲ့ကြောင်း မသိရှိခဲ့ရ။ အမိန့်ပေးစာချွန်တော် (သို့မဟုတ်) အမှုခေါ်စေ စာချွန်တော်ကို တင်သွင်းခဲ့တာ ဖြစ်နိုင်သည်။ သို့သော် မြန်မာနိုင်ငံတွင် စာချွန်တော် တင်သွင်းရန် အတားအဆီးကြီးများ ရှိနေသည်။ ဥပမာ ယင်းစိန်ခေါ်မှု၊ အတားအဆီးများ၌ လိုအပ်သော စာရွက်စာတမ်းများ တင်သွင်းရန်နှင့် နေပြည်တော်ရှိ ဗဟိုတရားရုံးမှ လက်ခံရန် ပြင်ဆင်စရိတ်များ ပါဝင်သည်။ ၂၀၁၁ စာချွန်တော်များ လျှောက်ထားရန် လုပ်ထုံးလုပ်နည်း စည်းမျဉ်း၊နည်းဥပဒေများ ကို ကြည့်ရန်။ Melissa Crouch ၏ မြန်မာ့ ဥပဒေ၊ လူ့အဖွဲ့အစည်းနှင့် အကူးအပြောင်း ဆိုသည့် စာအုပ်ပါ "အင်္ဂလိပ်ရိုးရာ ဥပဒေနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေပါ စာချွန်တော်များ- မြန်မာနိုင်ငံရှိ တာဝန်ခံမှု အလားအလာများ" Hart Publishing, ၂၀၁၄၊ စာ-၁၅၅ ကိုလည်း ကြည့်ပါ။ မြန်မာနိုင်ငံရှိ စာချွန်တော် ငါးမျိုးစာရင်းကြည့်ရန်- ICJ, "မြန်မာနိုင်ငံရှိ အထူးစီးပွားရေး ဇုံများနှင့် လူ့အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရန် နိုင်ငံတော်၏ တာဝန်ဝတ္တရား"၊ ၂၀၁၇၊ ဖေဖော်ဝါရီလ၊ စာ-၃၀၊ ဤဝက်ဆိုဒ်၌ ရယူပါ- https://www.icj.org/myanmar-amend-special-economic-zones-law-to-protect-human-rights-new-icj-report/ (Burmese: "မြန်မာနိုင်ငံရှိ အထူးစီးပွားရေးဇုန်များနှင့်

၂၀၁၇ ခုနှစ်တွင် ငြင်းပယ် (သို့မဟုတ်) ပယ်ချခံခဲ့ရသည်။ [140] လက်ရှိ လွှတ်တော်ကိုယ်စားလှယ်ဖြစ်နေသော ဒေါ်သွန္တာသည် ဤဥပဒေလမ်းကြောင်းကို ဆက်လက် ဆောင်ရွက်ထားခြင်း မရှိကြောင်း တွေ့ရသည်။ နောက်ဆုံးတွင် အောင်မြင်မှု မရှိခဲ့သည့် စာချွန်တော်တင်သွင်းခြင်းသည် ကိုပါကြီး သေဆုံးမှုနှင့် ပတ်သက်၍ ပိုမိုကျေနပ်နစ်သိမ့်မှုရနိုင်စေရန်အတွက် နောက်ထပ်လုပ်ဆောင်ခဲ့သည့် တရားရေးအရ အဆုံးသတ် နောက်ဆုံးခြေလှမ်းတစ်ရပ် ဖြစ်ကြောင်း တွေ့ရှိရပါသည်။

လူ့အခွင့်အရေးများကို ကာကွယ်ပေးရမည့် နိုင်ငံတော်၏ တာဝန်ဝတ္တရားများ," https://www.icj.org/wp-content/uploads/2017/05/Myanmar-SEZ-assessment-full-Publications-Reports-Thematic-reports-2017-BUR.pdf) အသေးစိတ်ကြည့်ရန်- ICJ, "မြန်မာနိုင်ငံရှိ တရားရုံးရှေ့တော်သွင်း စာချွန်တော် အမိန့်ဆိုင်ရာ လက်စွဲ"၊ ၂၀၁၆ မေလ၊ ဤဝက်ဆိုဒ်၌ ကြည့်ပါ- https://www.icj.org/myanmar-writ-of-habeas-corpus-can-help-protect-human-rights/ (Burmese: "တရားရုံးရှေ့တော်သွင်းစာချွန်တော် အမိန့်ဆိုင်ရာ လက်စွဲစာအုပ်," https://www.icj.org/wp-content/uploads/2016/06/Myanmar-Handbook-on-Habeas-Corpus-Publications-Reports-thematic-reports-2016-BUR.pdf).

[140] ရှိသော အရင်းအမြစ်အကန့်များကြားမှသော်လည်းကောင်း ရှေ့နေနှင့်ဆက်သွယ်ပြောဆိုနိုင်ခြင်း မရှိသည့် အခြေအနေကြောင့်သော်လည်းကောင်း ICJ သည် ဤလုပ်ငန်းစဉ်အသေးစိတ်နှင့် ဆိုင်သော သတင်းအချက်ကို မဖော်ထုတ်နိုင်ခဲ့ပါ။

# ၁၉၅၉ ခုနှစ်၊ တပ်မတော် အက်ဥပဒေ။
# THE DEFENCE SERVICES ACT, 1959.

၂

(၂) ပုဒ်မခွဲ (၁)၊ အ ပိုဒ် (က)၊ (ခ)၊ သို့တည်းမဟုတ် (ဂ) အရ ဤအက်ဥပဒေကို လိုက်နာရသူတိုင်းသည်၊ မိမိ၏ စစ်မှုထမ်းခြင်း ရပ်စဲလိုက်သည်အထိ၊ နည်းလမ်းတကျ အငြိမ်းစားပေးလိုက်သည်အထိ၊ ထွက်ခွင့်ပေးလိုက်သည်အထိ၊ နုတ်ပယ်လိုက်သည်အထိ၊ အမြဲတန်းထုတ်ပစ်လိုက်သည်အထိ၊ သို့တည်းမဟုတ် ရှုတ်ချ၍ အမြဲတန်း ထုတ်ပစ်လိုက်သည်အထိ၊ ဤအက်ဥပဒေကို လိုက်နာလျက်ရှိရမည်။

၃။ ။ဤအက်ဥပဒေတွင် အကြောင်းအရာနှင့်ဖြစ်စေ၊ ရှေ့နောက်စကားတို့၏ အဓိပ္ပါယ်နှင့်ဖြစ်စေ၊ မဆန့်ကျင်လျှင်—

အဓိပ္ပါယ်ဖော်ပြချက်များ။

(က) "တန်းပြည့်စစ်မှုထမ်းချိန်" ဆိုသည်မှာ၊ ဤအက်ဥပဒေကို လိုက်နာရသူတဦးနှင့် သက်ဆိုင်စေရာ၌၊ အောက်ပါအတိုင်း၊ ထိုသူပါဝင်ဆောင်ရွက်နေသည့်အချိန်ကို ဆိုလိုသည်။

(၁) ရန်သူနှင့်ပြိုင်ဆိုင် တိုက်ပွဲဆင်နွှဲနေသော တပ်ဖွဲ့တဖွဲ့တွင်၊ တွဲဘက်ထားသည့်အချိန်၊ သို့တည်းမဟုတ် ပါဝင်သည့်အချိန်၊ သို့တည်းမဟုတ်

(၂) ရန်သူက လုံးဝသော်၎င်း၊ တစိတ်တဒေသသော်၎င်း၊ သိမ်းပိုက်ထားသော တိုင်းပြည်တပြည်၌ဖြစ်စေ၊ နေရာတခု၌ဖြစ်စေ၊ တိုက်ပွဲဆင်နွှဲနေသည့်အချိန်၊ သို့တည်းမဟုတ် ယင်းထဲသို့သော တိုင်းပြည် တပြည်သို့ဖြစ်စေ၊ နေရာတခုသို့ဖြစ်စေ၊ စစ်ချီတက်ရာ၌ ပါဝင်သည့်အချိန်၊ သို့တည်းမဟုတ်

(၃) နိုင်ငံခြား နိုင်ငံတခုကို သိမ်းပိုက်ထားသော တပ်ဖွဲ့တဖွဲ့တွင် တွဲဘက်ထားသည့်အချိန်၊ သို့တည်းမဟုတ် ပါဝင်သည့်အချိန်။

(ခ) "လေယာဉ်" ဆိုသည့်စကားရပ်တွင် လေယာဉ်ပျံများ၊ ဓါတ်ပုံးပျံများ၊ လေတာခွန် ဓါတ်ပုံးပျံများ၊ လေသင်္ဘောများ၊ စက်မဲ့လေယာဉ်များ၊ သို့တည်းမဟုတ် ... ပါဝင်သည်။

"တန်းပြည့်စစ်မှုထမ်းချိန်"ကို ၁၉၅၉ တပ်မတော်အက်ဥပဒေတွင် အကျယ်တစ်ဝန်း အနက်ဖွင့်ဆိုထားသည်။

## ၅။ တွေ့ရှိချက်များနှင့် အကြံပြုချက်များ

ကိုပါကြီး လုပ်ကြံသတ်ဖြတ်ခံရခြင်း၊ စစ်တပ်မှ ကနဦးပိုင်း၌ အဖြစ်မှန်အား ဖုံးကွယ်ထားခြင်း၊ သေဆုံးမှုအား စုံစမ်းစစ်ဆေးခြင်းနှင့် နောက်ဆုံးတွင် တာဝန်ခံမှုနှင့် ကုစားမှုများ မရရှိခြင်းတို့သည် မြန်မာနိုင်ငံ၌ ဆိုးရွားသော လူ့အခွင့်အရေး ချိုးဖောက်မှုများအတွက် တရားမျှတမှု ရရှိရေး ကြိုးပမ်းရာတွင် စိန်ခေါ်မှု အများအပြားရှိနေကြောင်းကို ပြသနေခြင်း ဖြစ်သည်။ ထို့ပြင် လာမည့်အချိန်များ၌ ထိုသို့ထပ်ခါထပ်ခါ ဖြစ်ပျက်မှုအား တားမြစ်ရန် တောင်းဆိုရာလည်း ရောက်သည်။ ဤအစီရင်ခံစာ၌ အလေးပေး ဖော်ပြထားသကဲ့သို့ပင် ကိုပါကြီးသေဆုံးမှုအတွက် တာဝန်ရှိသော တပ်မတော်မှ စစ်သည်တော်များသည် ယင်းအမှုကိစ္စဖြစ်ပြီးကတည်းမှ နောက်ထပ် လူ့အခွင့်အရေးချိုးဖောက်မှုများတွင် ငြီစွန်းမှု ရှိနေပါသည်။ ပြစ်ဒဏ်ပေးခံရခြင်းမှ ဆက်လက် လွတ်မြောက်နေခြင်းသည် ပြစ်မှုများ ထပ်မံကျူးလွန်ခြင်းကို အားပေး အားမြောက်စွမ်းဆောင်ပေးရာ ရောက်ပါသည်။

ဤအမှုသည် ဥပဒေမဲ့ သတ်ဖြတ်ခြင်းခံရသော အမှုမျိုးအတွက် တရားမျှတမှုရရှိရန် အနည်းဆုံး အဓိက အတားအဆီး (၃) ခုရှိနေကြောင်းကို သာဓကဖော်ပြထားပြီး ယင်းအတားအဆီးများကို အဓိပ္ပါယ်ပြည့်ဝစွာ ဖြေရှင်းနိုင်အောင် ဆောင်ရွက်ရမည့် ခြေလှမ်းများကို အကြံပြုထားသည်။

### ၅.၁။ ပြည်တွင်းဥပဒေများသည် ကြီးလေးသော လူ့အခွင့်အရေး ချိုးဖောက်မှုများအတွက် ပြစ်ဒဏ်ပေးခံရခြင်းမှ ကင်းလွတ်စေသည်။

ကိုပါကြီး လုပ်ကြံသတ်ဖြတ်ခံရမှုကို ပြန်လည်သုံးသပ်ရန် အရပ်ဘက်မှ စတင်လုပ်ဆောင်ခဲ့သည့် လုပ်ငန်းစဉ် (၄)ရပ်မှ လုပ်ငန်းစဉ်တိုင်းသည် ကိုပါကြီးသေဆုံးမှု၌ ပြစ်မှုမကင်းသော စစ်သားများကို လွတ်ငြိမ်းခွင့် ပေးခဲ့သည့် စစ်တရားရုံးမှ စစ်ဆေးရာဖွေမှုကြောင့် လုံးဝ ထိရောက်မှု မရှိခဲ့ပါ။ အမှုစစ်ဆေးကြားနာမှုကို လျှို့ဝှက်စစ်ဆေးကြားနာခဲ့ပြီး မိသားစုဝင်များ၊ အများပြည်သူနှင့် နိုင်ငံဝန်ထမ်းများအား အသိမပေးဘဲ လနဲ့ချီ ဖုံးကွယ်ခဲ့သည်။ အစိုးရရှေ့နေများ၊ ရဲများ၊ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၊ ခရိုင်နှင့် ဗဟိုအဆင့်ရှိ တရားရေးများသည် ၎င်းတို့၏ စုံစမ်းစစ်ဆေးခြင်းများကို ရပ်နားခဲ့သည်။ ရပ်နားခဲ့သည့် အကြောင်းရင်းမှာ ကိုပါကြီးအသတ်ခံရမှု၌ ပါဝင်သော စစ်သားများကို စစ်တရားရုံးမှ တရားသေ လွတ်ပေးခဲ့ခြင်းသည် နောက်ဆုံးအပြီးသတ် ဖြစ်သည် ဟူသော အကြောင်းရင်းပင် ဖြစ်လေသည်။

၂၀၀၈ ဖွဲ့စည်းပုံအခြေခံ ဥပဒေ

၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအရ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား စစ်တရားရုံးများအပေါ်နှင့် ယင်းတရားရုံးများ၏ စီရင်ချက်များအပေါ် အယူခံမှုတို့အားလည်း အပြီးသတ်အာဏာ ကျင့်သုံးခွင့်ပေးထားသည်။ (အပိုဒ် ၂.၂ ကိုကြည့်ရန်) ဗဟိုတရားရုံးအပါအဝင် အရပ်ဘက်တရားရုံးများ၌ အယူခံခွင့်ရှိကြောင်း (သို့မဟုတ်) ပြန်လည်သုံးသပ်ခွင့်ရှိကြောင်း အတိအလင်းဆုံးဖြတ်ပေးသည့် ပြဋ္ဌာန်းချက် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် မပါရှိပါ။ ဤအစီအမံသည် လုံခြုံရေးတပ်ဖွဲ့များအား အရပ်ဘက်အာဏာပိုင်များထံ တာဝန်ခံရမည်ဟူသော တရားဥပဒေ စိုးမိုးရေး အခြေခံမူနှင့်သာမက အမှီအခိုကင်းလွတ်လပ်သော တရားစီရင်ရေး မူများနှင့် ပေါ်ပေါ်ထင်ထင်ကြီး ကိုက်ညီမှုမရှိပါ။ စစ်တရားရုံးများတွင် ကိုယ်ပိုင်အုပ်ချုပ်စီမံပိုင်ခွင့် အလုံးစုံရှိနေခြင်းသည် (အထူးသဖြင့် ပုဒ်မ ၃၄၃ (ခ)တွင် ပြန်လည်သုံးသပ်မှုမှ ကင်းလွတ်ခွင့် ပေးထားသည်) ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၄၇၌ အာမခံထားသည့် အချက်ဖြစ်သော လူအားလုံး ဥပဒေအရ တန်းတူညီမျှ အကာအကွယ်ရပိုင်ခွင့်ရှိသည် ဟူသောပြဋ္ဌာန်းချက်ကို ဆန့်ကျင်လျက် တရားဥပဒေစိုးမိုးရေးကို ထပ်မံ ဟန့်တားလိုက်လေသည်။

ယခုကဲ့သို့ ဖွဲ့စည်းပုံအခြေခံဥပဒေပြဋ္ဌာန်းချက်များ တစ်ခုနှင့်တစ်ခု ဆန့်ကျင်နေမှုကို ဆန်းစစ်ပိုင်ခွင့်ရှိပြီး ၎င်း၏ လုပ်ပိုင်ခွင့်နှင့်အညီ စည်းနှောင်အားရှိသော ဥပဒေအရ အနက်အဓိပ္ပါယ်ပြန်ဆိုနိုင်ခွင့်ရှိသော အဖွဲ့မှာ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၆၊ ၃၂၂(ခ)နှင့် ၃၂၄ တို့အရ ဖွဲ့စည်းပုံအခြေခံ ခုံရုံးတစ်ခုသာ ဖြစ်သည်။ ပြည်ထောင်စု သမ္မတအပါအဝင် နယ်ပယ်အသီးသီးမှ ခေါင်းဆောင်များသည် ထိုသို့အနက်အဓိပ္ပါယ်ဖွင့်ဆိုရန် ခုံရုံးကို တောင်းခံနိုင်

ပါသည်။ [141] (မှတ်ချက်။ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၉၅ (ဂ)နှင့် ၃၄၃ (ခ) တို့တွင် ကာကွယ်ရေးဦးစီးချုပ်နှင့် ဗဟိုတရားရုံးတို့၏ နောက်ဆုံးအပြီးသတ် အမိန့်အာဏာကို ဖော်ပြထားသော်လည်း ၎င်းတို့ စီရင်ခွင့် အသီးသီးအတွင်း ကျရောက်သောကိစ္စများ၌ ဖွဲ့စည်းပုံအခြေခံခုံရုံးသည် ပုဒ်မ ၃၂၄အရ ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့်ဆိုင်သော ကိစ္စများ၌ အမြင့်ဆုံးအမိန့်အာဏာရှိသည်။)

၁၉၅၉ တပ်မတော်အက်ဥပဒေ

ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များ၏ ခက်ခဲရှုပ်ထွေးနေမှုများသည် စစ်တရားရုံး၏ ဆုံးဖြတ်ချက်နှင့် ပတ်သက်၍ အရပ်ဘက်ဦးဆောင်သော လုပ်ငန်းစဉ်များက ထိရောက်စွာ အဆုံးသတ်ခဲ့ပုံကို ပြသနေသည်။ သို့သော် ယခုလို ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ စီမံထားမှုများသည် ကိုပါကြီး အဘယ်ကြောင့် အသတ်ခံရသည်ကို မရှင်းပြပါ။ အရပ်သားဖြစ်သော ကိုပါကြီးကို အရပ်ဘက်အမည်ခံ အာဏာပိုင်များ က စတင်ဖမ်းဆီးခဲ့ပြီး အရပ်ဘက် တရားရုံးများ၌ [142] လူအများရှေ့မှောက် ပြစ်မှုစစ်ဆေးကြားနာရမည့်အစား စစ်တပ်စီရင်ခွင့်အောက် ကျရောက်စေခဲ့သည်။ ကိုပါကြီး အသတ်ခံရမှုကို စုံစမ်းစစ်ဆေး၊ တရားစွဲဆိုခြင်း လုပ်ငန်းစဉ်များအပေါ် စစ်တပ်၏ စီရင်ခွင့်ကို ၁၉၅၉ တပ်မတော်အက်ဥပဒေကို ကိုးကားသုံးသပ်၍ ကျင့်သုံးခဲ့ကြောင်း ယူဆရန် ရှိပါသည်။ ယင်းအက်ဥပဒေ၏ တစ်ချို့သော ပြဋ္ဌာန်းချက်များသည် စစ်သားများမှ အရပ်သားများအပေါ် ကျူးလွန်သော ကြီးလေးသော ပြစ်မှုများအပါအဝင် လုပ်ဆောင်ချက်များကို ခွင့်ပြုထားပြီး စစ်တရားရုံး၌ ကြားနာစစ်ဆေးခွင့် ပေးထားသည်။ (အပိုင်း ၄.၂၌ အသေးစိတ်ဖော်ပြထားသည်)

တပ်မတော်အက်ဥပဒေပါ ဤပြဋ္ဌာန်းချက်များ၏ အကျိုးသက်ရောက်မှုများက စစ်သည်တော်များကို အများပြည်သူရှေ့မှောက် ပြစ်မှုစစ်ဆေးကြားနာခြင်းမှ အကွာအကွယ်ပေးထားပြီး နစ်နာသူများနှင့် ၎င်းတို့၏ မိသားစုဝင်များသည် ယေဘုယျအားခြင့် ယင်းအမှုစစ်ဆေးကြားနားရာ၌ ဝင်ရောက် ပါဝင်နိုင်ခြင်း မရှိပါ (သို့မဟုတ်) ထိရောက်သော ကုစားမှုနှင့်နစ်နာကြေး ရရှိခံစားနိုင်ခြင်း မရှိပါ။  ထို့အပြင် နစ်နာသူများနှင့် ၎င်းတို့၏မိသားစုဝင်များ၊ အများပြည်သူများကို အမှန်တရားမရရှိအောင် တားဆီးထားလေသည်။ အရပ်ဘက်တရားရုံး၌ တရားမျှတမှုဖော်ဆောင်နိုင်ချေ ရှိခြင်းကို ဆိုးရွားစွာ ကန့်သတ်ထားလိုက်သည်။ ရဲများ၊ အစိုးရရှေ့နေများနှင့် တရားရုံးများသည် စစ်တရားရုံးများ၏ သုံးသပ်ဆုံးဖြတ်ချက်ကို နောက်ဆုံးအပြီးသတ်အဖြစ် မှတ်ယူလေ့ရှိကြသည်။ မူလ ၁၉၅၉ တပ်မတော်အက်ဥပဒေ၏ ပြဋ္ဌာန်းချက်ဖြစ်သော စစ်တရားရုံး၌ ကြားနာခဲ့သည့် အမှုကို ပြန်လည်သုံးသပ်စေရန် ပြည်ထောင်စုသမ္မတမှ အမိန့်ပေးပိုင်ခွင့်ကို ၂၀၁၀ခုနှစ်တွင် ဗိုလ်ချုပ်မှူးကြီး သန်းရွှေလက်မှတ်ထားကာ ပယ်ဖျက်ခဲ့သည်။ ထိုသို့ပယ်ဖျက်မှုကြောင့် အရပ်ဘက်ဦးဆောင်သည့် ပြန်လည်သုံးသပ်နိုင်ချေရှိမှုကို ပိတ်ပင်လိုက်သည်။ (အပိုင်း ၂.၂ ကြည့်ရန်)

---

[141] မြန်မာ့ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပုဒ်မ ၃၂၅- "အောက်ဖော်ပြပါ လူပုဂ္ဂိုလ်များနှင့် အဖွဲ့အစည်းများသည် ပြည်ထောင်စု၏ ဖွဲ့စည်းပုံအခြေခံဥပဒေ ခုံရုံး၏ အနက်ဖွင့်ချက်၊ ဆုံးဖြတ်ချက်နှင့် သဘောထားများ ရယူရန် ကိစ္စရပ်များကို တိုက်ရိုက် တင်သွင်းခွင့် ရှိသည်။- (က) သမ္မတ (ခ) ပြည်ထောင်စုလွှတ်တော် နာယက (ဂ) ပြည်သူ့လွှတ်တော ဥက္ကဋ္ဌ (ဃ) အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ (င) ပြည်ထောင်စု တရားသူကြီးချုပ် (စ) ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင် ဥက္ကဋ္ဌ" နှင့် ပုဒ်မ ၃၂၆- "အောက်ဖော်ပြပါ လူပုဂ္ဂိုလ်များနှင့် အဖွဲ့အစည်းများသည်  ပြည်ထောင်စု၏ ဖွဲ့စည်းပုံအခြေခံဥပဒေ ခုံရုံ၏ အနက်ဖွင့်ချက်၊ ဆုံးဖြတ်ချက်နှင့် သဘောထားများ ရယူရန် ဖော်ပြပါ လုပ်ထုံးလုပ်နည်းများနှင့်အညီ ကိစ္စရပ်များကို တိုက်ရိုက် တင်သွင်းခွင့် ရှိသည်။ -(က)  ပြည်နယ် သို့မဟုတ် တိုင်းဒေသကြီး ဝန်ကြီးချုပ် (ခ) တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ် လွှတ်တော် ဥက္ကဋ္ဌ (ဂ) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ (သို့မဟုတ်) ဇုံ ဦးဆောင်အဖွဲ့ ဥက္ကဋ္ဌ (ဃ) ပြည်သူ့လွှတ်တော် (သို့မဟုတ်) အမျိုးသာလွှတ်တော် ကိုယ်စားလှယ်စုစုပေါင်း၏ ၁၀ ရာခိုင်နှုန်းရှိသော ကိုယ်စားလှယ်များ" မှတ်သားရန်- ၂၀၁၁ ခုနှစ်၌ ဖွဲ့စည်းခဲ့သည်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ခုံရုံးသည် ဘယ်တော့အခါမှ ကိုယ်ပိုင်သဘောတူညီချက်ဖြင့် မဆောင်ရွက်ခဲ့ပါ။ ထို့ပြင် ယင်းအာဏာပိုင်များမှ ထိုသို့လုပ်ဆောင်မည်ကိုလည်း စမ်းသပ်လုပ်ဆောင်မှုမရှိခဲ့။

[142] မြန်မာနိုင်ငံရှိ အစိုးရအဖွဲ့အစည်းများအနက် ရဲတပ်ဖွဲ့သည် အထူးသဖြင့် စစ်တပ်နှင့် နီးစပ်ပြီး ယခင်က စစ်တပ်အမိန့်ပေးစနစ်အောက်၌ ကျရောက်ခဲ့ကာ တပ်မတော်နှင့် နီးစပ်သောချိတ်ဆက်မှုရှိသူ စစ်အရာရှိဟောင်းများစွာဖြင့် ဖွဲ့စည်းခဲ့သည်။ သို့သော်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေ စီမံမှုများအရ ၎င်းတို့လုပ်ငန်းများကို ဆောင်ရွက်နေရသည်ကို မကြည့်ပါက ရဲများကိုယ်တိုင် ပြည်သူများဖြစ်သည်ကို ချင့်မြော်မှတ်သား ထိုက်ပါသည်။ နယ်ခြားစောင့် ဒေသများအကြောင်း ဆွေးနွေးချက်အတွက် တစ်ခါတစ်ရံ တပ်မတော်နှင့် အထူးသဖြင့် နီးနီးကပ်ကပ် တာဝန်ထမ်းဆောင်ရသော မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ အစိတ်အပိုင်း၊ ICJ, "ရခိုင်ပြည်နယ်ရှိ လူ့အခွင့်အရေး ဥပဒေနှင့်စပ်လျဉ်း၍ အမေး၊ အဖြေ" ၂၀၁၇၊ နိုဝင်ဘာလ၊ စာ-၉၊ အထက်ကိုးကားချက်။

စစ်တရားရုံးသည် တစ်စုံတစ်ယောက်အား ကြီးလေးသော လူ့အခွင့်အရေးချိုးဖောက်ကြောင်း ပြစ်မှုထင်ရှားစေလျှင်ပင် ပြစ်ဒဏ်သည် ပြစ်မှုနှင့် ကိုက်ညီမှု ရှိသည်မှာ ရှားပါးလှသည်။ ထို့ပြင် တပ်မတော်၏ စစ်ဦးစီးချုပ်သည် ပြစ်ဒဏ်လျှော့ပေါ့ပေးပိုင်ခွင့် အာဏာကို ကျင့်သုံး (နိုင်) သည်။ ဥပမာ ရခိုင်ပြည်နယ်၌ ကျူးလွန်ခဲ့သော လူအစုလိုက်သတ်ဖြတ်ခြင်းအတွက် ပြစ်ဒဏ်ထိုက်သင့်ကြောင်း တွေ့ရှိခဲ့သည့် စစ်သားများ၏ အမှုတွင် ယင်းအာဏာကို ကျင့်သုံးခဲ့သည်။ [143] ဤစီမံမှုများသည် ပြစ်ဒဏ်ပေးခံရခြင်းမှ ကင်းလွတ်မှုကို ဖြစ်ပေါ်စေသည်။ သို့ဖြစ်၍ စုံစမ်းစစ်ဆေးမှုများကို လွတ်လပ်ပြီး သမာသမတ်ကျသော အာဏာပိုင်များမှ အမြဲ စုံစမ်းစစ်ဆေးရမည် ဟူသောအကြောင်းပြချက်များကိုအားကောင်းစေပြီး ဆိုးရွားသော လူ့အခွင့်အရေးချိုး ဖောက်မှုများအတွက် တရားစွဲခြင်းများသည် အရပ်ဘက်တရားစီရင်ရေးစနစ်အတွင်း၌သာ စွဲဆိုသင့်ကြောင်းကို ပိုမိုခိုင်ခန့်အားကောင်းစေလေသည်။

တပ်မတော်အက်ဥပဒေ၏ ပုဒ်မ၃(ကခ)ပါ "တန်းပြည့်စစ်မှုထမ်းချိန်" ဟူသောစကားရပ်ကို အကျယ်တစ်ဝန်း ဖွင့်ဆိုထားမှု မရှိစေသည့်သာမကအဆိုးရွားဆုံးပြစ်မှုများကိုပင် စစ်တရားရုံးများသို့ စီရင်ပိုင်ခွင့် လွှဲပြောင်း စေသည့် အကြောင်းရင်း (ပုဒ်မ ၇၁နှင့် ၇၂) မရှိခဲ့ပါက၊ တပ်မတော်အနေနှင့် ကိုပါကြီးလုပ်ကြံ သတ်ဖြတ် ခံရသည့် အမှုမျိုးတွင် စီရင်ပိုင်ခွင့်ကျင့်သုံးရန် ဥပဒေကြောင်းအရ လုပ်ပိုင်ခွင့် အာဏာရှိကြောင်း မနည်းကြိုးစား ပြောဆိုရပါလိမ့်မည်။ အမှီအခိုကင်းလွတ်လပ်သော (သို့မဟုတ်) နောက်ဆက်တွဲ ဖွဲ့စည်းပုံ အခြေခံဥပဒေ ပြုပြင်ပြောင်းလဲမှု၊ သေစေလောက်အောင် အပြစ်အနာရှိသော ပြဋ္ဌာန်းချက်များကို ဖယ်ရှားခြင်း (သို့မဟုတ်) အခြေခံအားဖြင့် ပြုပြင်မွမ်းမံခြင်းသည် စစ်သားများပါဝင်ပတ်သက်သော ကြီးလေး သော ပြစ်မှုများအား အရပ်ဘက်အာဏာပိုင်များမှ ထိထိရောက်ရောက် စုံစမ်းစစ်ဆေးတရားစွဲဆို အပြစ်ပေး စေနိုင်မည် ဖြစ်သည်။

၂၀၁၄ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ဥပဒေ

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေး ကော်မရှင်မှ လုပ်ဆောင်သော စုံစမ်းစစ်ဆေးမှုသည် အားနည်းချက်များရှိသော်လည်း ကိုပါကြီးသေဆုံးမှုနှင့်စပ်လျဉ်း၍ အမှန်တရား ဖော်ဆောင်ရာတွင် အကူအညီ ဖြစ်စေခဲ့ပြီး အပြုသဘောဆောင်သော အခန်းကဏ္ဍရှိကြောင်း ပြသနေသည်။ စုံစမ်းစစ်ဆေး မှုများ လုပ်ဆောင်ရန်နှင့် ၎င်းတို့၏အကြံပြုချက်များအပေါ် ထပ်ဆင့်ဆောင်ရွက်ရန် ကော်မရှင် နာများ၏ စွမ်းဆောင်ရည်ကို ၂၀၁၄ မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေး ကော်မရှင်ဥပဒေအား ပြုပြင်ပြောင်းလဲခြင်းဖြင့် ထပ်မံတိုးမြင့် ပေးရ ပါမည်။ အထူးသဖြင့် ယင်းဥပဒေ၏ ပုဒ်မ ၃၇ကို ပြုပြင် ပြောင်းလဲရပါမည်။ ယင်းပုဒ်မသည် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်ကို တရားရုံး၌ စစ်ဆေးကြားနာနေသည့် ဖြစ်နိုင်ခြေ ရှိသော လူ့အခွင့်အရေး ချိုးဖောက်မှုများအား စုံစမ်းစစ်ဆေးခြင်းမှ ထိရောက်စွာ ဟန့်တားထားသည်။[144]

## ၅.၂။ စုံစမ်းစစ်ဆေးမှုများသည် နိုင်ငံတကာ ဥပဒေနှင့်စံနှုန်းများကို ပြည့်မီရန် ပျက်ကွက်ခြင်း

ကိုပါကြီးသေဆုံးမှုနှင့် စပ်လျဉ်းပြီး မတူညီသည့် စုံစမ်းစစ်ဆေးမှုများစွာ ပြုလုပ်ခဲ့သော်လည်း ထိရောက်မှုမရှိခြင်းက မြန်မာနိုင်ငံ၏ ယေဘုယျ အနေအထား၊ အထူးသဖြင့် ၂၀၁၁ ခုနှစ်မှ စတင်ပြောင်းလဲလာခဲ့သည့် အုပ်ချုပ်ရေး နှင့် တရားရေး စနစ်ကို ဖော်ပြလျက်ရှိပါသည်။ လူ့အခွင့်အရေးချိုးဖောက်ခံရသည် ဟုဆိုသည့် တူညီသည့် အမှုကိစ္စရပ် တစ်ခုတည်း ကိုပင် တပြိုင်နက်တည်းတွင် မတူညီသော စုံစမ်းစစ်ဆေးခြင်း အမျိုးမျိုးဖြင့် စစ်ဆေးမေးမြန်းကြပြီး ၎င်းတို့အကြားတွင် ရှင်းလင်းသော အပြန်အလှန် ဆက်သွယ်မှုများ မရှိကြပါ။ ထုံးစံအားဖြင့် မီဒီယာ၊ အရပ်ဘက် အဖွဲ့အစည်းများနှင့် အခြားသော သူများ၏ သိသိသာသာ အာရုံစိုက်မှုနှင့် စိစစ်ဖိအားပေးခြင်းကို တုံ့ပြန်ရန်အတွက်သာ အဆိုပါ စုံစမ်းစစ်ဆေးမှုများကို ပြုလုပ် လေ့ရှိပါသည်။ ရလဒ်အားဖြင့် ချိတ်ဆက်မှု အားနည်းပြီး စနစ်မကျသည့် ကိုင်တွယ်ဖြေရှင်းနည်းအားဖြင့် လူ့အခွင့်အရေး ချိုးဖောက်မှုကို စုံစမ်းစစ်ဆေးမှုပြုလုပ်ကြပါသည်။ အဆိုပါ စစ်ဆေးမှုများသည် ဖြစ်ရပ်မှန်ကို ဖော်ပြနိုင်မှုမရှိသည့် အပြင် ထိရောက်သည့် ကုစားမှု၊ လျော်ကြေးရပိုင်ခွင့် (သို့မဟုတ်) ကျူးလွန်သူအား အောင်မြင်စွာ တရားစွဲဆိုနိုင်ခြင်းလည်း မရှိပါ။ အကျိုးဆက်အားဖြင့် စုံစမ်းစစ်ဆေးမှုများသည်

---

143 Shoon Naing and Simon Lewis, "ရိုဟင်ဂျာများကို သတ်ဖြတ်ခဲ့သောကြောင့် ထောင်ချခံရသော မြန်မာစစ်သားများကို တစ်နှစ်မပြည့်ခင် လွတ်ပေးခဲ့" အထက်ကိုးကားချက်။

144 Sean Bain and Jenny Domino, "အချိန်အကြာကြီး နောက်ကျနေပြီဖြစ်သော လူ့အခွင့်အရေးကော်မရှင် ပြုပြင်ပြောင်းလဲရေးအတွက် ယခုပြုပြင်ပြောင်းလဲရန် အချိန်ကျပြီ" Frontier Myanmar, ၂၀၁၉ခုနှစ် နိုဝင်ဘာလ ၁၃ ၇က်။

နိုင်ငံတကာဥပဒေများတွင် ပြဋ္ဌာန်းထားသည့် စံနှုန်းများဖြစ်ကြသည့် မဆိုင်းမတွ၊ ထိရောက်ပြီး မခြွင်းမချန်ဘဲ လွတ်လပ်သမာသမတ်ကျ၍ ပွင့်လင်းမြင်သာမှု အစရှိသည်တို့ကို မပြည့်မီနိုင်ပဲ ဖြစ်လေ့ရှိပါသည်။

ဥပဒေမဲ့သတ်ဖြတ်မှုများကို စုံစမ်းစစ်ဆေးရာတွင် ရဲတပ်ဖွဲ့များ၊ စစ်တပ်ဖက်မှ စုံစမ်းစစ်ဆေးရေး အာဏာပိုင်များသည် အခင်းဖြစ်ပွားရာ နေရာ၌ တွေ့ဆုံမေးမြန်းခြင်း၊ အလောင်းအား ခွဲစိတ်စစ်ဆေးခြင်း အပါအဝင် အခြားသော လုပ်ထုံးလုပ်နည်းများ ပြုလုပ်ရာတွင် ကျင့်သုံးရမည့် အခြေခံမှု များကို လိုက်နာရန် အားနည်းခြင်း (သို့မဟုတ်) ကျင့်သုံးလိုစိတ်မရှိသည်ဟု ယူဆရပါသည်။

ကိုပါကြီး အသတ်ခံရမှုအား စုံစမ်းစစ်ဆေးခြင်းကို ကြည့်ခြင်းအားဖြင့် ပဋိပက္ခဖြစ်ပွားရာဒေသများ သို့တည်းမဟုတ် တည်ငြိမ်မှု မရှိသော ဒေသများ၌ မြန်မာ ရဲတပ်ဖွဲ့၏ တပ်မတော်အပေါ် ကျိုးနွံမှု၊ အဖွဲ့အစည်းဆိုင်ရာ လွတ်လပ်စွာ ရပ်တည်နိုင်စွမ်း မရှိမှု တို့ကို သိသာထင်ရှားစွာ တွေ့ရပါသည်။ တပ်မတော်အရာရှိများထံမှ ဖြစ်နိုင်ချေများသည့် "အထက်မှ" ထုတ်ပြန်သည့် ညွှန်ကြားချက်များသည် ၎င်းတို့၏ ထိရောက်မှုရှိသည့် စုံစမ်းစစ်ဆေးမှု ပြုလုပ်ရန် မလိုလားမှုများနှင့် တိုက်ရိုက် ဆက်စပ်မှု ရှိပါသည်။

အရည်အချင်းပြည့်မီသည့် မှုခင်းဆရာဝန်များမှ အလောင်းကို ခွဲစိတ်စစ်ဆေးရသော်လည်း အဓိကကျသည့် သေဆုံးရသည့် အကြောင်းအရင်းနှင့် သက်ဆိုင်သည့် ကျိုးကြောင်းဆီလျော်သည့် သုံးသပ်ချက်များကို ထိမ်ချန်ထားခဲ့ပါသည်။ ထိုသို့ ချန်လှပ်ထားရာတွင် ညှဉ်းပမ်းနှိပ်စက်ချက်များနှင့် လူသားမဆန် ပြုမူဆက်ဆံ မှုများ ခံရသည်ဟူသော စွပ်စွဲမှုများကို ချေပရန် (သို့မဟုတ်) အတည်ပြုရန် လိုအပ်သည့် အချက်အလက် များအပါအဝင် အခြား ဆက်စပ်သည့် အကြောင်း အရာများ လည်း ပါဝင်ပါသည်။ ထို့ပြင် မှုခင်းဆရာဝန်များမှ ၎င်းတို့၏ တွေ့ရှိချက်များကို ကိုပါကြီး သေဆုံးမှု ဖြစ်ရပ်မှန် ဖြစ်စဉ်အမျိုးမျိုးနှင့် စပ်လျဉ်းသည့် နောက်ခံအနေအ၀၀ကို သရုပ်ပေါ်အောင် ဖော်ပြရန်လည်း ကြိုးပမ်းခဲ့ပုံ မပေါ်ပါ။

အစိုးရ ရှေ့နေများ၊ တရားသူကြီးများ နှင့် မြန်မာနိုင်ငံ လူ့အခွင့်အရေးကော်မရှင်နာများသည် ၎င်းတို့၏ သက်ဆိုင်ရာ ပြဋ္ဌာန်းထားသည့် လုပ်ပိုင်ခွင့်ကို သိသာထင်ရှားစွာ မလုပ်လိုခြင်း (မလိုလားခြင်း)၊ အကောင်အထည် ဖော်ရန် အားနည်းခြင်း (သို့မဟုတ်) မလုပ်နိုင်ခြင်း အစရှိသည် တို့ကတပ်မတော်၏ လွှမ်းမိုးမှုအောက်မှ ဥပဒေ ကြောင်းရသော်လည်းကောင်း၊ ဖွဲ့စည်းပုံအရသော် လည်းကောင်း လွတ်လပ်စွာ ရပ်တည်နိုင်စွမ်း မရှိသည့် အခြေအနေတို့နှင့် ဆက်စပ်လျက်ရှိပါသည် (အပိုင်း ၂.၃ ကိုကြည့်ရန်)။ ရလဒ်အားဖြင့် အစိုးရအဖွဲ့များက စစ်သားများက ဆိုးရွားသည့်ပြစ်မှုများ ကျူးလွန်သော်လည်း ယေဘုယျအားဖြင့် ပြစ်ဒဏ်ပေးခြင်းမရှိပဲ၊ တရားသဖြင့် ဖြစ်စေခြင်းကိုလည်း ပြုလုပ်လေ့မရှိကြပါ။ တို့ကြောင့် တပ်မတော်အား ပြစ်ဒဏ်ပေးခံရခြင်းမှ လွတ်မြောက်ခြင်းကို ခိုင်မာစွာ အမြစ်တွယ်စေပါသည်။

မြန်မာနိုင်ငံ လူ့အခွင့်အရေး ကော်မရှင်၏ အခန်းကဏ္ဍကိုကြည့်မည်ဆိုပါက အထက်တွင် ဖော်ပြခဲ့သည့် ဥပဒေကြောင်းဆိုင်ရာနှင့် ဖွဲ့စည်းပုံ ကန့်သတ်မှုများသည် ကော်မရှင်အား ၎င်း၏ စုံစမ်းစစ်ဆေးရေး လုပ်ပိုင်ခွင့် တစ်ရပ်ကို ပြည့်ပြည့်ဝဝ အားတက်သရော လုပ်ဆောင်နိုင်ခြင်း မရှိစေရန် အတားအဆီးဖြစ်စေပါသည်။ ထို့အပြင် ၎င်းတို့၏အစီရင်ခံစာတွင် အောက်ပါ သတိပြုဖွယ် လိုအပ်ချက်များကို တွေ့ရပါသည်။ နစ်နာသူ၏ မိသားစုဝင် များနှင့် ကောင်းမွန်စွာ ဆက်သွယ်မှု၊ ၎င်းတို့ထံမှ အထောက်အကူပြုသော အကြောင်းအချက်များ ရယူမှု မရှိခဲ့ခြင်း အပါအဝင် စနစ်တကျ ဆန်းစစ်သုံးသပ်မှု မရှိခြင်းနှင့် အထူးသဖြင့် ဖြစ်နိုင်ချေရှိသည့် ညှဉ်းပမ်း နှိပ်စက်ချက်များနှင့် လူသားမဆန် ပြုမူဆက်ဆံသည့် လက္ခဏာများနှင့် ကိုပါကြီး ရဲစခန်းနှင့် စစ်တပ်တွင် ထိန်းသိမ်းခံထားရစဉ်က ကိုပါကြီးအား နှိပ်စက်ခြင်း၊ မမျှတသည့် အင်အားအသုံးပြုခြင်း အခြေအနေများ တွင် အထောက်အထားနှင့် ဖြစ်စဉ်အမှန်ကို ချိန်ညှိမှုမရှိသည်ကိုလည်း တွေ့ရပါသည်။

ကိုပါကြီး အသတ်ခံရမှုတွင် ပါဝင်ပတ်သက်နေသည့် စစ်သားများအား စစ်ခုံရုံးတွင် အမှုစစ်ဆေးစီရင်ရာတွင် အခြေခံကျသော လွတ်လပ်ပြီး ဘက်လိုက်မှုကင်းသည့် စစ်ဆေးမှု ပြုလုပ်နိုင်ခြင်း မရှိခဲ့ကြောင်း ပေါ်လွင်ပါသည်။ ကျူးလွန်သူများအား အပြစ်မရှိ ကြောင်း စီရင်ချက်ချခြင်း (တရားသေလွှတ်ခြင်း)သည် တာဝန်ခံမှု (သို့မဟုတ်) နစ်နာမှုအား ကုစားမှု ပေးရန် ပျက်ကွက်ခဲ့ ယုံမျှမက ဤရလဒ်ကြောင့် အခြားသော ဟစ်တိုင်များတွင်ပါ အဆိုပါ လိုအပ်ချက်များကို ရယူရန် ဟန့်တားလျက် ရှိပါသည်။

များစွာသော လုပ်ငန်းစဉ်များကို အသုံးပြုခြင်းက လက်ခံနိုင်လောက်သည့် ဖြေရှင်းမှုတစ်ခုကို ရရှိရန် သိသာထင်ရှားသည့် အဟန့် အတားတစ်ခုကို ဖြစ်စေခဲ့ပါသည်။ အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း ကိုပါကြီး သေဆုံးမှုနှင့် စပ်လျဉ်း၍ အမျိုးမျိုးသော တရားစွဲဆိုခြင်းများ ပြုလုပ်ခဲ့ကြပြီး တစ်ခါတစ်ရံ ထိုလုပ်ငန်း စဉ်များမှာ တထပ်တည်းကျ လျက်ရှိပါသည်။

မြန်မာနိုင်ငံ လူ့အခွင့်အရေးကော်မရှင်၏ ခိုင်မာ ပြည့်စုံမှုမရှိပဲ မရေရာသည့် စုံစမ်းစစ်ဆေးမှု လျှို့ဝှက်ပြီး အကျဉ်းရုံးဆန်သည့် စစ်ခုံရုံးတွင် အမှုစစ် ဆေးစီရင်မှု အပေါ်ယံဆန်ပြီး အကျိုးမရှိသည့် သေမှုသေခင်း စုံစမ်းစစ်ဆေးမှု နှင့် ရဲတပ်ဖွဲ့များမှ နောက်ဆက်တွဲ စစ်ဆေးမှု မရှိခြင်း အစရှိသည့် အခြေအနေများ အားလုံးကြောင့် ဖြစ်စဉ်တစ်ရပ်လုံးကို ခြုံငုံကြည့်ပါက စုံစမ်းစစ်ဆေးမှုသည် မဆိုင်းမတွ ထိရောက်ပြီး မခြွင်းမချန်ဘဲ လွတ်လပ် သမာသမတ်ကျ၍ ပွင့်လင်းမြင်သာမှု မရှိသည့် အခြေအနေကို တွေ့ရပါသည်။ အထူးသဖြင့် ထိုသို့သော လုပ်ငန်းစဉ် ယန္တာရားအမျိုးမျိုးကို မတူညီသည့် ပုဂ္ဂိုလ်အသီးအသီးမှ အကောင်အထည်ဖော်လျက် ရှိပြီး ၎င်းတို့ အကြားတွင် ချိတ်ဆက်မှုများ (သို့မဟုတ်) အချင်းချင်း ပူးပေါင်း ဆောင်ရွက်ရန် ကြိုးပမ်းမှုများ မရှိသည်ကို တွေ့ရပါသည်။ အဆိုးဆုံးအားဖြင့် နိုင်ငံတကာ ဖိအားပေးမှုများကို တုံပြန်ရန်အတွက် နိုင်ငံတော်သမ္မတ၏ ညွှန်ကြားချက်အရ မြန်မာနိုင်ငံလူ့အခွင့်အရေး ကော်မရှင်မှ စုံစမ်း စစ်ဆေးမှု တစ်ခုပြုလုပ်မည့် အကြောင်းကို ကြေညာချိန်တွင်မှသာ စစ်တပ်မှ စစ်ခုံရုံး တရားစီရင်ရေး လုပ်ငန်းများကို စတင်ခဲ့သည်ဟု ယူဆရပါသည်။ မြန်မာနိုင်ငံ ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် စစ်တပ်နှင့် သက်ဆိုင်သည့် ရပ်တည်ချက်အရ နှင့် မြန်မာနိုင်ငံလူ့အခွင့်အရေး ကော်မရှင်၏ ကန့်သတ်မှုရှိသည့် လုပ်ပိုင်ခွင့်များကို ထောက်ရှုလျှင် ကတိုက်ကရိုက် စီစဉ်ထားသည့် စစ်ခုံရုံး တရားစီရင်ရေးကို ဒိုင်းသဖွယ်ကဲ့သို့ အသုံးပြုခြင်း အားဖြင့် ကျူးလွန်သူများအား အရပ်ဘက် တရားစီရင်မှု မလုပ်နိုင်ရန် လက်ဦးမှု ရယူထားခြင်း ဖြစ်နိုင်သည် ကို အကျိုးသင့် အကြောင်းသင့် စဉ်းစားတတ်သည့် လေ့လာသူတစ်ဦး အနေဖြင့် သုံးသပ်နိုင်ပါသည်။

## ၅.၃။ နစ်နာသူများနှင့် ၎င်းတို့၏မိသားစုဝင်များ၏ အခွင့်အရေးများကို ထည့်သွင်းစဉ်းစားပေးမှု မရှိသလောက် ရှားသည်။

စုံစမ်းစစ်ဆေးမှု များပြုလုပ်စဉ်က အာဏာပိုင်များက သေဆုံးသူ၏ ဇနီးဖြစ်သူ ဒေါ်သန္တာအား ချန်လှပ်ထားခဲ့ကြပါသည်။ တပ်မတော်က ရှေးဦးစွာ သတ်ဖြတ်မှုကို ဖုံးကွယ်ထားခဲ့ပြီး မိသားစုအား အသိပေးခြင်း မရှိပဲ အမှတ်အသားမရှိသည့် သင်္ချိုင်းမြေပုံတွင် မြှုပ်နှံခဲ့ပါသည်။ ထို့နောက် သတ်ဖြတ်မှု အကြောင်း ပေါ်ထွက်လာသည့် အခါမှသာ မီဒီယာများထံသို့ တိုက်ရိုက် ဝန်ခံခဲ့ပြီး ဒေါ်သန္တာအား ခင်ပွန်းသည် သေဆုံးမှုကို နှုတ်ပြော သတင်း၊ အစီရင်ခံစာများမှ တဆင့် သိရှိစေခဲ့ပါသည်။ ကိုပါကြီး သေဆုံးမှုနှင့် စပ်လျဉ်းသည့် စစ်ခုံရုံး စီရင်ချက်ရလဒ်ကို အများပြည်သူနှင့် နိုင်ငံတော် အာဏာပိုင်အများအပြားကဲ့သို့ပင် ဒေါ်သန္တာအားလည်း အကြောင်းကြား အသိပေးခဲ့ခြင်း မရှိပါ။

ကိုပါကြီး ပျောက်ဆုံးနေသည့် အချိန်တွင် ဆက်စပ်အခြေအနေများကို သိထားနိုင်သည့် ကျိုက်မရောမြို့နယ် ရဲတပ်ဖွဲ့ဝင်များ မှလည်း ဒေါ်သန္တာအား မရိုးသားစွာဖြင့် သတင်း ထိမ်ချန်ထားခဲ့ပါသည်။ သူမအား ခင်ပွန်းသည် ပျောက်ဆုံးမှုကို ရှာဖွေ ဖော်ထုတ်ပေးရန် ကူညီမည့်အစား ကျိုက်မရောမြို့နယ် ရဲတပ်ဖွဲ့ဝင်များသည် ထိုသို့ မရှာဖွေနိုင်ရန်အတွက် အခြားသော ရဲစခန်းသို့ သွားစေခြင်း၊ သူမ၏ ပထမသတင်းပေးတိုင်ကြားချက်ကို လက်ခံရန် နာရီပေါင်း များစွာ စောင့်ဆိုင်းစေခြင်း တို့ကို ပြုလုပ်ခြင်းဖြင့် အဟန့်အတား ဖြစ်စေခဲ့သည် ဟု ယူဆရပါသည်။ ဒေါ်သန္တာပြောကြားချက်အရ ဖြစ်ရပ် သုံးခုတွင် မြန်မာနိုင်ငံလူ့အခွင့်အရေး ကော်မရှင်၏ စုံစမ်း စစ်ဆေးရေးအဖွဲ့မှ သူမအား တွေ့ဆုံမေးမြန်းရန် ပြောရာတွင် သူမအတွက် မျှတသည့် တောင်းဆိုချက် တစ်ခုဖြစ်သည့် စိတ်ပိုင်းဆိုင်ရာ အမှီသဟဲရရန် အမျိုးသမီး အဖော်အတူရှိနေချိန်တွင် မေးမြန်းရန် တောင်းဆိုသည်ကို သုံးခါလုံး ပယ်ချခဲ့ပါသည်။ ရလဒ်အားဖြင့် မြန်မာနိုင်ငံလူ့အခွင့်အရေး ကော်မရှင်၏ အစီရင်ခံစာတွင် သူမ၏ သဘောထားအမြင် လုံးလုံးလျားလျား ကင်းမဲ့ လျက်ရှိပါသည်။ [145] အလားတူပင် ကျိုက်မရောမြို့နယ် တရားရုံးတွင် သေမှုသေခင်းကို စုံစမ်းစစ်ဆေးမှ ပြုလုပ်ရန် အစပျိုးခဲ့ချိန်တွင် သက်ဆိုင်ရာ အာဏာပိုင်များမှ ဒေါ်သန္တာအား အကြောင်းကြားခဲ့ခြင်း မရှိသည့်အတွက် အဆိုပါ တရားစွဲဆိုခြင်း လုပ်ငန်းစဉ်ကို နှုတ်ပြောသတင်းများ အရ နောက်ကျမှသာ သိခွင့် ရခဲ့ပါသည်။ ထို့အပြင် ခွဲစိတ်စစ်ဆေးမှု အစီရင်ခံစာအပါအဝင် အဓိက အရေးပါသည့် မှတ်တမ်းများ ကိုလည်း ဒေါ်သန္တာအား ပေးခဲ့ခြင်း မရှိပါ။

နစ်နာသူ၏ မိသားစုဝင်ဖြစ်သည့် ဒေါ်သန္တာ၏ သတင်းရပိုင်ခွင့်ကို ပျက်ကွက်သည့်အပြင် ဤကဲ့သို့ ဒုက္ခသုက္ခရောက်နေ ချိန်တွင် သူမအားဆက်ဆံမှုများက သူမကို ထိခိုက်နစ်နာစေပြီး အချို့သော အခြေအနေများ တွင် အနှောင့်အယှက်

[145] ဒေါ်သန္တာ၏ ပြောကြားချက်အရ မြန်မာနိုင်ငံလူ့အခွင့်အရေး ကော်မရှင်ရှေ့မှောက်သို့ အစစ်ဆေးခံရန်ခေါ်စဉ်က သူမ၏ အမျိုးသမီးမိတ်ဆွေဖြစ်သူ (နော်အုန်းလှ)အား စိတ်ပိုင်းဆိုင်ရာ အမှီသဟဲရရန်အတွက် အတူ အဖော်အဖြစ် ခေါ်ခွင့်ရရန် သုံးကြိမ်တိုင်တိုင် တောင်းဆိုခဲ့ပါသည်။ တောင်းဆိုခဲ့သည့် အကြိမ်တိုင်း အငြင်းပယ်ခံခဲ့ရပြီး တစ်ခါမျှ သူမကိုယ်တိုင် သွားရောက်ထွက်ဆိုနိုင်ခြင်း မရှိခဲ့ပေ။ ICJ နှင့် ဒေါ်သန္တာ လူတွေ့မေးမြန်းခြင်း၊ မြန်မာ၊ ၂၀၁၈ ခုနှစ် စက်တင်ဘာလ။

ပေးရာရောက်ပါသည် (အပိုင်း ၃.၃ ကို ကြည့်ရန်) ။ ဆိုးရွားသည့် လူ့အခွင့်အရေး ချိုးဖောက်မှုများ ဖြစ်ပွားချိန်တွင် နစ်နာသူနှင့် ၎င်း၏ မိသားစုဝင်များအား အနှောင့်အယှက်ပေးခြင်း ဖြစ်လေ့ ဖြစ်ထ ရှိပြီး တစ်ခါတစ်ရံ ယုတ္တိမတန်သည့် တရားစွဲဆိုခြင်း အခြေအနေအားဖြင့်လည်း တွေ့ရပါသည်။[146]

ကိုပါကြီး သေဆုံးမှုတွင် ကုစားမှုရရှိပိုင်ခွင့်၏ အရေးကြီးလှသော အစိတ်အပိုင်းများ ဖြစ်ကြသည့် လျော်ကြေး၊ နစ်နာကြေး၊ ပြန်လည် ထူထောင်မှု၊ ကျေနပ်မှု နှင့် (သို့မဟုတ်) ထပ်မံမဖြစ်ပွားရန် အာမခံမှု အစရှိသည် တို့ကို တစ်ခုမျှဖြည့်ဆည်းပေးနိုင်ခြင်း မရှိခဲ့ပါ။ ဤကဲ့သို့ လူသိများထင်ရှားသည့် ဥပဒေမဲ့ သတ်ဖြတ်ခံရမှု တွင်ပင် မျှတသော တရားစီရင်မှု မရနိုင်ခြင်း၊ တာဝန်ခံမှုနှင့် တရားသဖြင့် ဖြစ်စေမှု မရှိခြင်းတို့က နိုင်ငံ တဝှမ်း တွင် စစ်သားများ ပါဝင်ပတ်သက်နေသည့် ဆိုးရွားသည့် လူ့အခွင့်အရေး ချိုးဖောက်မှုများခံနေရသည့် မိသားစုအများအပြား၏ အတွေ့အကြုံကို ထင်ဟပ်စေပါသည်။

## ၅.၄။ အကြံပြုချက် အနှစ်ချုပ်

(က) **မြန်မာ ရဲတပ်ဖွဲ့အနေဖြင့် ကိုပါကြီး အမှုကို ပြန်ဖွင့်ရန်** -အစိုးရရှေ့နေများနှင့် ချိတ်ဆက် ဆောင်ရွက်ခြင်းအားဖြင့် ယခင်က ပြုလုပ်ခဲ့ခြင်း မရှိသည့် စုံစမ်းစစ်ဆေးမှုများကို မှန်မှန် ကန်ကန် ပြုလုပ်ရပါမည်။ ထိုသို့ဆောင်ရွက်ရာတွင် နိုင်ငံတကာဥပဒေ၊ စံနှုန်းများနှင့်အညီ ကိုပါကြီး သေဆုံးမှုနှင့် သက်ဆိုင်သည့် ပြစ်မှု ကျူးလွန်သူများကို ဖော်ထုတ် နိုင်ရန်နှင့် တရားစွဲဆိုနိုင် ရန် အတွက် ညည်းပမ်းနှိပ်စက်ချက်များနှင့် လူသားမဆန် ပြုမူဆက်ဆံသည့် လက္ခဏာများကို စုံစမ်းစစ် ဆေးရပါမည်။

(ခ) **မြန်မာ အစိုးရအာဏာပိုင်များအနေဖြင့် မွန်ပြည်နယ်နှင့် နိုင်ငံတော် အဆင့်တွင် ကျယ်ပြန့်သည့် ပြန်လည် ဆန်းစစ်ခြင်းတစ်ရပ် လုပ်ဆောင်ရန် ကော်မရှင်တစ်ခု ဖွဲ့သင့်ပါသည်။** အဆိုပါ ဆန်းစစ်မှုကို ပြုလုပ်ရန်အတွက် လွတ်လပ်ပြီး အရည်အချင်း ပြည့်မီသည့် အာဏာပိုင်များ (သို့မဟုတ်) သက်ဆိုင်ရာ နယ်ပယ်၊ နည်းပညာ၊ စုံစမ်းစစ်ဆေးမှု ရလဒ်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များအား တာဝန်ပေး သင့်ပါ သည်။ သို့မှသာ ကိုပါကြီး အသတ်ခံရမှုနှင့် အလားတူ နိုင်ငံတဝှမ်း ဖြစ်ပွား လျက်ရှိသည့် ဖြစ်ရပ်များ အတွက် တာဝန်ခံမှုနှင့် တရားသဖြင့် ဖြစ်စေရန်အတွက် လိုအပ်သော တိကျသည့် ဆောင်ရွက်မှုများ ပြုလုပ်နိုင်ပြီး အဆိုပါ အကြံပြုချက်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် အာမခံနိုင်မည် ဖြစ်သည်။

(ဂ) **အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဦးဆောင်သည့် ဥပဒေပြုများ အနေဖြင့် ၁၉၅၉ ခုနှစ်၊ တပ်မတော် အက်ဥပဒေကို နိုင်ငံတကာ ဥပဒေ၊ စံနှုန်းများနှင့် ကိုက်ညီစေရန် အတွက် ပယ်ဖျက် (သို့မဟုတ်) ပြင်ဆင်သင့်ပါသည်။ ဥပမာအားဖြင့် စစ်သားများမှ ဆိုးရွားသော လူ့အခွင့်အရေးချိုးဖာက်မှုများကို ကျူးလွန်သည့်အခါ အရပ်သား တရားရုံးများတွင်သာ တရားစီရင်ခွင့် ရစေရန် ပြင်ဆင်သင့်ပါသည်။** တရားစီရင်ရေးသည် လွတ်လပ်မှုရှိပြီး မျှတသော တရားစီရင်ခွင့်များ ဆိုင်ရာ နိုင်ငံတကာစံနှုန်းများနှင့်အညီ ကျင့်သုံးသည့် အရည်အချင်းပြည့်မီပြီး ဘက်လိုက်မှုကင်းရှင်းသည့် တရားရုံးများ တွင် စစ်ဆေးစီရင်ပိုင်ခွင့်ရစေရန် ဥပဒေမှ အာမခံပေးသင့်ပါသည်။ တပ်မတော် အက်ဥပဒေ ပုဒ်မ ၃(က)တွင် ဖွင့်ဆိုထားသည့် "တန်းပြည့်တာဝန်" ဟူသော အနက်အဓိပ္ပါယ်ကို အတိအကျ ဖွင့်ဆိုသင့်ပါသည်။ တပ်မတော်အက် ဥပဒေ ပုဒ်မ (၇၁)နှင့် (၇၂)ပါ ဥပဒေဆိုင်ရာ အခြေအမြစ်များအရ စစ်သားများကျူးလွန်သည့် ကြီးလေးသော ပြစ်မှုများကို စစ်တရားတရားရုံးများတွင် စုံစမ်းစစ်ဆေး၊ တရားစွဲဆိုခြင်းအား ပြုလုပ်စေခြင်းအား ပယ်ဖျက်သင့်ပါသည်။ ထို့ပြင် စစ်တရားရုံး များကို ကြီးလေးသော ပြစ်မှုများ အထူးသဖြင့် နိုင်ငံတကာ ဥပဒေအရ ကြီးလေးသော ပြစ်မှုအဖြစ် အကျုံးဝင်သည့် အမှုများအား စစ်ဆေးစီရင်ပိုင်ခွင့် မရှိစေရန် ရှင်းလင်းစွာ ပိတ်ပင်သင့်သည်။ ဤကဲ့သို့ပြင်ဆင်မှုများသည် ရဲတပ်ဖွဲ့ဝင်များ၊ အစိုးရရှေ့နေများ၊ တရားသူကြီးများ နှင့် အခြား သက်ဆိုင်ရာ အာဏာပိုင်များ အနေဖြင့် ၎င်းတို့၏ တာဝန်များဖြစ်သည့် စုံစမ်းစစ်ဆေးရေး၊ တရားစွဲဆိုရေး နှင့် တပ်မတော်အား ပြစ်ဒဏ်ပေးခံရခြင်းမှ လွတ်မြောက်ခြင်းကို အပြစ်ပေးခြင်း၊ ဆိုးရွားသည့် လူ့အခွင့်အရေးချိုးဖောက်မှုများ ထပ်တလဲလဲ ဖြစ်ခြင်းကို ကာကွယ်ရန် အစရှိသည့် ဝတ္တရားများကို ထိထိရောက်ရောက် လုပ်ဆောင်နိုင်စေရန် အရေးပါသည့် ခြေလှမ်း တစ်ရပ် ဖြစ်စေပါသည်။

---

[146] အချို့သောဖြစ်စဉ်များတွင် နစ်နာသူ၊ မိသားစုဝင်များ နှင့် ၎င်းတို့၏ ကိုယ်စားလှယ်များသည် အဆိုအရ လူ့အခွင့်အရေးချိုးဖောက်မှုများအား လူသိရှင်ကြား မီးမောင်းထိုးထောက်ပြမှုများ ပြုလုပ်သည့်အတွက် တရားစွဲဆိုခံရပါသည်။ အထက်တွင် ကိုးကားထားသည့်"တရားမျှတမှု ရယူခြင်း" အမည်ရှိ ICJ၏ အစီရင်ခံစာကို ကြည့်ရန်၊ စာ ၁၆-၁၈၊ ၃၁-၃၂။

(ဃ) **တပ်မတော်အား အရပ်ဘက်အာဏာပိုင်များထံ ဥပဒေအရ တာဝန်ခံစေရန်အတွက် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပြင်ဆင်မှု များကို ပြုလုပ်သင့်ပါသည်။** ဥပမာအားဖြင့် နိုင်ငံ၏ တရားရေးနှင့် အရပ်ဘက်ဆိုင်ရာ အဖွဲ့များအား စစ်တရားတရားရုံးများ၏ ဆုံးဖြတ်ချက်များကို ပြန်လည် သုံးသပ်ခြင်း မပြုနိုင်စေသည့် ပုဒ်မ ၃၄၃(ခ)အား ပယ်ဖျက် သင့်ပါသည်။ အုပ်ချုပ်ရေး အကြီးအကဲများ (သို့မဟုတ်) နိုင်ငံတော်အဆင့် ဥပဒေပြုအာဏာပိုင်များ အနေဖြင့် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပြင်ဆင်မှုများ ပြုလုပ်ခြင်း အားဖြင့်အဆိုပါ ပြုပြင်ပြောင်းလဲမှုများကို စတင်သင့်ပါသည်။

(င) **အဆိုးရွားဆုံး ပြစ်မှုများမြောက်စေသည့် လူ့အခွင့်အရေးချိုးဖောက်မှုများအတွက် တာဝန်ခံမှုနှင့် ကုစားမှုရနိုင်ရန် အတွက် ပြည်ထောင်စုလွှတ်တော်အနေဖြင့် ဥပဒေဆိုင်ရာ နည်းလမ်းများကို ထည့်သွင်းစဉ်းစားသင့်ပါသည်။** ဥပမာအားဖြင့် မြန်မာအမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ လုပ်ပိုင်ခွင့်နှင့် အမှီအခိုကင်းလွတ်လပ်ခြင်းကို ပိုမိုအားကောင်းလာစေရန် လုပ်ဆောင်ခြင်းဖြင့် ၎င်းတို့၏အကြံပြုချက်များ အကောင်ထည်ဖော်မှုကို ဆက်လက် အရေးယူဆောင်ရွက် နိုင်စေပါသည်။

(စ) **စုံစမ်းစစ်ဆေးရေး အာဏာပိုင်များအနေဖြင့် နစ်နာသူနှင့် ၎င်း၏မိသားစုဝင်များနှင့် သက်ဆိုင်သည့် လုပ်ထုံးလုပ်နည်းများ၊ အလေ့အထများအား ပြုပြင်ပြောင်းလဲသင့်သည်။** ၎င်းတို့အား စုံစမ်းစစ်ဆေးရေးတွင် ပါဝင်စေပြီး တိုးတက်မှု အခြေအနေများကိုလည်း အသိပေးရမည် ဖြစ်သည်။ ထိုသို့ပြုလုပ်ရာတွင် ၎င်းတို့အပေါ် အနှောင့်အယှက်များ (သို့မဟုတ်) အခြား လူသားမဆန် ပြုမူဆက်ဆံ မှုများ မကျရောက်စေရန် အကာအကွယ်ပေးရပါမည်။ ဖြစ်နိုင်ပါက သတင်းအချက်အလက် များကို မျှဝေရန်အတွက် မိသားစုဆက်ဆံရေး ကျွမ်းကျင်သူတစ်ဦးအား တာဝန်ပေး သင့်ပါသည်။

(ဆ) **အရပ်ဘက်တရားသူကြီးများ (သို့မဟုတ်) အာဏာပိုင်များမှ စစ်တရားတရားရုံးများ၏ ဆုံးဖြတ်ချက်များကို ပြန်လည်သုံးသပ် နိုင်ရန် အလို့ငှာ ဖွဲ့စည်းပုံအခြေခံဥပဒေ ခုံရုံးသည် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြဋ္ဌာန်းချက် များဖြစ်ကြသည့် ပုဒ်မ ၃၄၃(ခ)နှင့် ပုဒ်မ ၃၄၇ အကြား တစ်ခုနှင့်တစ်ခု ဆန့်ကျင်နေမှုကို ဖြေရှင်းနိုင်ရန် အတွက် ဖိတ်ခေါ်သင့်သည်။** စစ်သားများက ကြီးလေးသော ပြစ်မှုများကို ကျူးလွန်သည့်အခါ စစ်တရားရုံးတွင်သာ စီရင်ပိုင်ခွင့်အာဏာရှိပြီး ပုဒ်မ ၃၄၃(ခ)အရ နစ်နာသူနှင့် ၎င်း၏မိသားစုဝင်များအား အရပ်ဘက်တရားရေးစနစ်တွင် ကုစားမှု ရယူခွင့် မပြုပါ။ ထိုသို့ တားမြစ်ထားခြင်းသည် ပုဒ်မ ၃၄၇တွင် အာမခံထားသည့် "မည်သူ့ကိုမဆို ဥပဒေအရာတွင် တန်းတူညီမျှ အခွင့်အရေး ရရှိစေရမည်။ ထို့ပြင် ဥပဒေ၏ အကာအကွယ်ကိုလည်း တန်းတူညီမျှစွာ ရယူပိုင်ခွင့်ပေးရမည်။" ကို ချိုးဖောက်ရာကျပါသည်။ ပုဒ်မ ၃၄၃ (ခ) ပါ ကာကွယ်ရေးစစ်ဦးစီးချုပ်၏ လုပ်ပိုင်ခွင့်အာဏာသည် ပုဒ်မ ၃၄၇ ပြဋ္ဌာန်းချက်အပေါ် မူတည်နေပြီး၊ ယင်းပုဒ်မ၃၄၇နှင့်စာလျှင် အရေးမပါကြောင်း အပြုသဘောဆုံးဖြတ်ချက်က တပ်မတော် အက်ဥပဒေအပါအဝင် လုပ်ထုံးလုပ်နည်းများနှင့် ဥပဒေများကို ပြုပြင်ပြောင်းလဲရန် အခြေအမြစ် ဖြစ်စေနိုင်ပါမည်။ စစ်တရားရုံးများ၏ ဆုံးဖြတ်ချက်များကို မည်သည့် အရပ်ဘက်တရားရုံး များမှ ပြန်လည်သုံးသပ်နိုင်သည် ဟူသော အခြေခံအကြောင်းအရင်းကိုလည်း သတ်မှတ်ပေးနိုင်ပါသည်။

(ဇ) **အစိုးရအနေဖြင့်** အဖွဲ့ဝင်နိုင်ငံမဖြစ်သေးသည့် နိုင်ငံတကာနိုင်ငံသားအခွင့်အရေးနှင့် နိုင်ငံရေးအခွင့်အရေး ဆိုင်ရာ သဘောတူစာချုပ်၊ ညှင်းပမ်းနှိပ်စက်မှု တိုက်ဖျက်ရေး သဘောတူစာချုပ် နှင့် အခြားသော လူ့အခွင့်အရေး သဘောတူ စာချုပ်များကို လိုက်နာကျင့်သုံးမည့်အကြောင်း လက်မှတ်ရေးထိုးရန် လျင်မြန်စွာ ဆောင်ရွက်သင့် ပါသည်။

(ဈ) **ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ၊ ကုလသမဂ္ဂအဖွဲ့များ၊ အစိုးရမဟုတ်သည့် အဖွဲ့အစည်းများ နှင့် အခြားသော ဖွံ့ဖြိုးရေး အဖွဲ့များ အနေဖြင့် နိုင်ငံ၏ နိုင်ငံတကာ လူ့အခွင့်အရေး ဥပဒေအရ တာဝန်ဝတ္တရားများ နှင့် လူ့အခွင့်အရေး စံနှုန်းမျးကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် အတွက် တရားရေးဆိုင်ရာ ကူညီထောက်ပံ့မှုများကို အသားပေး ပြုလုပ်သင့်ပါသည်။** သို့မှသာ အာဏာပိုင်များအား နိုင်ငံတကာ ဥပဒေ၊ စံနှုန်းများနှင့် အညီ လူ့အခွင့်အရေး ချိုးဖောက်မှုများ အပါအဝင် ပြစ်မှုများကို စုံစမ်းစစ်ဆေး၊ တရားစွဲဆို၊ အပြစ်ပေးမှုများကို ထိရောက်စွာ ပြုလုပ်နိုင် စေရန်အထောက်အကူ ဖြစ်စေနိုင်ပါသည်။ လူ့အခွင်အရေးအခြေပြုမှု မရှိသည့် နည်းပညာ အထောက်အကူများဖြစ်ပါက မတရားမှုကို ပိုမိုအမြစ်တွယ် ရင့်သန်စေပြီး၊ ဒီမိုကရေစီဝါဒ နှင့် ဥပဒေစိုးမိုးရေးဆိုင်ရာ ကျယ်ပြန့်သည့်ပြုပြင် ပြောင်းလဲမှုများကို လျော့ပါးစေပါသည်။

## ၆။ နောက်ဆက်တွဲများ

### ၆.၁။ အခရာကျသော ဖြစ်ရပ်များအား ကာလအလိုက်စဉ်ခြင်း

- ၂၀၁၄ ခုနှစ် စက်တင်ဘာလ ၂၇ ရက် - ကိုပါကြီးသည် သတင်ထောက်တစ်ဦးအနေဖြင့် DKBA တပ်ဖွဲ့များနှင့်အတူ ကျိုက်မရောနယ်မြေတွင် ဖြစ်ပွားသော ထိပ်တိုက်တိုက်ပွဲ သတင်းများကို တင်ပြရန်အတွက် အတူလိုက်ပါသွားခဲ့သည်။
- ၂၀၁၄ခုနှစ် စက်တင်ဘာလ ၃၀ရက် - ရဲတပ်ဖွဲ့မှ ကိုပါကြီးအား ကျိုက်မရောမြို့နယ်တွင် ဖမ်းဆီးကာ စစ်ဆေးမေးမြန်းပြီးနောက်တွင် ၎င်းအား စစ်တပ်၏ ထိန်းသိမ်းမှုအောက်သို့လွှဲပြောင်းလိုက်သည်။
- အောက်တိုဘာလ ၁ရက် - စစ်တပ်ထိန်းသိမ်းမှု အောက်တွင် ကိုပါကြီးအား ဒေသအတွင်းမကြာသေးမီက ဖြစ်ပွားခဲ့သော မီးလောင်ကျွမ်းမှုမှ ပျောက်ဆုံးနေသော လက်နက်များကို ပြန်လည်ရရှိရေးအတွက် ကူညီစေကာ နှိပ်စက်ညှင်းပန်းခြင်းလည်း ခံရကောင်းခံနိုင်သည်။
- ၂၀၁၄ခုနှစ် အောက်တိုဘာလ ၄ ရက် - ကိုပါကြီးအား တပ်မတော်၏စစ်သားနှစ်ဦးမှ ပစ်သတ်ခဲ့သည်။ ၎င်းအကြောင်းချင်းအရာ နှင့် ပတ်သက်၍ ကိုပါကြီး၏ဇနီး ဒေါ်သန္တာအား အကြောင်းကြားခြင်းမရှိပါ။
- ၂၀၁၄ခုနှစ် အောက်တိုဘာလ ၂၀ရက် ( ခန့်မှန်းခြေရက်) - ဒေါ်သန္တာသည် ကျိုက်မရောမြို့နယ် ရဲတပ်ဖွဲ့အား သူမ၏ခင်ပွန်းဖြစ်သူ ပျောက်ဆုံးခြင်း နှင့် ပတ်သက်၍ တိုင်ကြားချက်ဖွင့်ခဲ့သည်။
- ၂၀၁၄ခုနှစ် အောက်တိုဘာရက် ၂၃ရက် - တပ်မတော်သည် ကိုပါကြီး သေဆုံးကြောင်းကို မြန်မာစာနယ်ဇင်းကောင်စီ၏ ကြေညာချက်တစ်ခုအနေဖြင့် ကြေညာခဲ့သည်။
- ၂၀၁၄ အောက်တိုဘာ (၂၅) (ခန့်မှန်းခြေရက်) ဒေါ်သန္တာသည် ကျိုက်မရောမြို့နယ်ရဲတပ်ဖွဲ့အား လူသတ်မှုဖြင့် တိုင်ကြားချက်ဖွင့်ခဲ့သည်။
- ၂၀၁၄ခုနှစ် အောက်တိုဘာလ ၃၀ရက် - ထို့နောက် နိုင်ငံတော် သမ္မတဦးသိန်းစိန်မှ မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင်အား သတ်ဖြတ်မှု နှင့် ပတ်သက်၍ စုံစမ်းစစ်ဆေးရန်ညွှန်ကြားခဲ့သည်။
- ၂၀၁၄ခုနှစ် နိုဝင်ဘာလ ၂ရက် - ကျိုက်မရော မြို့နယ် ရဲတပ်ဖွဲ့မှ အလောင်းကို ပြန်လည်စစ်ဆေးရန်အတွက် အလောင်းပြန်ဖော်ခြင်း အစီအစဉ်ကို ဒေါ်သန္တာအား အသိပေးခဲ့သည်။ ရန်ကုန်ရှိ ရဲများမှ နိုဝင်ဘာလ ၅တွင် အလောင်းအားပြန်လည်ဖော်ရန်အစီအစဉ်ကို ဖက်စ်ဖြင့် သတင်းပို့ခဲ့သည်။
- ၂၀၁၄ခုနှစ် နိုဝင်ဘာလ ၄ရက် - ဒေါ်သန္တာသည် ကျိုက်မရောမြို့နယ်ကို ပြန်လာခဲ့သည်။
- ၂၀၁၄ နိုဝင်ဘာလ ၅ရက် - ကိုပါကြီး အလောင်းအား ဌေးရချောင်း ရွာအနီးရှိ သင်္ချိုင်း ခပ်တိမ်တိမ်မှ ပြန်လည်တူးဖော်ရရှိခဲ့သည်။
- ၂၀၁၄ခုနှစ် နိုဝင်ဘာလ ၆ရက် - အလောင်းအား ခွဲစိတ်စစ်ဆေးခြင်းကို မော်လမြိုင်အထွေထွေဆေးရုံတွင် ပြုလုပ်ခဲ့သည်။
- ၂၀၁၄ခုနှစ် နိုဝင်ဘာလ ၇ ရက်- ကိုပါကြီးအလောင်းအား ရန်ကုန်သို့ပြန်လည်သယ်ယူခဲ့ပြီး သဂြိုလ်ခဲ့သည်။
- ၂၀၁၄ခုနှစ် နိုဝင်ဘာလ ၂၁ရက် - MNHRC ( မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင်) မှ ပဏာမတွေ့ရှိချက်များကို ကြေညာခဲ့သည်။
- ၂၀၁၄ခုနှစ် နိုဝင်ဘာလ ၂၇ရက် - စစ်ဘက်တရားရုံးမှ စစ်သား ၂ ဦးအား ကိုပါကြီးကို သတ်ဖြတ်မှုအတွက် လျှို့ဝှက်စွာ အပြစ်မရှိကြောင်း တရားသေလွှတ်ခဲ့သည် (လအနည်းငယ်အကြာတွင် လူသိရှင်ကြားကြေညာခဲ့သည်။ အောက်တွင် ကြည့်ပါ)
- ၂၀၁၄ခုနှစ် ဒီဇင်ဘာလ ၂ရက် - MNHRC ( မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင်) သည် ၎င်းတို့၏ အစီအရင်ခံစာ အပြည့်အစုံကို ထုတ်ပြန်ခဲ့သည်။
- ၂၀၁၄ခုနှစ် ဒီဇင်ဘာလ ၁၀ရက် - ဒေါ်သန္တာသည် သမ္မတ ဦးသိန်းစိန်အား တရားမျှတမှုရရှိရန်အတွက် စာရေးသား တောင်းဆိုခဲ့သည်။
- ၂၀၁၅ခုနှစ် မတ်လ ၃၀ရက် - ကျိုက်မရောမြို့နယ်တရားရုံးတွင် သေမှုသေခင်းဆိုင်ရာ စုံစမ်းစစ်ဆေးခြင်းကို စတင်ခဲ့သည်။
- ၂၀၁၅ ဧပြီလ ၁၀ရက် - ပထမဦးဆုံး သေမှုသေခင်းဆိုင်ရာ စုံစမ်းစစ်ဆေးမှု ကြားနာခြင်းကို ဒေါ်သန္တာအား အသိပေးအကြောင်းကြားခြင်းမရှိဘဲ ပြုလုပ်ခဲ့သည်။
- ၂၀၁၅ခုနှစ် ဧပြီလ ၃၀ရက် - ဒေါ်သန္တာသည် သေမှုသေခင်းဆိုင်ရာ စုံစမ်းစစ်ဆေးခြင်းအတွက် ပထမဦးဆုံးအကြိမ် တက်ရောက်ခဲ့သည်။
- ၂၀၁၅ခုနှစ် မေလ ၈ရက် - ၂၀၁၄ နိုဝင်ဘာတွင် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်မှ စစ်ခုံရုံး၏

ဆုံးဖြတ်ချက်ကို လူသိရှင်ကြား ထုတ်ပြန်ခဲ့သည်။

- ၂၀၁၅ခုနှစ် ဖွန်လ ၂၃ရက် - စစ်သား ၂ ဦးသည် နောက်ဆုံးစုံစမ်းစစ်ဆေးရေးကြားနာမှုတွင် ကိုပါကြီးသည် လွတ်မြောက်ရန် ကြိုးစားစဉ် သေနတ်ဖြင့် ပစ်သတ်ခံခဲ့ရကြောင်း သက်သေထွက်ဆိုခဲ့သည်။ ကိုပါကြီးသေဆုံးမှုသည် သဘာဝမဟုတ်သော ဖြစ်ရပ်များကြောင့် သေဆုံးခဲ့သည်ဟု ကောက်ချက်ချကာ တရားရုံးမှ အမှုပိတ်သိမ်းခဲ့သည်။
- ၂၀၁၆ခုနှစ် မတ်လ ၆ရက် - ကျိုက်မရော မြို့နယ်ရဲတပ်ဖွဲ့မှ နောက်ထပ် စုံစမ်းစစ်ဆေးခြင်းမရှိဘဲ အမှုအားပိတ်သိမ်းခဲ့သည်။
- ၂၀၁၆ခုနှစ် ဩဂုတ်လ - ဒေါ်သန္တာသည် ပြည်ထောင်စု တရားရုံးချုပ်သို့ စာချွန်တော်အမိန့် လျှောက်ခဲ့သည်။ အဆိုပါ စာချွန်တော်အမိန့် လျှောက်လွှာကို ပယ်ချခဲ့သည်။
- ၂၀၁၉ခုနှစ် အောက်တိုဘာလ ၄ရက် - ငါးနှစ်ကြာပြီးနောက်တွင်လည်း ကိုပါကြီး၏ မတရားသဖြင့်သေဆုံးမှု နှင့်ပတ်သက်၍ မည်သူမှုအပြစ်ရှိကြောင်း မတွေ့ရှိရပါ။

၆.၂။ မြန်မာနိုင်ငံမှ အတည်ပြု လက်မှတ်ရေးထိုးထားသော (သို့မဟုတ်) လက်မှတ်ရေးထိုးထားသော နိုင်ငံတကာလူ့အခွင့်အရေးစာချုပ်များနှင့် အလုပ်သမားဆိုင်ရာ သဘောတူညီချက်များ (အောက်တိုဘာလ ၂၀၁၉)

| သဘောတူစာချုပ် | အတည်ပြုပြဋ္ဌာန်းခြင်း | အာဏာစတင် သက်ရောက်သည် | လိုက်နာကျင့်သုံးရန် (သို့မဟုတ်) လက်မှတ်ရေးထိုးခြင်း |
|---|---|---|---|
| လူမျိုးသုဉ်းသတ်ဖြတ်ခြင်း ရာဇဝတ်မှုအား ကာကွယ်တားဆီးရေးနှင့် အပြစ်ပေးအရေးယူခြင်းဆိုင်ရာ သဘောတူညီချက် | ဒီဇင်ဘာလ ၉ရက် ၁၉၄၈ | ဇန်နဝါရီ ၁၂ ရက် ၁၉၅၁ | မတ်လ ၁၄ရက် ၁၉၅၆ |
| စီးပွားရေး၊ လူမှုရေး နှင့် ယဉ်ကျေးမှု အခွင့်အရေးဆိုင်ရာ နိုင်ငံတကာ သဘောတူစာချုပ် (ICESCR) | ဒီဇင်ဘာလ ၁၆ ရက် ၁၉၉၆ | ဇန်နဝါရီ ၃ရက် ၁၉၇၆ | အောက်တိုဘာလ ၆ရက် ၂၀၁၇ |
| အမျိုးသမီးများအားနည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံ ပပျောက်ရေး သဘောတူစာချုပ် (CEDAW) | ဒီဇင်ဘာလ ၁၈ ရက် ၁၉၇၉ | စက်တင်ဘာလ ၃ရက် ၁၉၈၁ | ဇူလိုင်လ၂၂ရက် ၁၉၉၇ |
| ကလေးသူငယ် အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ် (CRC) | မေလ ၂၅ ရက် ၂၀၀၀ | စက်တင်ဘာလ ၂၈ရက် ၂၀၁၅ | ဇူလိုင်လ ၁၅ ရက် ၁၉၉၁ |
| လက်နက်ကိုင် ပဋိပက္ခတွင် ကလေးများပါဝင်မှုနှင့် ပတ်သက်၍ ကလေးသူငယ် အခွင့်အရေးဆိုင်ရာ ကွန်ဗေးရှင်း၏ နောက်ဆက်တွဲ စာချုပ် | မေလ ၂၅ ရက် ၂ ၀၀၀ | စက်တင်ဘာလ ၂၈ရက် ၂၀၁၅ | စက်တင်ဘာလ ၂၇ရက် ၂၀၁၉[147] |
| ကလေးသူငယ် ပြည့်တန်ဆာများနှင့် ကလေးညစ်ညမ်းပုံများ ရောင်းချခြင်းဆိုင်ရာ၊ ကလေးသူငယ်အခွင့်အရေးဆိုင်ရာ၊ ကွန်ဗေးရှင်း၏ နောက်ဆက်တွဲ ပရိုတိုကော | မေလ ၂၅ ရက် ၂၀၀၀ | ဇန်နဝါရီလ ၁၈ ရက် ၂၀၀၂ | ဇန်နဝါရီလ ၁၆ ရက် ၂၀၁၂ |
| မသန်စွမ်းသူများ၏အခွင့်အရေးဆိုင်ရာ သဘောတူညီချက် (CRPD) | ဒီဇင်ဘာလ ၁၂ ရက် ၂၀၀၆ | မေလ ၃ရက် ၂၀၁၈ | ဒီဇင်ဘာလ ၇ ရက် ၂၀၁၁ |
| နိုင်ငံတကာ အလုပ်သမား အဖွဲ့အစည်း (ILO) အတင်းအဓမ္မ လုပ်အားပေး ခိုင်းစေမှု ဆိုင်ရာ | ဖွန်လ ၂၈ ရက် ၁၉၃၀ | ဖွန်လ ၂၈ ရက် ၁၉၃၀ | မတ်လ ၄ ရက် ၁၉၅၅ |

[147] မှတ်ချက်။ ၂၀၁၇ ဖေဖော်ဝါရီတွင် ICJ မှ ထုတ်ဝေခဲ့သော "မြန်မာနိုင်ငံ၏အထူးစီးပွားရေး ဇုန်များ နှင့် လူ့အခွင့်အရေးများကို ကာကွယ်ရန် နိုင်ငံတော်၏ တာဝန်" အမည်ရှိ အစီရင်ခံစာတွေ မြန်မာနိုင်ငံမှ လက်နက်ကိုင် ပဋိပက္ခတွင် ကလေးများပါဝင်မှု နှင့် ပတ်သက်၍ ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ကွန်ဗေးရှင်း၏ နောက်ဆက်တွဲစာချုပ် ကို ၂၀၁၅ ခုနှစ်တွင် ချုပ်ဆိုခဲ့သည်ဟု မှားထွင်းစွာ ဖော်ပြခဲ့သည်။ အမှန်တကယ်တွင် လက်မှတ်ရေးထိုးခြင်း ကို ၂၀၁၉ ခုနှစ်တွင် သာ ရေးထိုးရန်ဖြစ်သည်။

| | | | |
|---|---|---|---|
| သဘောတူညီချက် | | | |
| နိုင်ငံတကာ အလုပ်သမား အဖွဲ့အစည်း (ILO) လွတ်လပ်စွာ အသင်းအဖွဲ့ ဖွဲ့စည်းခြင်း နှင့် ဖွဲ့စည်းပိုင်ခွင့်ကို ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ သဘောတူညီချက် (ILO) | ဇူလိုင်လ ၉ ရက် ၁၉၄၈ | ဇူလိုင်လ ၄ ရက် ၁၉၅၉ | မတ်လ ၄ ရက် ၁၉၅၅ |
| ကလေးသူငယ် အလုပ်သမားများ အပေါ်အဆိုးရွားဆုံးသော ခိုင်းစေမှုပုံစံများအပေါ် သဘောတူညီချက် | ဇွန်လ ၁၇ ရက်  ၁၉၉၉ | နိုဝင်ဘာလ ၁၉ ရက် ၂၀၀၀ | ဒီဇင်ဘာလ ၁၈ ရက် ၂၀၁၃ |

## Commission Members

March 2020 (for an updated list, please visit www.icj.org/commission)

**President:**

Prof. Robert Goldman, United States

**Vice-Presidents:**

Prof. Carlos Ayala, Venezuela

Justice Radmila Dragicevic-Dicic, Serbia

**Executive Committee:**

Justice Sir Nicolas Bratza, UK

Dame Silvia Cartwright, New Zealand

(Chair) Ms Roberta Clarke, Barbados-Canada

Mr. Shawan Jabarin, Palestine

Ms Hina Jilani, Pakistan

Justice Sanji Monageng, Botswana

Mr Belisário dos Santos Júnior, Brazil

**Other Commission Members:**

Professor Kyong-Wahn Ahn, Republic of Korea

Justice Chinara Aidarbekova, Kyrgyzstan

Justice Adolfo Azcuna, Philippines

Ms Hadeel Abdel Aziz, Jordan

Mr Reed Brody, United States

Justice Azhar Cachalia, South Africa

Prof. Miguel Carbonell, Mexico

Justice Moses Chinhengo, Zimbabwe

Prof. Sarah Cleveland, United States

Justice Martine Comte, France

Mr Marzen Darwish, Syria

Mr Gamal Eid, Egypt

Mr Roberto Garretón, Chile

Ms Nahla Haidar El Addal, Lebanon

Prof. Michelo Hansungule, Zambia

Ms Gulnora Ishankanova, Uzbekistan

Ms Imrana Jalal, Fiji

Justice Kalthoum Kennou, Tunisia

Ms Jamesina Essie L. King, Sierra Leone

Prof. César Landa, Peru

Justice Ketil Lund, Norway

Justice Qinisile Mabuza, Swaziland

Justice José Antonio Martín Pallín, Spain

Prof. Juan Méndez, Argentina

Justice Charles Mkandawire, Malawi

Justice Yvonne Mokgoro, South Africa

Justice Tamara Morschakova, Russia

Justice Willly Mutunga, Kenya

Justice Egbert Myjer, Netherlands

Justice John Lawrence O'Meally, Australia

Ms Mikiko Otani, Japan

Justice Fatsah Ouguergouz, Algeria

Dr Jarna Petman, Finland

Prof. Mónica Pinto, Argentina

Prof. Victor Rodriguez Rescia, Costa Rica

Mr Alejandro Salinas Rivera, Chile

Mr Michael Sfard, Israel

Prof. Marco Sassoli, Italy-Switzerland

Justice Ajit Prakash Shah, India

Justice Kalyan Shrestha, Nepal

Ms Ambiga Sreenevasan, Malaysia

Justice Marwan Tashani, Libya

Mr Wilder Tayler, Uruguay

Justice Philippe Texier, France

Justice Lillian Tibatemwa-Ekirikubinza, Uganda

Justice Stefan Trechsel, Switzerland

Prof. Rodrigo Uprimny Yepes, Colombia

**International
Commission
of Jurists**

P.O. Box 91
Rue des Bains 33
CH 1211 Geneva 8
Switzerland

**t** +41 22 979 38 00
**f** +41 22 979 38 01
www.icj.org